# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၀၇၄)


# Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေး တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဂျပန်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပမည့် Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ယနေ့ ည ၁၀ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**အဖွဲ့ဝင်အဖြစ် လိုက်ပါ**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် တို့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

သတင်းစဉ်

# စာပေသည် လူအများကို အသိပညာ ဗဟုသုတနှင့် ဉာဏ်အမြော်အမြင်များ တိုးပွားအောင် ဖန်တီးပေး စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြီးမားစွာ အထောက်အကူပြုနိုင်

**စာပေညီလာခံ (၂၀၁၇) သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့် သဝဏ်လွှာ**

**ချစ်ခင်လေးစားအပ်ပါသော စာပေပညာရှင်များ၊**

**စာပေကို ချစ်မြတ်နိုးသော ဧည့်သည်တော်များရှင် -**

ဒီကနေ့ မြန်မာစာပေအဖွဲ့အစည်း (၁၁)ခုက ဦးဆောင်စီစဉ်ကျင်းပတဲ့ စာပေညီလာခံကြီးကို တက်ရောက်လာကြတဲ့ စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ထုတ်ဝေသူနဲ့ စာပေပညာရှင်များ၊ စာပေချစ်မြတ်နိုးသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

စာပေ၊ ရုပ်ရှင်၊ ဂီတစတဲ့ အနုပညာရပ်များဟာ လူသားများ နှစ်သက်မြတ်နိုးကြတာနဲ့အမျှ လူ့အဖွဲ့အစည်းအပေါ်မှာလည်း လွှမ်းမိုးသက်ရောက်မှု ကြီးမားကြပါတယ်။ အထူးသဖြင့် စာပေဟာ လူတို့ရဲ့စိတ်နှလုံးများကို ပြုပြင်ပြောင်းလဲစေနိုင်သလို လူအများကို အသိပညာ ဗဟုသုတနဲ့ ဉာဏ်အမြော်အမြင်များ တိုးပွားအောင်လည်း ဖန်တီးပေးနိုင်စွမ်း ရှိပါတယ်။ ဒါကြောင့်မို့လို့ တိုင်းပြည်တစ်ပြည်ရဲ့စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဟာ အဲဒီတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြီးမားစွာ အထောက်အကူ ပြုနိုင်တယ်လို့ ယုံကြည်ခြင်းဖြစ်ပါတယ်။

ဒီကနေ့အချိန်ဟာ ကျွန်မတို့အနေနဲ့ နိုင်ငံသူ နိုင်ငံသားများ လိုလားတောင့်တတဲ့၊ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့အတွက် ပြည်သူနဲ့အတူ လက်တွဲဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုတွေ အမျိုးမျိုးကိုလည်း ကျော်လွှားရမှာဖြစ်ပါတယ်။ ဒီအချိန်အခါမျိုးမှာ ပြည်ထောင်စုကို တည်ဆောက်ကြမယ့် နိုင်ငံသူ နိုင်ငံသားတွေ အသိပညာနဲ့ စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်စေဖို့ စာကောင်းပေမွန်များ ရေးသားပြုစုပေးမယ့် စာပေပညာရှင်များရဲ့အခန်းကဏ္ဍဟာ အထူးအရေးကြီးကြောင်း ပြောကြားလိုပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁




မြန်မာ့အလင်း

# ဗဟိုဘဏ်၏ နိုင်ငံခြား ဘဏ်ခွဲများဆိုင်ရာ ညွှန်ကြားချက်

ဗဟိုဘဏ်က ဒီဇင်ဘာလ ၈ ရက် နေ့စွဲဖြင့် နိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲများနှင့်သက်ဆိုင်သော ညွှန်ကြားချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ညွှန်ကြားချက်အရ နိုင်ငံခြားဘဏ်ခွဲများအား ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များအတွက် လက်လီဘဏ်လုပ်ငန်းဝန်ဆောင်မှု နှစ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံခြားဘဏ်ခွဲများသည် ပို့ကုန်ချေးငွေ ဖြည့်ဆည်းခြင်း (Export Financing ) အပါအဝင် ပို့ကုန်လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော ဘဏ်ဝန်ဆောင်မှုလုပ်ငန်း (Related Banking Services for Export Financing) များကို ဆောင်ရွက်ခွင့် ရရှိတော့မည် ဖြစ်ပါသည်။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပပို့ကုန်တိုးမြှင့်ရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်ပါသည်။ ပြည်ပပို့ကုန် တိုးမြှင့်မည်ဆိုပါက တင်ပို့မည့်ကုန်ပစ္စည်းတို့၏ အရည်အသွေးသည် နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်ရောင်းချနိုင်သော အရည်အသွေးမျိုးရှိရမည် ဖြစ်ပါသည်။ ထို့မှုမက ပြည်ပပို့ကုန်များအား ဝယ်ယူမည့်ဈေးကွက်ကိုလည်း ရှာဖွေနိုင်စွမ်းရှိရမည် ဖြစ်ပါသည်။ ဤသို့သော ပြည်ပဈေးကွက်ကို ရှာဖွေရာ၌ ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အခြားနိုင်ငံများရှိ လုပ်ငန်းရှင်တို့နည်းတူ ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို တန်းတူရရှိရမည် ဖြစ်ပါသည်။ သို့မှသာ ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များသည် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်စွမ်းရှိမည် ဖြစ်ပါသည်။ ဗဟိုဘဏ်၏ ဒီဇင်ဘာ ၈ ရက် ညွှန်ကြားချက်သည် ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်တို့၏ အရေးကြီးသော အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းလိုက်ခြင်း ဖြစ်ပါသည်။

တိုင်းပြည်၏ ဖြတ်သန်းခဲ့သော သမိုင်းကြောင်းအရ ပြည်တွင်းဘဏ်လုပ်ငန်းများသည် နိုင်ငံတကာဘဏ်လုပ်ငန်းတို့နှင့်တန်းတူ ယှဉ်ပြိုင်လုပ်ကိုင်ရန်လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များသည် နိုင်ငံတကာအဆင့်ရှိသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုတို့ကို လိုအပ်လျက်ရှိပါသည်။ ဗဟိုဘဏ်၏ ဒီဇင်ဘာ ၈ ရက် ညွှန်ကြားချက်မတိုင်မီအချိန်အထိ ပြည်တွင်းရှိ နိုင်ငံခြားဘဏ်ခွဲများသည် ပြည်တွင်းလုပ်ငန်းရှင်များအား လက်လီဘဏ်လုပ်ငန်း ဆောင်ရွက်ပေးခွင့်မရှိပါ။ သို့သော် ယခုအခါ ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များသည် နိုင်ငံတကာအဆင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ရရှိခံစားနိုင်တော့မည် ဖြစ်ပါသည်။

ဤကဲ့သို့ နိုင်ငံတကာအဆင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ရယူခံစားမည်ဆိုပါက ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာအဆင့် စာရင်းအင်းအချက်အလက်တို့ ထားရှိနိုင်ရေးနှင့် နိုင်ငံတကာအဆင့် လုပ်ငန်းစီမံခန့်ခွဲမှုတို့ကို ဖော်ဆောင်လုပ်ကိုင်ပေးရမည် ဖြစ်ပါသည်။ ထိုသို့သော ဖော်ဆောင်လုပ်ကိုင်မှုတို့ကို အင်ပြည့်အားပြည့် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၊ စီးပွားရေးအဖွဲ့အစည်းများနှင့် စီးပွားရေး လုပ်ငန်းရှင်တို့က လက်တွဲညီညီပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သို့မှသာ ဗဟိုဘဏ်၏ ဒီဇင်ဘာ ၈ ရက်ညွှန်ကြားချက်သည် ပြည်ပပို့ကုန် တိုးမြှင့်ခြင်းနှင့်အတူ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ရာနှုန်းပြည့်တွန်းအားကောင်းတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ သံအမတ်ကြီးတို့ တွေ့ဆုံ

**ဘားအံ ဒီဇင်ဘာ ၁၂**

ကရင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်နှင့် ရန်ကုန်မြို့အမေရိကန်သံရုံးမှသံအမတ်ကြီး H.E.Mr. Scot Marciel တို့သည် ဒီဇင်ဘာ ၁၁ ရက်က ကရင်ပြည်နယ် ဘားအံမြို့ရှိပြည်ထောင်စုရိပ်သာ၌ တွေ့ဆုံကြကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရန်ကုန်မြို့အမေရိကန်သံရုံးမှ သံအမတ်ကြီး ဦးဆောင်သော လေးဦးအဖွဲ့အား လက်ခံတွေ့ဆုံကြရာတွင် သံအမတ်ကြီး H.E.Mr.Scot Marciel က ယခုလိုနောက်တစ်ကြိမ်ပြန်လည် တွေ့ဆုံခွင့်ပေးသည့်အတွက် ဝန်ကြီးချုပ်အား ကျေးဇူးတင်ရှိကြောင်း၊ ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုပြပွဲများ၊ လျှပ်စစ်မီးအတွက် စီမံကိန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးကဏ္ဍတွင် သံတောင်ဒေသထွက်ကော်ဖီအား နိုင်ငံခြားခရီးသွားများအား အသင့်သောက်သုံးနိုင်စေမည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးနိုင်စေရန်၊ တိုင်းရင်းသားရိုးရာအဝတ်အထည်များကို ဂျပ်ခုတ်လုပ်ငန်းဖြင့် လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံများဖြင့် ပြည်နယ်အတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး လိုအပ်သည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ထင်သာမြင်သာ ပြုပြင်စရာ

## ရှေးမြန်မာဘုန်းကြီးကျောင်းဆောင်အား ရှေးမူမပျက်ပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် အုတ်ဖိုကန်အုပ်စု အုတ်ဖိုကန်ကျေးရွာရှိ သက်တမ်းနှစ် ၁၀၀ ကျော်ရှေးဟောင်း ကျောင်းတော်ကြီးအား ရှေးမူမပျက် ထိန်းသိမ်းပေးရန် ဒေသခံပြည်သူများ မျှော်လင့်နေကြောင်း သိရသည်။

"မလှိုင်မြို့နယ်ရှိ အုတ်ဖိုကန်ကျောင်းတော်ကြီးမှာ ခန့်မှန်းပေ ၁၀၀ ကျော်ပတ်လည်ရှိပြီး ကျွန်းတိုင်ပေါင်း ၁၀၈ တိုင်ရှိပြီး အုတ်လှေကားသုံးခုရှိပါတယ်၊ သုံးခုစလုံး ပျက်စီးနေပါတယ်၊ ဟိုအရင်နှစ်မိုးရာသီက ဆွမ်းစားဆောင် ပျက်စီးသွားပါတယ်၊ ကျောင်းဆောင်မှာရှိတဲ့ ဆွမ်းစားဆောင်ကို ရှေးမူမပျက်ပြင်ဆင်ဖို့ ဆန္ဒရှိကြပါတယ်၊ ကျောင်းဆောင်တစ်ခုလုံးက ရှေးကလက်ရာတွေဖြစ်လို့ ပန်းကနုတ်တွေ ပြည့်နေပါတယ်၊ အဲဒါကြောင့် တာဝန်ရှိတဲ့သူတွေ ပြုပြင်ပေးပါက ရှေးဟောင်းအဆောက်အအုံတွေကို နောင်လာနောက်သားတွေ သိရှိလေ့လာနိုင်မှာ ဖြစ်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

"ကျောင်းဆောင်ကြီးရဲ့ပင်မအဆောင်က ၉× ၁၃ ပေရှိပြီး ခန်းဖွင့်က ၆×၇ ပေရှိတယ်၊ ဆွမ်းစားဆောင်က ၁၆× ၂၁ ပေရှိပါတယ်၊ ခုတော့ဆွမ်းစားဆောင်က အမိုးအကာအကုန်ပျက်စီးနေပါပြီ၊ ဦးပဥ္စင်းတို့အနေနဲ့ ဒီလိုတန်ကြေးမဖြတ်နိုင်တဲ့ ရှေးမြန်မာမှု အနုပညာအမွေအနှစ်တွေ မပျောက်ပျက်အောင် ရှေးမူအတိုင်း ထိန်းသိမ်းစေချင်ပါတယ်"ဟု ဆရာတော်က မိန့်ကြားသည်။ မလှိုင်မြို့နယ် အုတ်ဖိုကန်ကျေးရွာတွင် တည်ရှိသည့် ကျောင်းတော်ကြီးမှာ ရှေးဟောင်းကျောင်းဆောင်ကြီးဖြစ်ပြီး ထိုကျောင်းဆောင်ကြီးအား ရှေးမူမပျက်ပြုပြင်ပြီး မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ်များအား ထိန်းသိမ်းပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၂-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၆ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၉ ・ ၆ |
| ထိုင်း | တစ်ဘတ် | ၄၁ ・ ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၈ |
| တရုတ် | တစ်ယွမ် | ၂၀၆ ・ ၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၄ ・ ၇ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## မြန်မာ့ရုပ်မြင်သံကြား ၁၃-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၀၀ - **Breakfast News**
- ၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့လုပ်ဆောင်ချက်များ (၁၁)**
- ၉း၁၀ - **အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာကလေးရုပ်သံပွဲတော်နှင့် ပတ်သက်သည့် တွေ့ဆုံမေးမြန်းခန်း** (အပိုင်း-၁)
- ၁၁း၀၅ - **အဓိပတိလမ်းမပေါ်မှ လူငယ် တို့၏ အားမာန်များ**
- ၁၄း၃၅ - **ငြိမ်းချမ်းရေး ဂီတပွဲတော် Grand Final ထုတ်လွှင့်မှုအစီအစဉ် (တတိယပိုင်း)**

**ညပိုင်း**

- ၁၆း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့လုပ်ဆောင်ချက်များ (၁၂)**
- ၁၇း၁၀ - **ASEAN Business Awards 2017 Woman of the year for Myanmar** (ထက်ရည်ဝင်းနှင့် တွေ့ဆုံခြင်း)
- ၁၇း၂၅ - **အပြည်ပြည်ဆိုင်ရာ အစားအစာပွဲတော်** (၂၀၁၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ ကလေးရုပ်သံပွဲတော်နှင့် ပတ်သက်သည့် တွေ့ဆုံမေးမြန်းခန်း** (အပိုင်း-၂)

❀ *ရှေ့ဖုံးမှ*

**တာဝန်သိမှုကို သတိပြု**

ဒီကနေ့ နိုင်ငံအနှံ့အပြားက စာပေပညာရှင် တစ်ထောင်ကျော် တက်ရောက်ပြီး ခေါင်းစဉ်ပေါင်း ၅၀ ကျော်နဲ့ ဆွေးနွေးကြမယ့် စာပေညီလာခံကြီးမှာ "လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ" ဆိုတဲ့ ညီလာခံဆောင်ပုဒ်နဲ့အညီ စာပေပညာရှင်တို့ လွတ်လပ်စွာ ဆွေးနွေးတိုင်ပင်ကြပြီးနောက်မှာ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အဲဒီကတစ်ဆင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးမယ့် လုပ်ငန်းလမ်းညွှန်များ၊ အစီအစဉ်ကောင်းများ ချမှတ်နိုင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ "လွတ်လပ်ခြင်းသည် လက်လွတ်စပယ် ပြောဆိုရေးသားခြင်း မဟုတ်" ဆိုတဲ့ တာဝန်သိမှုကိုလည်း သတိပြုစေချင်ပါတယ်။

## "ယခုကျင်းပမယ့် ညီလာခံကြီးကနေ စာပေရဲ့မွန်မြတ်တဲ့ တန်ဖိုးများကို ဖော်ထုတ်မြှင့်တင်ပြီး စာပေသမားများအနေနဲ့ နိုင်ငံသူ နိုင်ငံသားတို့ အသိပညာရေ စိတ်ဓာတ်များပါ ဖွံ့ဖြိုးတိုးတက်စေမယ့် စာကောင်းပေမွန်များ ပိုမိုတိုးတက် ရေးသား ပြုစုကြရေးသာမက ယနေ့ မြန်မာပြည်သူအများ လိုလားတောင့်တတဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်နိုင်ငံလုံး ကြိုးပမ်းဆောင်ရွက်ကြရာမှာ စာပေပညာရှင်များအနေနဲ့လည်း မိမိတို့ရဲ့ အနုပညာ၊ အတတ်ပညာ စွမ်းအားများနဲ့ ထိရောက်စွာ ဝိုင်းဝန်းပါဝင်ရေးအတွက်ပါ ဦးဆောင်လမ်းပြ ပေးနိုင်လိမ့်မယ်လို့ ယုံကြည်"

**ဦးဆောင်လမ်းပြပေး**

သည့်အပြင် ယခုကျင်းပမယ့် ညီလာခံကြီးကနေ စာပေရဲ့မွန်မြတ်တဲ့ တန်ဖိုးများကို ဖော်ထုတ်မြှင့်တင်ပြီး စာပေသမားများအနေနဲ့ နိုင်ငံသူ နိုင်ငံသားတို့ အသိပညာရေ စိတ်ဓာတ်များပါ ဖွံ့ဖြိုးတိုးတက်စေမယ့် စာကောင်းပေမွန်များ ပိုမိုတိုးတက်ရေးသား ပြုစုကြရေးသာမက ယနေ့ မြန်မာပြည်သူအများ လိုလားတောင့်တတဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်နိုင်ငံလုံး ကြိုးပမ်းဆောင်ရွက်ကြရာမှာ စာပေပညာရှင်များအနေနဲ့လည်း မိမိတို့ရဲ့ အနုပညာ၊ အတတ်ပညာ စွမ်းအားများနဲ့ ထိရောက်စွာ ဝိုင်းဝန်းပါဝင်ရေးအတွက်ပါ ဦးဆောင်လမ်းပြ ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

စာပေညီလာခံ (၂၀၁၇) အောင်မြင်ပါစေ။

စာပေပညာရှင်များ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေ။

**ဒေါ်အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

❖ *ကျောဖုံးမှ*

ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးဦးတို့က မြို့တော်ခန်းမပေါ်ရှိ LED စာပေညီလာခံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စာပေညီလာခံ ၂၀၁၇ သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့် သဝဏ်လွှာကို စာရေးဆရာမ ခင်သန္တာက ဖတ်ကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားရာတွင် ဒီကနေ့ဟာ ကျက်သရေ မင်္ဂလာ အပေါင်းနဲ့ပြည့်စုံတဲ့ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စာပေအဖွဲ့အစည်း ၁၁ ခု စုစည်းပြီး မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ မပေါ်ပေါက်ခဲ့ဖူးတဲ့ စာပေညီလာခံကြီးတစ်ရပ် အောင်မြင်စွာ ဖွင့်လှစ်ကျင်းပနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။

**လွတ်လပ်စွာဖွဲ့စည်း**

ဒါနဲ့ပတ်သက်ပြီး ကျွန်တော် သတိပြုမိတဲ့ ထူးခြားချက်တစ်ရပ်ကို ပြောချင်ပါတယ်။ အဲဒါက (၁)အချက်၊ လွတ်လပ်ပွင့်လင်းတဲ့ ကာလဖြစ်လို့ ယုံကြည်မှုတူညီရာ၊ စိတ်ဝင်စားမှုတူညီရာ စာပေသမား အချင်းချင်းစုဖွဲ့ပြီး စာပေအသင်းများ လွတ်လပ်စွာ ဖွဲ့စည်းထားကြတယ်။ ဒါကြောင့် အသင်းအဖွဲ့ ၁၁ ဖွဲ့ ပေါ်ပေါက်လာတယ်။ (၂)အချက်၊ အသင်းအဖွဲ့တွေ ကွဲပြားသော်လည်း မြန်မာစာပေအကျိုးဆိုတဲ့ တူညီသော အကြောင်းအရာပေါ်မှုတည်ပြီး မတူတဲ့အဖွဲ့ ၁၁ ဖွဲ့ စုပေါင်းဆောင်ရွက်ကြတယ်။ (၃) အချက်၊ အဲဒီရဲ့ရလဒ်အဖြစ် စာပေညီလာခံ ၂၀၁၇ ပေါ်ပေါက်တယ်။ ဒါဟာ အစုအဖွဲ့တွေ အကွဲကွဲအပြားပြား၊ သီးခြားစီ နေတတ်ကြတဲ့ မြန်မာနိုင်ငံအတွက် စာပေသမားများက ပြသပေးလိုက်တဲ့ ထူးခြားကောင်းမွန်တဲ့ နမူနာတစ်ရပ်ဖြစ်တယ်လို့ ပြောချင်ပါတယ်။

ဒီကနေ့ ၂၀၁၇ ညီလာခံဟာ "လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လွတ်လပ်စွာ ကျင်းပတဲ့ ညီလာခံဖြစ်တယ်ဆိုတာ အလေးအနက် ပြောချင်ပါတယ်။ လွတ်လပ်သော စာပေအဖွဲ့အစည်းများ၊ လွတ်လပ်သော စာပေသမားများ၊ လွတ်လပ်စွာ စုဝေးတိုင်ပင်ကြမယ့် ဒီစာပေညီလာခံမှာ ဘာတွေဆွေးနွေးကြမလဲ၊ ဘယ်လိုဆွေးနွေးကြမလဲ။

**တူညီသော အမြင်များရှိ**

စာရေးဆရာ တစ်ဦးအနေနဲ့ ကျွန်တော့်အမြင် တချို့ကို တင်ပြချင်ပါတယ်။ ဒီကနေ့ စာပေညီလာခံမှာ စာပေအဖွဲ့အစည်း ၁၁ ဖွဲ့နဲ့ အဖွဲ့အစည်းဝင် မဟုတ်တဲ့ တစ်ဦးချင်းသော စာပေသမားတွေ တက်ရောက်ကြတာ ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်အဖွဲ့အစည်းတွေ အနေနဲ့ အချို့သောကိစ္စတွေမှာ တူညီသောဆန္ဒ၊ တူညီသောအမြင်များ ရှိနိုင်သော်လည်း၊ တချို့ကိစ္စတွေမှာတော့ လုံးဝဆန့်ကျင်ကွဲလွဲနေတာမျိုးလည်း ရှိနိုင်တယ်။ ဒီ့အပြင် တချို့ကိစ္စမှာ တစ်စုတစ်ဖွဲ့က စိတ်အား ထက်သန်နေသော်လည်း နောက်တစ်စုတစ်ဖွဲ့က စိတ်မဝင်စားတာ၊ အရေးကြီးတယ်လို့ မယူဆတာ၊ ဆွေးနွေးဖို့ ခေါင်းစဉ်မတင်ချင်တာမျိုးလည်း ရှိနိုင်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ စာပေသမားများသည် လွတ်လပ်မှုကို နှစ်သက်သူများပီပီ သူတစ်ပါးနဲ့ မတူညီသော မိမိအယူအဆများကို လွတ်လပ်စွာ တင်ပြကြသလို မိမိနဲ့ အယူအဆမတူသူဘက်က လွတ်လပ်စွာ တင်ပြမှုကိုလည်း သည်းခံနိုင်သူများ ဖြစ်တဲ့အကြောင်း၊ မတူတဲ့ အဖွဲ့အစည်းတွေ စုပေါင်းပြီး ဒီညီလာခံကြီး ကျင်းပနိုင်ခဲ့သလို မတူတဲ့ အယူအဆများ အကြား ညှိနှိုင်းပြီး အများလက်ခံနိုင်တဲ့ သဘောတူညီချက်များကို ရယူနိုင်သူများ ဖြစ်ကြောင်းလည်း ဒီညီလာခံ ဆွေးနွေးပွဲများက တစ်ဆင့် တိုင်းပြည်ကို ပြသနိုင်စေချင်ပါတယ်။

နောက်တစ်ခုပြောချင်တာက အခုလို ခမ်းနားကြီးကျယ်စွာ ကျင်းပတဲ့ စာပေညီလာခံကနေ ခိုင်မာသော အကျိုးရလဒ်များ ရရှိဖို့ဖြစ်ပါတယ်။

**ချမှတ်နိုင်ဖို့ မျှော်လင့်**

ညီလာခံပြီးတာနဲ့ အကျိုးရလဒ်တွေ ချက်ချင်း ပီပြင်ထင်ရှားမှာတော့ မဟုတ်ပါဘူး။ သို့သော် ညီလာခံသည် အကျိုးရလဒ်ကောင်းများ တဖြည်းဖြည်း ရုပ်လုံးပေါ်လာအောင် ဆောင်ရွက်နိုင်ဖို့ အတွက် လုပ်ငန်းစဉ်တွေ၊ လမ်းကြောင်းတွေတော့ ချမှတ်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။

ဘယ်လို အကျိုးရလဒ်တွေလဲ။ ကျွန်တော်ကတော့ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ အကျိုးရလဒ်လို့ ပြောချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးများမှာ ဘာသာရပ် နယ်ပယ်စုံအတွက် စာပေတွေ ထွန်းကားတယ်။ အဲဒီအခါ ရသစာပေများကြောင့် လောကအကြောင်း၊ ဘဝအကြောင်း ကောင်းကောင်းသိမြင်ပြီး ရင့်ကျင်သူများ ဖြစ်လာကြတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ စာအုပ်စာတမ်း ကျမ်းဂန်များကြောင့် အဲဒီကဏ္ဍ နယ်ပယ်အသီးသီးမှာ ဖွံ့ဖြိုးတိုးတက်လာကြတယ်။ ကမ္ဘာကို ဦးဆောင်နိုင်တဲ့ နိုင်ငံများ ဖြစ်လာကြတယ်။

ကျွန်တော်တို့ စာပေကို ဖွံ့ဖြိုးအောင် လုပ်ရာမှာလည်း အလားတူပဲ၊ ရသစာပေသာမက စာပေရဲ့ ကဏ္ဍအဖုံဖုံမှာ ဖွံ့ဖြိုးအောင်လုပ်ဖို့ လိုပါတယ်။ ဒါနဲ့ဆက်စပ်ပြီး ပြောချင်တာတစ်ခုက ကျွန်တော်တို့ စာပေသမားများဟာ အနုပညာသမားများဖြစ်သလို အသိပညာရှင်များလည်း ဖြစ်တယ်ဆိုတဲ့ အချက်ပါ။



**စာပေညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။** သတင်းစဉ်

**လမ်းပြကူညီ**

စာပေသမားများဟာ မိမိတို့ရဲ့ အနုပညာစွမ်းအားနဲ့ တိုင်းပြည်ရဲ့ နှလုံးသားများကို ထိန်းကျောင်းပြုပြင်နိုင်သလို၊ အသိပညာ ဗဟုသုတများနဲ့လည်း တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြကူညီနိုင်ပါတယ်။

သို့သော် တစ်ဖက်မှာ ကျွန်တော်တို့ စာပေသမားများအနေနဲ့ တိုင်းပြည်ရဲ့ နှလုံးသားများကို ထိန်းကျောင်းပြုပြင်နိုင်ဖို့ မိမိတို့ကိုယ်တိုင် ရင့်ကျက်ပြည့်ဝတဲ့ နှလုံးသားများရှိဖို့ လိုမှာဖြစ်သလို ဒီတိုင်းပြည် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် လမ်းပြကူညီနိုင်ဖို့ အတွက်လည်း မိမိတို့စာပေများအနေနဲ့ ကဏ္ဍစုံက ဖွံ့ဖြိုးနေအောင် မိမိတို့က စွမ်းဆောင်နိုင်ကြဖို့ လိုပါတယ်။ စာပေညီလာခံရဲ့ ဆွေးနွေးပွဲများမှာ ဒီအချက်ကိုလည်း ထည့်သွင်းဆွေးနွေးကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေနဲ့ စာပေညီလာခံ ၂၀၁၇ အောင်မြင်ပါစေ၊ စာပေညီလာခံရဲ့ ဆွေးနွေးပွဲများကနေ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံကောင်း ဉာဏ်ကောင်း နည်းလမ်းကောင်းများ ထွက်ပေါ်နိုင်ပါစေ၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ရာမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆက်စပ်စဉ်းစား ချမှတ်ဆောင်ရွက်ခြင်းဖြင့် မြန်မာစာပေသမားများသည် နိုင်ငံရဲ့ အသိပညာ ခေါင်းဆောင်များဖြစ်ကြောင်း ပြသနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်ဟု ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက် စကားပြောကြားပြီး စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုးဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ စာပေပညာရှင်များနှင့် စာပေဝါသနာရှင်များက စာပေညီလာခံ ၂၀၁၇ ဖွင့်ပွဲ အထူးအစီအစဉ်အဖြစ် မိုးပျံပူဖောင်းများကို လွှတ်တင်ဖွင့်လှစ်ကြပြီး ဖွင့်ပွဲအကြို ကျင်းပလျက်ရှိသည့် အစီအစဉ်များကို ကြည့်ရှုအားပေးသည်။

**သီဆိုဂုဏ်ပြု**

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စည်တော်ရွမ်း၍ ဂုဏ်ပြုပြီး တေးသံရှင် ဒေါ်မာမာအေးက တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။

စာပေညီလာခံ ၂၀၁၇ အဖွဲ့လိုက် စာပေဆွေးနွေးပွဲများကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

**စာပေဝါသနာရှင်များဖြင့်စည်ကား**

စာပေညီလာခံ ၂၀၁၇ အထိမ်းအမှတ်အဖြစ် ညစဉ် စာပေဟောပြောပွဲများ၊ စာပေဆိုင်ရာ ဉာဏ်စမ်းပဟေဠိများ၊ ပန်းချီပြပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ ကာတွန်းပြပွဲများနှင့် စာအုပ်အရောင်းဆိုင်များကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့တော်ခန်းမနှင့် မဟာဗန္ဓုလ ပန်းခြံရှေ့တွင် ကျင်းပလျက်ရှိရာ စာပေဝါသနာရှင် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

စာပေညီလာခံ ၂၀၁၇ ကျင်းပရန်အတွက် မေလတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေး အသင်း၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ၊ ပဲန်မြန်မာ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်၊ မြန်မာနိုင်ငံ ကာတွန်းဆရာအသင်း၊ မြန်မာဘာသာပြန် ကွန်ရက်ဟူသည့် မြန်မာနိုင်ငံရှိ စာပေအဖွဲ့အစည်း ၁၁ ဖွဲ့ကို ခေါ်ယူ၍ စာပေညီလာခံ ၂၀၁၇ ဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ညီလာခံကို ယခုကဲ့သို့ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး တိုက်ကြီးမြို့နယ် အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၂** - ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေး၊ ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီးနှင့် တိုက်ကြီးမြို့နယ် တရားသူကြီးတို့နှင့်အတူ တိုက်ကြီးမြို့နယ် အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် စခန်းရှိ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ခံစားရရှိခွင့် ရှိ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးမှု အတတ်ပညာသင်ကြားပေးမှုများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

❊ *ကျောဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတသည် ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာ ပြခန်းများနှင့် ကျောက်မျက်ရတနာ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုပြသရောင်းချသည့် ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသည် ၉၂ ပွဲမြောက်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၉၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၆၆၈၅ တွဲ ပြသရောင်းချမည်ဖြစ်ပြီး ကျောက်မျက်အတွဲများကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကာ ဒီဇင်ဘာ ၁၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ ကျောက်စိမ်းတွဲများကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ ကျောက်မျက်အတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးမှာ ယူရိုငွေ ၅၀၀ ဖြစ်ကြောင်း၊ ကျောက်စိမ်းအရိုင်းအတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးမှာ ယူရိုငွေ ၄၀၀၀ ဖြစ်ကြောင်းနှင့် ကျောက်စိမ်းအချောထည်အတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးမှာ ယူရိုငွေ ၁၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ဧည့်ခံပွဲသို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းတို့ တက်ရောက်ကြရာ မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E.Mr. Hassan Bin Mohamed Rafei AL Emadi က ကြိုဆိုနှုတ်ဆက်သည်။ (ယာပုံ)



ကာတာနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ကာတာနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

အဆိုပါ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးမြှင့်တင်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကမ္ဘာ့ဘဏ်အုပ်စုမှ ကူညီသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာစိစစ်ချက် အစီရင်ခံစာ ဒုတိယတွဲထုတ်ပြန်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်မက်စ်၌ ကျင်းပရာ အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှ ပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာတို့ တက်ရောက်ခဲ့ကြသည်။

**ထည့်သွင်းတွက်ချက်**

အဆိုပါအစီရင်ခံစာသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ပူးတွဲပြုစုထားပြီး ၂၀၁၅ခုနှစ် မြန်မာနိုင်ငံ ဆင်းရဲမှုနှင့် စားဝတ်နေရေးအခြေအနေ လေ့လာမှုစစ်တမ်း ပထမတွဲပါ အချက်အလက်များကို အခြေခံကာ ခေတ်ကာလအခြေအနေ အချိန်အခါနှင့် လျော်ညီသည့် အိမ်ထောင်စုများ၏ သုံးစွဲမှုပုံစံများကို ထည့်သွင်းတွက်ချက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု တိုင်းတာသည့်နည်းလမ်းအား ပြန်လည်စိစစ်သုံးသပ်ရန် အကြံပြုသည့် အစီရင်ခံစာတစ်စောင်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူ ဗစ်တိုးရီးယားကွာကွာက ပြောသည်။

**ပါဝင်**

နည်းလမ်းအသစ်တွင် မိုဘိုင်းဖုန်းကဲ့သို့သော တာရှည်ခံပစ္စည်းများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တွက်ချက်ပေးထားသော နောက်ဆုံးမွမ်းမံပြင်ဆင်ထားသည့် ကယ်လိုရီခန့်မှန်းတွက်ချက်မှုများလည်း ပါဝင်ကြောင်း သိရသည်။

ပထမစိစစ်သုံးသပ်မှုအတိုင်း အဆိုပြုနည်းလမ်းသစ်ဖြင့် တွက်ချက်မှုအရ ဆင်းရဲနွမ်းပါးမှုသည် ၂၀၀၄ ခုနှစ်မှ စတင်ကာ သိသာစွာ ကျဆင်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၄၈ ဒသမ ၂ ရာခိုင်နှုန်းမှ ၃၂ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ နည်းလမ်းအသစ် အသုံးပြုတွက်ချက်မှုအရ မြန်မာနိုင်ငံ၏ လူဦးရေ စုစုပေါင်း ၁၅ ဒသမ ၈ သန်းသည် ဆင်းရဲသည့် အခြေအနေတွင် နေထိုင်လျက်ရှိသည်။ ၁၃ ဒသမ ၈ သန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ပြီး နှစ်သန်းမှာ မြို့ပြနေကြသူများဖြစ်ကြောင်း စစ်တမ်းအရ သိရသည်။

“ဆင်းရဲတဲ့ပြည်သူတွေရဲ့ ဘဝအခြေအနေ အကြောင်းတရားတွေနဲ့ လက္ခဏာရပ်တွေ၊ သူတို့ရင်ဆိုင်ရတဲ့ အခက်အခဲတွေကို အသေးစိတ် သိရှိနားလည်မှသာ နိုင်ငံတော်ကလည်း ပြည်သူလူထုရဲ့ဘဝအခြေအနေ တိုးတက်လာဖို့ အစီအစဉ်တွေ ချမှတ်တဲ့အခါ အထောက်အကူပြုနိုင်မှာပါ” ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်က ပြောကြားသည်။

**အစီရင်ခံစာတွင် ဖော်ပြထား**

နွမ်းပါးသည့် အိမ်ထောင်စုများတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူ ဦးရေနည်းပါးပြီး မှီခိုသူဦးရေ များပြားလေ့ရှိကြောင်း၊ ဝင်ငွေရှာဖွေပေးနိုင်သည့် မြေယာ သို့မဟုတ် လယ်ယာသုံးပစ္စည်းများကဲ့သို့သော အရင်းအမြစ်များမှာလည်း အနည်းငယ်သာရှိနေကြောင်း စစ်တမ်းအရ သိရသည်။ ချို့တဲ့သူများသည် လယ်ယာလုပ်ငန်း အများစုတွင် ကျပန်းအဖြစ် လုပ်ကိုင်ကြပြီး မြေယာအနည်းငယ် ပိုင်ဆိုင်သူများအဖြစ် အချိုးမညီမျှနေဘဲ ဝင်ငွေရသည့်နည်းလမ်း အားနည်းနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ထောက်ပြထား**

ထို့ပြင် ကျန်းမာရေးနှင့် ရာသီဥတု ဖောက်ပြန်မှုကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုဖြစ်စေသည်ကို ဖော်ပြထားပြီး ကျန်းမာရေးမကောင်းမှုကြောင့် တစ်နှစ်အတွင်း အလုပ်လုပ်နိုင်သော အလားအလာရှိသည့် နေ့များ၏ ၄ ရာခိုင်နှုန်းကို ဆုံးရှုံးနေရပြီး နိုင်ငံထက်ဝက်ခန့်မှာ ထိုပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း ခန့်မှန်းတွက်ချက်ထားသည်။ အစားအစာအတွက် ကုန်ကျစရိတ် လျှော့ချခြင်းနှင့် အကြွေးများ ထပ်ယူခြင်းကဲ့သို့သော ဖြေရှင်းမှုနည်းလမ်းများက မိသားစုများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆိုးကျိုးရှိနေကြောင်း အစီရင်ခံစာက ထောက်ပြထားသည်။

**ကြိုးပမ်းဆောင်ရွက်**

မြန်မာနိုင်ငံ၏ လူနေမှုအဆင့်အတန်း၊ လူတန်းစား အခြေအနေများအား ပိုမိုနားလည်သဘောပေါက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးနှင့် အလုံးစုံပါဝင်နိုင်သည့် ဖွံ့ဖြိုးရေးအတွက် မြန်မာအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်အနေဖြင့် အကောင်းဆုံး ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ ချို့တဲ့သူများနှင့် ယင်းအခြေအနေသို့ အလွယ်တကူ ရောက်ရှိနိုင်သူများအတွက် စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဆိုပါက မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း အခမ်းအနားအတွင်း ကမ္ဘာ့ဘဏ်၏ အရှေ့အာရှပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာက ပြောသည်။

**သတင်းထုတ်ပြန်ထား**

ယခုကဲ့သို့ သုံးသပ်ချက်သည် ကမ္ဘာ့ဘဏ်အုပ်စု၏ အနှစ် ၃၀အတွင်း မြန်မာနိုင်ငံအတွက် ပထမဆုံးမဟာဗျူဟာဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်တွင် ဖော်ပြထားသည့် ပညာရပ်ဆိုင်ရာ လေ့လာသုံးသပ်ရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မူဘောင်အား မကြာမီက ပြန်လည်သုံးသပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ သက်တမ်းတိုးခဲ့ကြောင်း ကမ္ဘာ့ဘဏ်မှ သိရှိရသည်။ ထိုမူဘောင်အရ ကမ္ဘာ့ဘဏ်အုပ်စုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုမြှင့်တင်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပံ့ပိုးပြီး အာဟာရဓာတ်ကောင်းစွာရရှိရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြေခံအဆောက်အအုံနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် လုပ်ငန်းများတွင် အဓိကပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှ သတင်းထုတ်ပြန်ထားသည်။

**ခင်ရတနာ (မြန်မာ့အလင်း)**

# ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အစိုးရအလုပ်အကိုင် ၁၁၉၈ ဦးနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၉၃၆၀ စုစုပေါင်း ၂၀၅၅၈ ဦး အလုပ်အကိုင်ရရှိခဲ့သည်။

အလားတူ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၈၂ ဦး၊ စင်ကာပူနိုင်ငံသို့ ၁၆ ဦး၊ ကိုရီးယားနိုင်ငံသို့ ၁၆၃ ဦး၊ ထိုင်းနိုင်ငံသို့ ၁၂၁၆၀၊ ဂျပန်နိုင်ငံသို့ ၃၁၀၊ ယူအေအီးနိုင်ငံသို့ ၁၆ ဦး၊ ကာတာနိုင်ငံသို့ လေးဦး စုစုပေါင်း ၁၂၇၅၁ ဦး စေလွှတ်ပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းမြတ်ဦး (နေပြည်တော်)**

## ပြင်ဆင်၊ ဖြည့်စွက် ဖတ်ရှုပါရန်

ဒီဇင်ဘာလ ၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ ကော်လံ ၁ တတိယပိုဒ် စာကြောင်းရေ ၄ ပါ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၅ ဒသမ ၂ ဘီလီယံခန့် အထိ တိုးမြင့်လာမည်ဟု သုံးသပ်ရသည့်အတွက် ရေအရင်းအမြစ် မလုံလောက်မှုအပေါ် များစွာ စိုးရိမ်ဖွယ်ရာဖြစ်ပါကြောင်း **(အစား) ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၇ ဒသမ ၄ ဘီလီယံခန့်နှင့် အာရှလူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၅ ဒသမ ၂ ဘီလီယံခန့်အထိ တိုးမြင့်လာမည်ဟု သုံးသပ်ရသည့်အတွက် ရေအရင်းအမြစ် မလုံလောက်မှုအပေါ် များစွာစိုးရိမ်ဖွယ်ရာဖြစ်ပါကြောင်း** ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်နှင့် တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ၁၁ ဒီဂရီစင်တီ ဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၀ ဒသမ ၇၁ လက်မနှင့်မိုးညှင်းမြို့ မတူပီမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၀ ဒသမ ၂၄ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

**သုံးပေမှ ငါးပေခန့်ရှိနိုင်**

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

# ရုပ်ရှင်အနုပညာသည် လူ၏ နှလုံးသားကို တိုက်ရိုက်ထိမှန်စေသည့် အားကောင်းသည့် အနုပညာတစ်ရပ်ဖြစ်

# ရုပ်ရှင်လောကသားများက မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို မြှင့်တင်ပေးမည့် အနုပညာရှင်များဖြစ်အောင် စွမ်းဆောင်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသည့် ရုပ်ရှင်ညီလာခံကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီးများဖြစ်ကြသော ဦးစိန်တင်၊ ဦးညွန့်ဝင်း၊ စည်သူ ဒေါ်မြင့်မြင့်ခင်နှင့် ဒေါ်ဝါဝါဝင်းရွှေ တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ ရုပ်ရှင်ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

**များစွာဝမ်းမြောက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးအနေဖြင့် နှစ်ပေါင်းများစွာ မကျင်းပဖြစ်ခဲ့သည့် ရုပ်ရှင်ညီလာခံကြီးကို ကျင်းပနိုင်ခြင်းဖြစ်သည့် အတွက် များစွာ ဝမ်းမြောက်ရပါကြောင်းနှင့် ယနေ့ ကျင်းပသည့် ညီလာခံမှ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်ကောင်းများ ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

ရုပ်ရှင်အနုပညာသည် လူအများ၏ စိတ်ကို နည်းလမ်းပေါင်းစုံနှင့် ဆွဲဆောင်နိုင်သည့် အနုပညာတစ်ရပ်ဖြစ်ပါကြောင်း၊ လူ၏ နှလုံးသားကို တိုက်ရိုက်ထိမှန်စေသည့် အားကောင်းသည့် အနုပညာဖြစ်သည့် အလျောက် ပရိသတ်အပေါ် သက်ရောက်မှု အလွန်ကြီးမားပါကြောင်း၊ ၂၀၁၇ ခုနှစ် မတ် ၁၈ ရက်က ကျင်းပခဲ့သည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပေးပို့ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာတွင် ရုပ်ရှင်ဇာတ်ကားများက လူ့အဖွဲ့အစည်းကို အထူးသဖြင့် လူငယ်လူရွယ်များအပေါ် အင်မတန် ဩဇာကြီးသောကြောင့် ရုပ်ရှင်လောကသားများ၏ တာဝန်သည် အလွန်ကြီးမားသည်ကို သုံးသပ်ပြောဆိုခဲ့ခြင်းများ ရှိပါကြောင်း၊ ရုပ်ရှင်လောကသားများအနေဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို မြှင့်တင်ပေးနိုင်မည့် အနုပညာရှင်များဖြစ်အောင် စွမ်းဆောင်ကြရန် တိုက်တွန်းသွားသည်ကို တွေ့ရပါကြောင်း။

**လမ်းညွှန်ချက်တစ်ရပ်ဖြစ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အကြံပြုတိုက်တွန်းချက်သည် ရုပ်ရှင်လောကသားများ၊ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အထူး အလေးထားသင့်သည့် လမ်းညွှန်ချက် တစ်ရပ်ဖြစ်သည်ကို တွေ့မြင်ရပါကြောင်း၊ မြန်မာ့ရုပ်ရှင်သည် လာမည့် ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် နှစ် ၁၀၀ ပြည့်မြောက်တော့မည်ဖြစ်၍ ရုပ်ရှင်လောကသားများအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူစွာ ရာပြည့်အထိမ်းအမှတ် ပွဲတော်ကို များမကြာမီ ဆင်နွှဲနိုင်တော့မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်အနုပညာသမားများနှင့် အတူ ပူးတွဲဆောင်ရွက်နေမှု၊ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနေမှုနှင့် ၂၀၁၈ ခုနှစ်တွင် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ဆက်တိုက်ကျင်းပနိုင်ရန် စီစဉ်လျက်ရှိမှု၊ ရုပ်ရှင်ဥပဒေပေါ်ထွန်းရေး၊ ရုပ်ရှင်ဥပဒေ၏ အရေးပါမှုနှင့် ရုပ်ရှင်အသိုင်းအဝိုင်း နစ်နာဆုံးရှုံးမှုများအတွက် ဥပဒေ၏ အကာအကွယ်ရရှိနိုင်မှု၊ မြန်မာ့ရုပ်ရှင်အနေဖြင့် ထုတ်လုပ်မှုအပိုင်းတွင် သိသိသာသာ တိုးတက်နေမှု၊ ၂၀၁၂ ခုနှစ်မှာ ၁၄ ကား၊ ၂၀၁၃ ခုနှစ်မှာ ၁၇ ကား၊ ၂၀၁၄ ခုနှစ်မှာ ကိုးကား၊ ၂၀၁၅ ခုနှစ်မှာ ၃၂ ကား စသဖြင့် ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်မှာ ၉၈ ကား၊ ယခုနှစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်အထိ ရုပ်ရှင်ဇာတ်ကား ၁၄၀ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရမှု၊ ရုပ်ရှင်ရုံအပိုင်းတွင်လည်း ၂၀၁၃ ခုနှစ် ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲပြီးနောက် ရုပ်ရှင်ရုံ ၁၉ ရုံနှင့် ပိတ်ကား ၁၉ ကားသာ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ပထမပတ်အထိ ရုပ်ရှင်ရုံ ၉၃ ရုံနှင့် ပိတ်ကား ၁၀၇ ကားအထိ တိုးတက်လာမှု စသည်ဖြင့် ပြောကြားပြီး ယနေ့ကျင်းပသည့် ရုပ်ရှင် ညီလာခံမှ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများ၊ အကြံဉာဏ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းလမ်းစဉ်များ ချမှတ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ယခုကဲ့သို့ နောင်နှစ်များတွင်လည်း စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ကျင်းပနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး နာယက စည်သူဗိုလ်ကလေးတင့်အောင်ထံမှ ရုပ်ရှင်ညီလာခံသို့ ပေးပို့သော သဝဏ်လွှာကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူက ဖတ်ကြားသည်။

**ပထမခြေလှမ်း**

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ရုပ်ရှင် ညီလာခံနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားရာတွင် "ညီလာခံကို တစ်ရက်သာ ကျင်းပရတဲ့အတွက် အကြံပြုတင်ပြလိုတဲ့ အချက်များအားလုံးကို မိမိတို့အလွှာအလိုက် တင်ပြစုစည်းတင်ပြကြဖို့ လွန်ခဲ့တဲ့ တစ်လခွဲလောက်က ကြေညာခဲ့တာဖြစ်ပါတယ်၊ အလွှာအလိုက် စုစည်းထားတဲ့ အကြံပြုလွှာ ၁၀ စောင်၊ ပြီးတော့ ပန်းချီဦးစိုးမိုး ဦးဆောင်တဲ့ အကြံပြုလွှာများ လက်ခံရေးနှင့် စိစစ်ရေး ကော်မတီမှာ ပြုစုတဲ့ အကြံပြုလွှာ တစ်စောင် အားလုံးပေါင်း ၁၁ စောင်ကို နံနက်ပိုင်း ညီလာခံမှာ ဖတ်ကြားမှာ ဖြစ်ပါတယ်၊ ညီလာခံက တစ်ခါတည်း အတည်ပြုသင့်တဲ့ အချက်တွေကို အတည်ပြုပါမယ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့အနေနဲ့ ဆက်လက်သယ်ဆောင်သွားပြီး လုပ်ဆောင်ရမယ့် အချက်တွေကို မှတ်တမ်းတင်ပြီး ဒီညီလာခံမှာ တရားဝင်ကြေညာ သွားပါမယ်၊ မကြာခင်မှာ မြန်မာ့ရုပ်ရှင်က နှစ်ပေါင်း ၁၀၀ ပြည့်မြောက်တော့မှာ ဖြစ်ပါတယ်၊ ရုပ်ရှင်ညီလာခံက မကြာခင် ပြည့်မြောက်တော့မယ့် နှစ်ပေါင်း ၁၀၀ ပြည့် ရုပ်ရှင်လောကကြီးကို ကြိုဆိုတဲ့အနေနဲ့ ပထမခြေလှမ်းဖြစ်ပါတယ်၊ ဒီနေ့ ညီလာခံက ပထမဆုံး ပြုပြင်ပြောင်းလဲသင့်တဲ့အချက်များကို စနစ်တကျပြုပြင်ပြောင်းလဲကြပါစို့" ဟု ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများဖြစ်ကြသော ပန်းချီဦးစိုးမိုး၊ ဦးကြည်စိုးထွန်းနှင့် ဦးဌေးအောင်တို့က ရုပ်ရှင်ညီလာခံ ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

**ပြန်လည်ပြုစုတင်ပြ**

ထို့နောက် ဒါရိုက်တာအလွှာမှ ဒါရိုက်တာဝိုင်း၊ ရုပ်ရှင်ထုတ်လုပ်သူ အလွှာမှ လပ်ကီးဆဲဗင်း ကိုအုန်းဝင်း၊ ဇာတ်ညွှန်းအလွှာမှ ဦးကိုကိုလေး၊ အဓိကသရုပ်ဆောင် အလွှာမှ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူ၊ တည်းဖြတ်မှတ်တမ်းအလွှာမှ အကယ်ဒမီ ဦးဉာဏ်ဝင့်၊ ဇာတ်ပို့ ဇာတ်ရန်အလွှာမှ ဦးဝင်းမြိုင်၊ ဗီဒီယိုအလွှာမှ နေထူးနိုင်၊ စက်မှု၊ လက်မှု အလွှာမှ ဦးကျော်ညွန့်၊ ရုပ်ရှင်ပြဇာတ်နှင့် တေးဂီတအလွှာမှ ဦးထူးသာနှင့် အုပ်ချုပ်၊ ဖြန့်ချိ အလွှာမှ ဦးလှသိန်းတို့က အကြံပြုလွှာများကို ဖတ်ကြားကြပြီး အကြံပြုလွှာများ လက်ခံရေးနှင့် ပြုစုရေးကော်မတီဝင် ဒေါ်အိအိခိုင်က အလွှာလိုက် တင်ပြကြသည့် အကြံပြုလွှာများထဲမှ ရုပ်ရှင်တစ်လောကလုံးနှင့် သက်ဆိုင်သော အကြံပြုချက်များကို ပြန်လည်ပြုစုပြီး တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများဖြစ်ကြသော ပန်းချီ ဦးစိုးမိုး၊ ဦးကြည်စိုးထွန်းနှင့် ဦးနှင်းမိုးတို့က အကြံပြုလွှာများ အတည်ပြုရေးနှင့် မှတ်တမ်းရယူရေးအတွက် ခုံသမာဓိများအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး တွဲဖက်အတွင်းရေးမှူး ဦးဇော်မြင့်ဦးက အကြံပြုလွှာများ အတည်ပြုခြင်းနှင့် မှတ်တမ်းရယူခြင်းများ ပြုလုပ်နိုင်ရန် တင်ပြသည်။

ထို့နောက် အဆိုပါအကြံပြုချက်များထဲမှ ၈၆ ချက်ကို မှတ်တမ်းတင် အတည်ပြုချက်ရယူပြီး အကြံပြုချက် လေးချက်ကို ရုပ်ရှင်လောကသားများ၏ ဆန္ဒနှင့်အညီ ဆုံးဖြတ်ကာ အတည်ပြုချက်ရယူခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ပဲခူး အကျဉ်းထောင်အား စစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ပဲခူးခရိုင် တရားသူကြီး ဦးတက်ထွန်း၊ ဒုတိယခရိုင် တရားသူကြီး ဦးကံမြင့်၊ ပဲခူးမြို့နယ် တရားသူကြီး ဦးစိုးမင်းတို့နှင့်အတူ ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ပဲခူးအကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့သည်။

ပဲခူးအကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်း၌ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်ဦးက ပဲခူးအကျဉ်းထောင်နှင့် ပတ်သက်၍ လုံခြုံရေးနှင့် စီမံရေးရာကိစ္စများ ဆောင်ရွက်ထားရှိမှု၊ အကျဉ်းသား အကျဉ်းသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု သောက်သုံးရေရရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် ပြစ်ဒဏ်ကျခံရသူများ၏ အဆောင်များ၊ စားဖိုဆောင်များအား လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ မရှိ၊ ဥပဒေပါ အခွင့်အရေးများ ရရှိမှု အခြေအနေ၊ ရေပေးဝေမှု၊ သောက်သုံးရေရရှိမှု အခြေအနေ၊ စာပေဗဟုသုတ လေ့လာရန် စာကြည့်တိုက်များ ရှိ မရှိ၊ ကြန့်ကြာနေသော စစ်ဆေးဆဲ အချုပ်တရားခံများ ရှိ မရှိ၊ နှိပ်စက်ညှဉ်းပန်းမှု ရှိ မရှိ၊ ဥပဒေနှင့်အညီ ရသင့်သောအခွင့်အရေးများ ခံစားနိုင်ရေးတို့ကို တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သန့်ဇင်(ပဲခူး)**

## ကယားပြည်နယ်တွင် ကျေးရွာစုစုပေါင်း ၄၄၉ ရွာ မီးလင်း

**လွိုင်ကော် ဒီဇင်ဘာ ၁၂**

ကယားပြည်နယ်တွင် မြို့နယ်ပေါင်း ရှစ်မြို့နယ်ရှိပြီး ကျေးရွာပေါင်း ၅၀၆ ရွာရှိရာ ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ရေအား၊ ဆိုလာ၊ ဒီဇယ်တို့ဖြင့် ကျေးရွာအရောက် မီးလင်းရေးများကို နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၅၀၆ ရွာအနက် ကျေးရွာပေါင်း ၄၄၉ ရွာမှာ မီးများရရှိနေပြီဖြစ်၍ ကျေးရွာများ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။

**မီးလင်းရေးဆောင်ရွက်**

ကယားပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နေရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် 11KV လိုင်းဓာတ်အားခွဲရုံနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ငွေကျပ်သန်းပေါင်း ၄၀၀၀ မှ လျှပ်စစ်ဓာတ်အားဖြင့် မီးမလင်းသေးသော ရွာများအား မီးလင်းရေးဆောင်ရွက်သွားမည် ဖြစ်သည်။

ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖူလုံမှုအတွက် 33/11 KV ဓာတ်အားခွဲရုံများကို လွိုင်ကော်မြို့နယ်တွင် သုံးလုံး၊ ဒီမော့ဆိုမြို့နယ်တွင် တစ်လုံး၊ ဖရူဆိုမြို့နယ်တွင် နှစ်လုံး၊ ဘောလခဲမြို့နယ်တွင် နှစ်လုံး၊ ရွာသစ်မြို့နယ်တွင် တစ်လုံး၊ မယ်စဲ့မြို့နယ်တွင် တစ်လုံးနှင့် ရှားတောမြို့နယ်တွင် တစ်လုံး စုစုပေါင်း ဓာတ်အားခွဲရုံ ၁၃ လုံး တည်ဆောက်ထားသည်။

ကယားပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဘီလူးချောင်း လောပိတဓာတ်အားခွဲရုံ သုံးရုံမှ လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ပေးနေပြီး လောပိတဓာတ်အားခွဲသုံးရုံမှာ တောတောင်များကြားတွင် တည်ဆောက်ထားရာ ကယားပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရန်အတွက် ဘောလခဲခရိုင် ရွာသစ်မြို့၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာတွင် ရွာသစ် ရေအားလျှပ်စစ်စီမံကိန်းတစ်ခု တည်ဆောက်နေပြီး ရွာသစ်ရေအား လျှပ်စစ်စီမံကိန်းတွင် ၄၀၀၀ မဂ္ဂါဝပ် စက်တပ်ဆင်ပြီး တစ်နှစ်ပျမ်းမျှ ၂၁၇၉၉ ကီလိုဝပ်နာရီသန်း ထုတ်လုပ်သွားမည် ဖြစ်သည်။

ကယားပြည်နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထုတ်လုပ်ပေးရာ လွိုင်ကော်မြို့နယ်၊ ဒီမော့ဆို မြို့နယ်၊ ဖရူဆိုမြို့နယ်၊ ရှားတောမြို့နယ်၊ ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်တို့တွင် စုစုပေါင်း ကျေးရွာ ၄၄၉ ရွာတွင် မီးများရရှိနေပြီး မီးမရရှိသေးသော ကျန်ကျေးရွာများကိုလည်း လျှပ်စစ်မီးအမြန် ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း သိရသည်။

**တင်လှိုင်-မိတ္ထီလာ**

# တတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ရေထိပ်သီးအစည်းအဝေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေဖူလုံရေး ရန်ကုန်ကြေညာစာတမ်း "ရှေ့ဆက်ရမည့် လမ်းစဉ်"

**ကမ္ဘာ့အကြီးမားဆုံးနှင့် တိုးတက်ပြောင်းလဲမှု အများဆုံးနိုင်ငံများ ပါဝင်သည့် အာရှ-ပစိဖိတ်ဒေသသည် ဆင်းရဲမွဲတေမှု အလျင်အမြန်လျှော့ချခြင်းနှင့်အတူတွဲ၍ ဖြစ်ပေါ်လာသည့် အားကောင်းသောတိုးတက်မှုနှင့် ကြုံတွေ့နေရသည်။ သို့သော် အာရှ-ပစိဖိတ်ဒေသတစ်ခုတည်းတွင်ပင်လျှင် လူဦးရေ ၁ ဒသမ ၁ ဘီလီယံနီးပါးသည် ရေနှင့်ပတ်သက်ပြီး ဆိုးရွားလှသည့် အခက်အခဲ၊ အခြေအနေများနှင့် ရင်ဆိုင်နေရသည့် နေရာများတွင် နေထိုင်နေရပြီး သိသာထင်ရှား၍ ထိရောက်သည့် ဆောင်ရွက်ချက်များမလုပ်ပါက ထိုသို့ ထိခိုက်ခံစားနေရသည့် လူဦးရေမှာ ၂၀၅၀ ပြည့်နှစ် မတိုင်ခင် ၄၀ ရာခိုင်နှုန်းကျော် တိုးလာမည်ဟု ခန့်မှန်းရပါသည်။ ရေဖူလုံရေး၊ ရေဘေးအန္တရာယ် လုံခြုံရေးသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ကြီးမားလှသော စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်နေရပါသည်။ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများအားလုံးတွင် ရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေး တိုးတက်လာစေရန် ရေကို တန်ဖိုးထားခြင်း၊ ရေအရင်းအမြစ်များကို ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို လုပ်ဆောင်မှသာလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၃၀နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ လက်တွေ့အကောင်အထည်ပေါ်မည် ဖြစ်သည်။**

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျခိုင်မာသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် နည်းလမ်းများ၊ အဖြေများဆီသို့ ဦးတည်သည့်ဒေသတွင်း ရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေး တိုးတက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ဖြစ်မှုတို့ကို အားပေးမြှင့်တင်ရန်နှင့် အသိပညာများ၊ အတွေ့အကြုံများ မျှဝေရန် ရည်ရွယ်လျက် **တတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ရေထိပ်သီးအစည်းအဝေး**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဒီဇင်ဘာလ ၁၁ရက်နေ့နှင့် ၁၂ ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။ ဤသို့ ကျင်းပနိုင်ခြင်းသည် "ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေဖူလုံရေး၊ ရေဘေးအန္တရာယ် လုံခြုံရေး နိုင်ငံတကာလှုပ်ရှားမှုဆယ်စုနှစ် (၂၀၁၈-၂၀၂၈) (International Decade for Action, " Water for Sustainable Development" 2018-2028) ကို အကောင်အထည်ဖော်ရာတွင် ဦးဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်မည့် အာရှ-ပစိဖိတ်ဒေသ၏ ကြိုးပမ်းမှုအဖွင့်နိဒါန်းကို ဖော်ညွှန်းနေပါသည်။

**အာရှ-ပစိဖိတ်ဒေသတွင်းမှ ခေါင်းဆောင်များဖြစ်ကြသည့် ကျွန်ုပ်တို့သည်-**

အထူးသဖြင့် လူသားတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် ရေပေးဝေမှုကို တိုးမြှင့်လုပ်ဆောင်လျက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များအနက်မှ ရေနှင့်ဆက်နွယ်သည့် ရည်မှန်းချက်များကို ဒေသတစ်ဝန်းလုံးအတွင်း ပြည့်မီအောင်မြင်စေရန်၊ တိုးတက်လာစေရန် အများအပြား အထောက်အကူပြုခဲ့သည့် ဂျပန်နိုင်ငံ Beppu မြို့တွင် ၂၀၀၇ ခုနှစ်က ကျင်းပခဲ့သည့် ပထမအကြိမ်မြောက် အာရှ-ပစိဖိတ် ရေထိပ်သီးအစည်းအဝေးအပြီး ၁၀ နှစ်တာကာလအတွင်း ရရှိခဲ့သည့် သိသာထင်ရှားသည့် တိုးတက်မှုများနှင့် ၂၀၁၃ ခုနှစ်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ရေညီလာခံတို့ကို ချီးမြှောက်ဂုဏ်ပြုလျက်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ၂၀၃၀ ပြည့်နှစ်တွင် ပါဝင်သည့် နိုင်ငံတကာက သဘောတူညီထားသော ၂၀၁၅ ခုနှစ်အလွန် ရေဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်နှင့် အထူးသဖြင့် ဝင်ငွေအနိမ့်ဆုံးသော နိုင်ငံများ၊ တောင်ထူထပ်သော နိုင်ငံများနှင့် ပစိဖိတ်ကျွန်းနိုင်ငံများတွင် ရာသီဥတုပြောင်းလဲခြင်းကဲ့သို့သော ရေဖူလုံရေး၊ ရေဘေးအန္တရာယ် လုံခြုံရေးဆိုင်ရာ မြင့်တက်လာနေသည့် ခြိမ်းခြောက်မှုများ၊ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာနေသည့် မြို့ပြဒေသများ၊ ကျေးလက်ဒေသများမှ ထိခိုက်ပျက်စီးလွယ်သည့် အုပ်စုများဖြစ်သည့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပေါ် အကျိုးသက်ရောက်မှုများအကြား ရှိနေဆဲဖြစ်သော ကွာဟချက်များနှင့်ပတ်သက်ပြီး ဆက်လက်စိုးရိမ်ပူပန်မှုများကို ပြသလျက် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ရင်ဆိုင်နိုင်စွမ်းနှင့် လူမှုစီးပွား တိုးတက်မှုအရည်အသွေးတို့ မြင့်မားလာစေရေးအတွက် ရေနှင့်ဆက်နွယ်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး Sendai မူဘောင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်တို့ အောင်မြင်ဖြစ်ထွန်းစေရေး ထားရှိထားသည့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုလျက်၊ အထက်ဖော်ပြပါ ခြိမ်းခြောက်မှုများသည် ကမ္ဘာ့လူဦးရေ ၁၀ ဘီလီယံ ဖြစ်လာမည်ဟု ခန့်မှန်းထားသည့် ၂၀၅၀ ပြည့်နှစ်ကာလအထိလည်း ဆက်လက်ပြင်းထန်နေမည်ဖြစ်ပြီး ထိုသို့တိုးတက်လာမည့် လူဦးရေ၏ ထက်ဝက်ကျော်သည် အာရှ-ပစိဖိတ်ဒေသတွင် နေထိုင်နေမည်ဖြစ်သောကြောင့် အာရှ-ပစိဖိတ်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် ကမ္ဘာကြီး၏ အနာဂတ်အတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်လာသည်ကို သတိမူလျက် အာရှ-ပစိဖိတ်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေဖူလုံမှု၊ ရေဘေးအန္တရာယ် လုံခြုံမှုရရှိအောင်မြင်စေရေး၊ ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ကို ဤတွင်ဖော်ပြပြီး **အောက်ပါအချက်များအား ထုတ်ပြန်ကြေညာပါသည်-**

ပထမအကြိမ် အာရှ-ပစိဖိတ် ရေထိပ်သီးအစည်းအဝေးတွင် သဘောတူခဲ့သည့်အတိုင်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ၂၀၃၀ ပြည့်နှစ် ပြီးဆုံးသောအချိန်မတိုင်မီ ငါးနှစ်စော၍ ၂၀၂၅ ခုနှစ်ကို နောက်ဆုံးထားပြီး ဒေသတွင်းအလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာနေသော မြို့ပြဒေသများနှင့် ကျေးလက်ဒေသများ ပါမကျန် ဒေသတွင်း ပြည်သူအားလုံးအတွက် လက်လှမ်းမီသော၊ သန့်ရှင်းသော သောက်သုံးရေနှင့် အခြေခံမိလ္လာစနစ် ဖြည့်ဆည်းပေးရန်၊

ရေဘေးအန္တရာယ်များကို အလေးပေးဖြေရှင်းရန်နှင့် ရေဖူလုံရေး သိသိသာသာ တိုးတက်လာစေရန်အတွက် အခြေခံအဆောက်အအုံများနှင့် လူထုအခြေပြု လုပ်ငန်းများတွင် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများကို နှစ်ဆတိုးမြှင့်ရန်၊

ရေအသုံးပြုရာတွင် ထိထိရောက်ရောက်ဖြစ်စေမှု၊ ရေတစ်ယူနစ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအား၊ ရေပြန်လည်အသုံးချမှု၊ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လေ့လာဆန်းစစ်မှုနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချမှု၊ ရေမူဝါဒများနှင့် ရေစီမံအုပ်ချုပ်မှုတို့အတွက် ဆန်းသစ်တီထွင်သော နည်းလမ်းများ၊ အဖြေများ ပေါ်ထွက်စေရန်၊ မြင့်မားလာနေသော ရေလိုအပ်ချက်ကို ပြည့်မီစေရန်၊ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများကို လျှော့ချရန်၊ မိလ္လာနှင့် ရေဆိုးစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရန်တို့အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရေပညာရေးနှင့် ရေဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်းများကို တိုးတက်လုပ်ဆောင်ရန်၊

တစ်ခုတည်းသော နည်းလမ်း၊ အဖြေမှာ အားလုံးနှင့် ကိုက်ညီမှုမရှိနိုင်သည်ကို အသိအမှတ်ပြုလက်ခံရန်၊ ဒေသတွင်းအသိပညာ၊ ဗဟုသုတစီမံခန့်ခွဲမှုများမှတစ်ဆင့် နိုင်ငံများ၊ လူ့အဖွဲ့အစည်းများအတွက် ဒေသန္တရအခြေအနေများနှင့် ကိုက်ညီသည့် စီမံဆောင်ရွက်ချက်များကို အသုံးချရန်၊

သင့်တော်သည့် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများနှင့် မိတ်ဖက်ဆောင်ရွက်မှု နည်းလမ်းများအပါအဝင် ရေအရင်းအမြစ်များ ဘက်စုံစီမံခန့်ခွဲမှုကို အလွှာအားလုံး၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီရန်။

ကျွန်ုပ်တို့သည် ဤရန်ကုန်ကြေညာစာတမ်း "**ရှေ့ဆက်ရမည့်လမ်းစဉ်**" ဖြင့် အာရှ-ပစိဖိတ်ဒေသတွင်းရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေးအတွက် တီထွင်ကြံဆ ဆန်းသစ်မှုများကို ချဲ့ထွင်နိုင်ရန် မျှော်မှန်းလျက် အောက်ပါတို့ကို လုပ်ဆောင်ပါမည်ဟု သန္နိဋ္ဌာန်ချပါသည်-

> **" ရေနှင့်ဆက်နွယ်သည့် လေ့လာဆန်းစစ်မှုများနှင့် လုပ်ငန်းများတွင် သိပ္ပံနည်းကျ လေ့လာဆန်းစစ်မှုနှင့် အင်ဂျင်နီယာနည်းလမ်းအရ ချဉ်းကပ်မှုများကို ဒေသန္တရနှင့် ရိုးရာအစဉ်အလာ ဗဟုသုတများနှင့်အတူ လူမှုရေးအမြင်၊ စီးပွားရေးအမြင်တို့နှင့် ပေါင်းစပ်ခြင်းကို အားပေး "**

**ကောင်းမွန်သော ရေသံသရာစီမံခန့်ခွဲမှု**

မိုးရေ၊ မြစ်ချောင်းများ၊ မြေအောက်ရေ၊ ရေခဲပြင်၊ သမုဒ္ဒရာများနှင့် ဂေဟစနစ်များကို မြစ်ဝှမ်းဒေသအဆင့် ရေသံသရာ ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုနှင့် သက်ဆိုင်ရာ မူဝါဒများတွင် ဆက်စပ်သည့်နေရာ၌ ပေါင်းစပ်ပေးခြင်း၊

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရန်အတွက် မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ဝဒေသများ အပါအဝင် ရေနှင့်ဆက်နွယ်သော ဂေဟစနစ်များ ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ချက်များ၊ ရေဆိုးစွန့်ပစ်မှု စီမံခန့်ခွဲရေး၊ အစိမ်းရောင် အခြေခံအဆောက်အအုံများနှင့် သဘာဝကို အခြေခံသည့် နည်းလမ်းနှင့် အဖြေများကို ဖော်ထုတ်မည့်အစီအစဉ်များ ပါဝင်လာစေရေး မြှင့်တင်သည့် ဆောင်ရွက်ချက်များ လုပ်ဆောင်ရန်၊

စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးအတွက် ဆည်ရေပေးဝေမှုလုပ်ငန်းများတွင် ရေတစ်ယူနစ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအား မြှင့်တင်ရေးဆောင်ရွက်ရန်၊

ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် မြို့ပြနှင့် ကျေးလက်ဒေသအပါအဝင် နိုင်ငံလုံးဆိုင်ရာ မြေအသုံးချမှုစီမံကိန်းကို ပေါင်းစပ်ရေးဆွဲလုပ်ဆောင်ရန်။

**စီမံအုပ်ချုပ်မှုနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု**

သန့်ရှင်းပြီး ရေရှည်ရရှိနိုင်မည့် သောက်သုံးရေပေးဝေရေးနှင့် မိလ္လာနှင့် ရေဆိုးစီမံခန့်ခွဲမှု ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေး၊ တိုးချဲ့ရေးတို့အတွက် နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့် ထိန်းသိမ်းကြီးကြပ်ရေးစနစ်များနှင့် စီမံကိန်းများထူထောင်ရန်၊

ရေနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးလွယ်သည့်သူများအား အကာအကွယ်ပေးနိုင်ရန်နှင့်၎င်းတို့အား ရေဘေးအန္တရာယ် စီမံခန့်ခွဲမှုတွင် ပါဝင်နိုင်စေရေးအတွက် လုပ်ဆောင်ပေးရန်၊

ရေနှင့်ဆက်နွယ်သည့် လေ့လာဆန်းစစ်မှုများနှင့် လုပ်ငန်းများတွင် သိပ္ပံနည်းကျ လေ့လာဆန်းစစ်မှုနှင့် အင်ဂျင်နီယာနည်းလမ်းအရ ချဉ်းကပ်မှုများကို ဒေသန္တရနှင့် ရိုးရာအစဉ်အလာဗဟုသုတများနှင့်အတူ လူမှုရေးအမြင်၊ စီးပွားရေးအမြင်တို့နှင့် ပေါင်းစပ်ခြင်းကိုအားပေးရန်၊

သာမန်ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများ ဆင်းရဲနွမ်းပါးသူများအတွက် ရေနှင့်ပတ်သက်သည့် ကိစ္စများတွင် ပါဝင်လုပ်ဆောင်နိုင်စေရေး စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများကို စီမံဆောင်ရွက်ရန်နှင့် ရေဆိုင်ရာစီမံအုပ်ချုပ်မှုကို အလွှာအသီးသီး၌ ရေနှင့် ဆက်နွယ်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ရေနှင့်ပတ်သက်ဆက်နွယ်သူများအားလုံးပါဝင်သည့် မိတ်ဖက်အဖွဲ့များ (Multi-Stakeholder Partnerships) တွင် ရေနှင့်ပတ်သက်ဆက်နွယ်သူများ အားလုံးပါဝင်သည့် စနစ်များဖန်တီးပေးရန်၊

ရေအပေါ်ထားရှိသော သဘောထားနှင့် အမူအကျင့်များ ပြောင်းလဲစေရန် ကျန်းမာရေးအသိပညာပေးခြင်း တိုးမြှင့်လုပ်ဆောင်ရန်နှင့် မိလ္လာစနစ်များ၊ အိမ်သာများ ရရှိစေခြင်းအားဖြင့် ပထမအကြိမ်မြောက် အာရှ-ပစိဖိတ် ရေထိပ်သီးအစည်းအဝေးတွင် သဘောတူခဲ့သည့်အတိုင်း ပတ်ဝန်းကျင်သို့ တိုက်ရိုက်အညစ်အကြေးစွန့်ခြင်းအကျင့်ကို ၂၀၂၅ ခုနှစ်မတိုင်ခင် အဆုံးသတ်နိုင်ရန် သက်ဆိုင်သူ၊ အဖွဲ့အစည်းများအားလုံးကို တိုက်တွန်းခြင်း၊

**ရေနှင့်ဆက်နွယ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်း**

အကျိုးသက်ရောက်မှု မြင့်မားပြီး ရေနှင့်ဆက်နွယ်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် အလွှာစုံ၊ အရွယ်အစားစုံတွင် အတိုးနှုန်းနိမ့် ချေးငွေစနစ်များ၊ ကာလရှည် ငွေသားစီးဆင်းမှုနှင့် ဆွဲဆောင်မှုရှိသည့် အမြတ်အစွန်းကို ဖြစ်ပေါ်စေသော ဆန်းသစ်တီထွင်ပြီး ရေရှည်ခိုင်မာသည့် ငွေကြေးစာချုပ်များဖန်တီးရေး ကူညီထောက်ပံ့ရန်၊

ပြည်သူ့ဘဏ္ဍာရေး ပြောင်းလဲပြင်ဆင်ခြင်း၊ ပြည်သူအချင်းချင်း မိတ်ဖက်၊ ပြည်သူနှင့် ပုဂ္ဂလိကမိတ်ဖက်ဖွဲ့စည်းမှုများ ဖြစ်ပေါ်လာစေရန် လမ်းဖွင့်ပေးခြင်း၊ ပေါင်းစပ်ဘဏ္ဍာရေးတည်ဆောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်၊ အုပ်ချုပ်မှုနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ အသုံးပြုခြင်း၊ ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးဆိုင်ရာနည်းလမ်းများကို တီထွင်ဖန်တီးခြင်း စသည့် ဆန်းသစ်တီထွင်မှုရှိသည့် ငွေကြေးဆိုင်ရာ နည်းလမ်းနှင့် အဖြေများအား ကျင့်သုံးရန်၊

သဘာဝဘေးအန္တရာယ် ဖြစ်ပွားအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများနှင့် ထိခိုက်နိုင်ခြေ လျှော့ချခြင်းအပါအဝင် အခြေခံအဆောက်အအုံများနှင့် လူထုအခြေပြု လုပ်ငန်းများအတွက် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို အာရုံစိုက်ရန်၊

ရေနှင့် ဆက်နွယ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များအတွက် ငွေကြေးထောက်ပံ့ခြင်းကို စောင့်ကြည့်သည့် ဒေသတွင်းစနစ်တစ်ခု ဖန်တီးရန်၊ နိုင်ငံတစ်ခုခြင်းနှင့် နိုင်ငံတကာလှုပ်ရှားမှုများ လိုက်ဖက်ညီညွတ်စေခြင်း၊ ပူးပေါင်းဆောင်ရွက်မည့် မိတ်ဖက်များကို အားပေးဆွဲဆောင်ရန်။

အာရှ-ပစိဖိတ် ရေဖိုရမ် (APWF) သည် ဒေသတွင်း ရေဖူလုံရေး၊ ရေဘေးလုံခြုံရေးဆိုင်ရာ ဖြေရှင်းမှုများအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပံ့ပိုးကူညီရေး ဦးဆောင်အဖွဲ့အစည်းဖြစ်သည့်အလျောက် အောက်ပါတို့ကို လုပ်ဆောင်ရန် APWF အား ကျွန်ုပ်တို့ တောင်းဆိုပါသည်-

**အလွှာအားလုံး၌ ရေနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း**

လက်တွေ့လုပ်ဆောင်ရန် တိုက်တွန်းချက် (Call for Action) နှင့် အတူတွဲထွက်ပေါ်လာသည့် ဤရန်ကုန်ကြေညာစာတမ်းပါ "**ရှေ့ဆက်ရမည့်လမ်းစဉ်**"ကို ကမ္ဘာ့ဖိုရမ်များနှင့် ဒေသတွင်းဖိုရမ်များတွင် တင်ပြရန်၊

ရေဆိုင်ရာ အဆင့်မြင့်ပုဂ္ဂိုလ်များအဖွဲ့ (HLPW) ၏ နောက်ဆုံးထွက်ရှိလာသောရလဒ်များတွင် ဒေသတွင်း ခိုင်မာတိကျသည့်အချက်အလက်များ ထည့်သွင်းခြင်း၊

အဆိုပြုထားသော အာရှဒေသတွင်း ရေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရှုမြင်သုံးသပ်ချက် (Aisan Water Outlook) ကို အာရှ-ပစိဖိတ်ဒေသတွင်းရေဖူလုံရေး၊ ရေဘေးလုံခြုံရေးအခြေအနေအား လက်ရှိ လေ့လာဆန်းစစ်မှုတစ်ခုအဖြစ် အထောက်အကူပေးရန်၊

၂၀၁၈ ခုနှစ် မတ်လတွင် ဘရာဇီးနိုင်ငံ မြို့တော် Rasilia ၌ ကျင်းပမည့် အဋ္ဌမအကြိမ်မြောက်ကမ္ဘာ့ရေဖိုရမ် (8th World Water Forum) အတွက် အာရှ-ပစိဖိတ်ဒေသ၏ ကူညီပံ့ပိုးမှုကို ဦးဆောင်ခြင်း၊

၂၀၁၈ခုနှစ် ဇူလိုင်လတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ရေရက်သတ္တပတ် (Singapore International Water Week) လှုပ်ရှားမှုများတွင် တီထွင်ကြံဆ၊ ဆန်းသစ်မှုများအတွက် လှုံ့ဆော်ရန်၊ လက်တွေ့အလုပ်ဖြင့် ဦးဆောင်ရန်၊

စတော့ဟုမ်း ကမ္ဘာ့ရေရက်သတ္တပတ် (Stockholm World Water Week)အတွက် အာရှ-ပစိဖိတ်ဒေသ၏ ကူညီထောက်ပံ့ရေးအတွက် ညှိနှိုင်းဆောင်ရွက်သည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေရန်၊

တတိယအကြိမ်မြောက် ရေထိပ်သီးအစည်းအဝေးကို အောင်မြင်စွာလက်ခံကျင်းပပေးသည့်အတွက်နှင့် တက်ရောက်လာသော ဧည့်သည်တော်များ အားလုံးကို နွေးထွေးပျူငှာမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအား ကျွန်ုပ်တို့အားလုံးမှ လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း တညီတညွတ်တည်း ဖော်ပြအပ်ပါသည်။ ။

# တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျခိုင်မာသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် နည်းလမ်းများ၊ အဖြေများဆီသို့ ဦးတည်သည့် ဒေသတွင်းရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ဖြစ်မှုတို့ကို အားပေးမြှင့်တင်ရန်နှင့် အသိပညာများ၊ အတွေ့အကြုံများ မျှဝေရန် ရည်ရွယ်ကျင်းပသည့် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ (The 3rd Asia – Pacific Water Summit – 3rd APWS ) ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပသည်။

**ဆွေးနွေး**

ရှေးဦးစွာ စကားဝိုင်းဆွေးနွေးပွဲကို နေရာသုံးခုခွဲ၍ ကျင်းပရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပန်းတိုင်များကို အောင်မြင်စွာအကောင် အထည်ဖော်ရန် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာအခန်းကဏ္ဍ၊ ရေနှင့်သက်ဆိုင်သူများအားလုံး ပါဝင်သောဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အာရှ-ပစိဖိတ်ဒေသအတွင်း မြစ်ဖျားမှ မြစ်ဝဆီအထိ ပေါင်းစပ်လုပ်ဆောင်နိုင်သော အခွင့်အလမ်းများ စသည့် ခေါင်းစဉ်များကို ပြည်တွင်း၊ ပြည်ပပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားသည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား**

ဆက်လက်၍ စင်ကာပူနိုင်ငံမှ Senior Minister of the Environment and Water Resources Dr. Amy Khor၊ တွန်ဂါ (Tonga) နိုင်ငံမှ Chief Executive Officer, Ministry of Meteorology, Energy, Information , Disaster Management ,Climate Change and Communications Mr. Paula Ma'u၊ နီပေါနိုင်ငံမှ Vice Chair of National Planning Commission Dr.Swarnim Wagle၊ ဗီယက်နမ်နိုင်ငံမှ Deputy Minister of Natural Resources and Environment Mr. Ngoc Linh Nguyen၊ ကိုရီးယားနိုင်ငံမှ Assistant Minister of Land , Infrastructure and Transport Mr. Park Jaeheyon၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr. Daniel Zonshine၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်



ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ ဒုတိယနေ့တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နိုင်ငံသံအမတ်ကြီး H.E.Mr.Kapunan Eco Eduardo၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Mr.Nicholas Coppel၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H.E.Dr.Ito Sumard၊ တရုတ်နိုင်ငံမှ Director General , International Cooperation, Science & Technology Dept. of the Ministry of Water Resources Ministry of Water Resources Mr.Zhiguang Liu၊ ဗာနော့တူ (Vanartu) နိုင်ငံမှ Acting Director General , Department of Water Mr. Michael John Mangawai၊ ဘူတန် (Bhutan) နိုင်ငံမှ Chief Environment Officer, National Environment Commission, Ms.TenzinWangmo၊ Kyrgyz နိုင်ငံမှ Second Secretary of Department for Analysis and Coordination of Foreign Policy of the Ministry of Foreign Affairs , Mr. Timur Kydyrmyshev၊ Australia Water Partnership မှ Chief Executive Officer Dr. Nick Schoifield၊ International Centre for Water Hazard and Risk Management ( ICHARM ), Public Works Research Institute (PWRI) Director Dr. Toshio Koike၊ International Centre for Integrated Mountain Development (ICIMOD) Director General Dr. David Molden၊ International Water Management Institute (IWMI) မှ Executive Director Dr. Claudia Sadoff၊ Pacific Water and Wastewater Association (PWWA) မှ Chief Executive Officer Ms. Lusia Sefo Leau၊ Chief of Water Sector Group , Sustainable Development and Climate Change Department, Asian Development Bank (ADB) မှ Mr. Tom Panella၊ President World Water Council ကိုယ်စား Governor Mr.Clausen JoenchTorkil၊ Vice Chair of the APWF Governing Council Prof. Simon Tay တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ နှစ်ရက်တာအတွင်း ဆွေးနွေးသွားကြသည့် ခေါင်းစဉ် ၁၀ ခုတွင် ဦးဆောင်ဆွေးနွေးသူများက ခေါင်းစဉ်အလိုက် ပြန်လည်ခြုံငုံသုံးသပ်ဆွေးနွေးကြသည်။

**အတည်ပြုထုတ်ပြန်**

ထို့နောက် တတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ရေထိပ်သီးအစည်းအဝေးမှ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် "ရှေ့ဆက်ရမည့် လမ်းစဉ်" ရေဖူလုံရေး ရန်ကုန်ကြေညာစာတမ်းကို အာရှ-ပစိဖိတ် ဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ တစ်ခဲနက်သဘောတူညီချက်အရ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အတည်ပြု ထုတ်ပြန်ကြေညာသည်။

**(ရန်ကုန် ကြေညာစာတမ်းကို စာမျက်နှာ ၆ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် Chair of the Joint Steering Committee for the 3rd APWS , Secretary – General of Japan Water Forum as the APWF Secretariat Dr. Kotaro Takemura နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က ယခုညီလာခံကြီးတွင် အရည်အသွေးအရ ဆွေးနွေးမှုများအရပါ အောင်မြင်ပါကြောင်း၊ အစီအမံစီမံကိန်းများချမှတ်နိုင်ရန် သင်ယူနိုင်ခဲ့ပါကြောင်း၊ အရေးပါသည့် ဆုံးဖြတ်ချက်များချမှတ်နိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း နိဂုံးချုပ်မိန့်ခွန်း ပြောကြားကာ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံသို့ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ် ၆၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ပထမအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကို ဂျပန်နိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကို ထိုင်းနိုင်ငံ၌လည်းကောင်း ကျင်းပခဲ့ပြီး ယခုတတိယအကြိမ်မြောက် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။ **သတင်းစဉ်**



တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ ဒုတိယနေ့တွင် အခန်းကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပစဉ်။ သတင်းစဉ်

# ပထမဆုံးအကြိမ်ကျင်းပသော ရုပ်ရှင်ညီလာခံတွင် ရုပ်ရှင်လောကအလှ္ဘာအသီးသီးမှ အဆိုပြုတင်ပြချက် ၇၁ ချက် သဘောတူအတည်ပြုနိုင်ခဲ့



အကယ်ဒမီ ဇင်ဝိုင်း



အကယ်ဒမီ နေတိုး



အကယ်ဒမီ ထွန်းအိန္ဒြာဗို



အကယ်ဒမီ ခိုင်သင်းကြည်



အကယ်ဒမီ အောင်ခိုင်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကဦးဆောင်ကာ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပထမဆုံးအကြိမ်ကျင်းပခဲ့သော ရုပ်ရှင်ညီလာခံကြီးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။ ညီလာခံတွင် ရုပ်ရှင်လောကတစ်ခွင် အလှ္ဘာအသီးသီးမှ အဆိုပြုတင်ပြချက်များ၊ အကြံပြုချက်များကိုအတည်ပြုခြင်း၊ မှတ်တမ်းရယူခြင်းများပြုလုပ်ပြီး တက်ရောက်လာသော ရုပ်ရှင်လောကသားအများစုဆန္ဒနှင့်အညီ ခုံသမာဓိသုံးဦးမှ မဲခွဲဆုံးဖြတ်ကာ အတည်ပြုပေးနိုင်ခဲ့သည်။ ယင်းအတည်ပြုချက်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး၊ မကြာမီပေါ်ထွက်လာတော့မည့် ရုပ်ရှင်ဥပဒေအတွက်လည်း အဆိုပါအတည်ပြုချက်များက များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ယနေ့ကျင်းပသော မြန်မာနိုင်ငံ၏ ပထမဆုံးသော ရုပ်ရှင်ညီလာခံတွင် ရုပ်ရှင်လောကအလှ္ဘာအသီးသီးမှ အဆိုပြုတင်ပြချက် ၇၁ ချက်ကို သဘောတူအတည်ပြုပေးနိုင်ခဲ့သည်။ ယင်းသို့ အတည်ပြုပေးနိုင်ခဲ့သောပထမဆုံးအကြိမ် ကျင်းပသည့် ညီလာခံနှင့်ပတ်သက်၍ တက်ရောက်လာသည့် အနုပညာအသိုင်းအဝိုင်းမှ တာဝန်ရှိသူများ၊ အနုပညာလောကသားများကို သတင်းအဖွဲ့အနေဖြင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများအား ပြန်လည်ရေးသားဖော်ပြလိုက်သည်။

**အကယ်ဒမီဇင်ဝိုင်း (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး - ဥက္ကဋ္ဌ)**

ဒီညီလာခံအပြီး ဇန်နဝါရီ ၁၅ ရက်ဝန်းကျင်မှာ ဆင်ဆာနဲ့ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲရှိပါမယ်။ အဲဒီအတွက် ကြိုတင်ပြင်ဆင်ရပါမယ်။ ဒီညီလာခံမှာတောင်းဆိုသွားတဲ့ ရုပ်ရှင်ဥပဒေအမြန်ဆုံးပေါ်ထွက်လာဖို့လည်း ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျန်တဲ့အချက်တွေကိုလည်း တစ်ပြိုင်တည်းလုပ်သွားမှာဖြစ်ပါတယ်။ ဒီမှာတင်ပြတဲ့ တချို့အချက်တွေက ညှိရမှာတွေရှိပါတယ်။ ဥပမာထုတ်ဝေသူနဲ့ အနုပညာရှင်တွေကြားလိုဟာမျိုးတွေ အလှ္ဘာနှစ်လှ္ဘာကြားညှိရမယ့်ကိစ္စတွေရှိပါတယ်။ ဇာတ်ညွှန်းလှ္ဘာကတောင်းဆိုတယ် ဒါကိုလည်း ဒါရိုက်တာအလှ္ဘာနဲ့ညှိပေးရမှာဖြစ်ပါတယ်။ မညှိဘဲ အများနဲ့ဆုံးဖြတ်လိုက်မယ်ဆိုရင် တရားမျှတမှုဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါတွေ ကိုတစ်လှ္ဘာချင်းကြားမှာညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမှာပါ။ အကယ်ဒမီနဲ့ပတ်သက်ပြီး ဆွေးနွေးတင်ပြခဲ့တာတွေကတော့ ဒီနှစ်မမီတော့တဲ့အတွက် နောက်နှစ်မှာ လုပ်ဆောင်ပေးသွားမှာပါ။

*စာမျက်နှာ ၉ သို့*

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်တော်ကြီးအတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လုမ္ဗိနီမြို့ရှိ ဗုဒ္ဓမြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုမ္ဗိနီဥယျာဉ်တော်ကြီးအား ထိန်းသိမ်းရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပဏ္ဍိတာရာမ လုမ္ဗိနီအပြည်ပြည်ဆိုင်ရာ သာသနာ့ရိပ်သာသို့ ရောက်ရှိကြပြီး ရိပ်သာအတွင်းရှိ ယောဂီများ တရားအားထုတ်သည့်နေရာများကို လှည့်လည်ကြည့် ရှုလေ့လာကြကာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကျောင်းထိုင်ဆရာတော်နှင့်သီလရှင်ဆရာလေးတို့အား နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လောကမဏ်ိစူဠာစေတီတော်အား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် မြန်မာရွှေကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော် အရှင်ဝိဇ္ဇာနန္ဒအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး နဝကမ္မဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Kapilvastu ခရိုင်ရှိ ကပိလဝတ်မြို့ဟောင်းသို့ ရောက်ရှိကြပြီး မြို့ဟောင်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နီပေါနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် Pokhara မြို့သို့ ရောက်ရှိ၍ မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**တွေ့ဆုံဆွေးနွေး**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယမန်နေ့ ညနေပိုင်းတွင် နီပေါဖက်ဒရယ် ဒီမို ကရက်တစ်သမ္မတနိုင်ငံသမ္မတ H.E.Mrs. Bidhya Devi Bhandari နှင့် ခတ္တမန္ဒူမြို့ သမ္မတရုံးညှော့ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲပိုင်းကလည်း နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Sher Bahadur နှင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး Mr. Bhimsen Das Pradham နှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား နီပေါတပ်မတော် ကြည်းတပ်ဦးစီး ချုပ် Gen. Ranjendra Chhetri နှင့်ဇနီးတို့က ၎င်းတို့၏နေအိမ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်အတွင်း ကြည့်ရှုလေ့လာစဉ်။

# လွတ်လပ်တဲ့စာပေ၊ လွတ်လပ်တဲ့အသံနဲ့ လုပ်နိုင်မှာဖြစ်တဲ့အတွက် ဒီလိုညီလာခံမျိုးကို ကြိုဆိုပါတယ်

**စာပေညီလာခံ ၂၀၁၇ အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲ က ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့သည်။ အဆိုပါညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော စာပေပညာရှင်ကြီးများကို တွေ့ဆုံမေးမြန်းခဲ့ရာ-**

**ဆရာကောင်းသန့်**
**(စာပေညီလာခံ ဗဟိုဦးစီးကော်မတီ)**

စာပေညီလာခံကျင်းပဖြစ်တဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ်။ ၅၅ နှစ်ရှိပြီ။ ဒီလိုပွဲမျိုးကို ကျွန်တော်မကြုံဖြစ်တာ။ ကြားထဲမှာလည်း လုပ်ခဲတယ်ပေါ့။ သို့ပေမယ့် မလွတ်လပ်ဘူး။ညီလာခံတော့ကျင်းပတယ်။ တစ်ယောက်က အဆိုတင်တယ်။ တစ်ယောက်က ထောက်ခံတယ်။ အားလုံးက ဝိုင်းသဘောတူတယ်ပေါ့နော်။ ပြည်သူတွေအတွက်ပါ စာဖတ်သူတွေအတွက် အစိုးရသစ်အတွက်ဆိုတာ သမိုင်းမှတ်တမ်းတစ်ခုပါပဲ၊ အင်မတန်မှဖြစ်တောင့်ဖြစ်ခဲ တကယ့်ကို စာပေသမားတွေ ညီညီညွတ်ညွတ်နဲ့ ပြည်သူ့အသံ၊စာရေးဆရာတွေရဲ့အသံ၊ လွတ်လပ်တဲ့အသံ၊ လွတ်လပ်တဲ့စာပေပေါ့နော်၊ ဒီစာပေညီလာခံဟာ သမိုင်းမှာ တော်တော်ကိုထူးခြားတဲ့ အောင်မြင်မှုမှတ်တိုင်ပါပဲ။ စာရေးဆရာတစ်ယောက်အနေနဲ့လည်း ဂုဏ်ယူပါတယ်။ ဌာနတစ်ညီတစ်ညွတ်တည်း ဖြစ်သွားတဲ့အတွက် စာပေနဲ့ပတ်သက်ပြီး တစ်ယောက်နဲ့တစ်ယောက် အမြင်တွေလည်း ပိုကြည်လာလိမ့်မယ်လို့ထင်တယ်၊ အရင်တုန်းကဆိုရင် သူ့အဖွဲ့အစည်း၊ ငါ့အဖွဲ့အစည်းလေးတွေ ရှိတယ်၊ အခုတော့တစ်ညီတည်း စိတ်တူကိုယ်တူ ဖြစ်သွားတဲ့အတွက် ရှေ့လျှောက်စာပေလောကကြီး ပိုကောင်းသွားမယ်လို့ ထင်ပါတယ်။ လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံဆိုတဲ့ ဆောင်ပုဒ်အတိုင်း လူတိုင်းမှာ ခံစားချက်တွေ အကုန်လုံးရှိကြတယ်လေ။ အဲဒီလို ရှိကြတဲ့အတိုင်း ဖွင့်ပြောလို့ရလာပြီ။ အရင်တုန်းကလို မလွတ်လပ်တဲ့အကုန်လုံးကို ပြီးရင်အနှစ်ချုပ်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကို ပို့လေ၊ ဝန်ကြီးဌာနတွေကလည်း လိုလိုလားလား ပူးပေါင်းဆောင်ရွက်ပေးနိုင်တာကို ဆောင်ရွက်ပေးပေါ့၊ ဒါဆိုစာပေလောကအတွက်ရော၊ စာဖတ်ပရိသတ်အတွက်ပါ၊ မြန်မာစာပေသမိုင်းအတွက်လည်း ဒီစာပေညီလာခံကြီးက အမြင့်မားဆုံးမှတ်တိုင်ကြီး ဖြစ်လာမယ်လို့ ထင်ပါတယ်။

**ဆရာ ဟိန်းလတ်**

၁၉၆၂ခုနှစ်တုန်းက ကမ္ဘာအေးစာပေညီလာခံလုပ်ခဲ့တယ်၊ ဒါပေမယ့် အဲ့ဒါက အစိုးရကလုပ်ခိုင်းတာ မလွတ်လပ်ဘူး၊



ဆရာကောင်းသန့်



ဆရာမ သန်းမြင့်အောင်





ဆရာမ အေးအေး(ဥက္ကလာ)



ဆရာ ဂုဏ်ထူးဦးသိန်းနိုင်



ဆရာ ဟိန်းလတ်

ဗဟိုကချပေးတယ်။အခုဟာကတော့ အစိုးရက ပါဝင်စွက်ဖက်ခြင်းမရှိဘဲနဲ့ ပုံပိုးကူ ညီတဲ့အနေနဲ့ပဲ ကျွန်တော်တို့စာပေသမားအဖွဲ့ကနေ စုစည်းပြီးတော့ စည်းဝေးတိုင်ပင်ပြီး ဒီလိုပွဲမျိုးကို လုပ်နိုင်တဲ့အတွက် လွတ်လပ် တဲ့စာပေ၊ လွတ်လပ်သောအသံနဲ့ လုပ်နိုင်မှာ ဖြစ်တဲ့အတွက် ဒီလိုညီလာခံမျိုးကို ကျွန်တော်တို့ကြိုဆိုပါတယ်၊ လွတ်လွတ်လပ်လပ်ဆွေးနွေးပြီးတော့ ရလာတဲ့ရလဒ်ကိုတင်ပြမှာပါ။ အဲ့ဒီလိုတင်ပြတဲ့အခါမှာ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ကျွန်တော်တို့အသံကို နားထောင်ပြီးတော့ တတ်နိုင်သလောက်ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

**ဆရာမသန်းမြင့်အောင်**
**ကော်မတီဝင်(၅) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**

စာပေညီလာခံက စာရေးဆရာတွေအတွက်ကောဆိုင်ရာမှာ တာဝန်ထမ်းဆောင်နေရတဲ့ သူတစ်ယောက်အနေနဲ့လည်း ဂုဏ်ယူပါတယ်။ စာပေညီလာခံကျင်းပခြင်းအားဖြင့် စာပေလွတ်လပ်ခွင့်တွေရလာမယ်။ လွတ်လပ်စွာရေးသားခြင်းဆိုတာ လက်လွတ်စပယ်ရေးသားခြင်းမဟုတ်ဘူး။ ပြည်သူလူထုကို အကျိုးပြုစေတဲ့စာ၊ မှန်ကန်တဲ့စာ၊ အကြောက် တရားကင်းမဲ့တဲ့စာ၊ အမှန်တရားကို ဖော်ထုတ်နိုင်တဲ့စာမျိုးပေါ့၊ ဒီလိုစာပေတွေကို ရေးသားသွားနိုင်မှ စာဖတ်သူတွေ ဖတ်ရှုရလာနိုင်မှာ ဖြစ်ပါတယ်။

**ဆရာမ အေးအေး (ဥက္ကလာ)**

အခုလိုမျိုး စာပေဝါသနာပါတဲ့သူတွေရော၊ လက်ရှိဝေးနေတဲ့သူတွေပါ တစ်စုတစ်စည်းတည်းမွေးထုတ်ပြီးတော့ အားရှိသွားအောင် လုပ်ပေးလိုက်တယ်လို့ ထင်ပါတယ်။ အခုလိုမျိုးအခြေအနေမျိုးမရှိတော့ဘူးလေ၊ အရင်ကစာတစ်လုံးနဲ့ ထောင်တစ်သက်ကျသွားတာမျိုး ရှိတယ်လေ၊ အခုကတော့ စာပေနဲ့ပတ်သက်ပြီး နိုင်ငံ့အတွက် ကိုယ်ဘယ်လို အထောက်အကူပေးနိုင်မလဲ ဆိုတာတွေ၊ အကြံတွေလည်း ပေးနိုင်ပြီပေါ့၊ အဲ့ဒီလို အများကြီး ပိုပြီးကောင်းလာတယ်လို့ အစ်မကတော့ထင်ပါတယ်။

**ဆရာဂုဏ်ထူးဦးသိန်းနိုင်**

လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံလေ၊ ဒီမိုကရေစီရဲ့ အသီးအပွင့်ပါဗျာ၊ ဒီထက် ဒီမိုကရေစီအသီးအပွင့်စစ်ဟာ ဘယ်ရှိတော့မလဲ၊ ကဗျာတွေ ရွတ်လိုက်ကြတာ လွတ်လွတ်လပ်လပ်ပေါ့၊ ခါတိုင်းဆို အဲ့ဒီလိုသာရွတ်၊ နောက်က လက်ထိတ်ကလေးနဲ့ ထိုင်စောင့်နေမှာ။ အင်မတန်ကောင်းတယ်၊စာပေစာဖတ်ဝိုင်းတွေမှာလည်း ဘာသာရပ်စုံတယ်၊ ဒါတွေနောက်ကျန်တဲ့ အချိန်မှာ စာရေးဆရာအသင်း၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေလုပ်သားတို့ကလည်း စာပေညီလာခံတွေလုပ်ခဲ့တယ်၊ ဒါပေမယ့် အဲ့ဒါတွေက အစိုးရကပါနေတယ်၊ အခုတော့လွတ်လွတ်လပ်လပ်နဲ့ အစိုးရက လုံးဝမပါဘဲနဲ့ စာပေသမားတွေအားလုံး ဝိုင်းဝန်းလုပ်ဆောင်တဲ့ စာပေညီလာခံ ကအလွတ်လပ်ဆုံးဖြစ်တယ်၊ ဒါ့ကြောင့်မို့လို့ ဒီကနေထွက်ပေါ်လာတဲ့ စာပေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ တောင်းဆိုမှုတွေအားလုံးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြပြီးတော့၊ ဝန်ကြီး ဌာနတွေက ဖြည့်ဆည်းပေးမယ်လို့ ယုံကြည်တဲ့အတွက် တကယ်အနှစ်သာရရှိတဲ့ စာပေညီလာခံလို့ ကျွန်တော်မြင်မိပါတယ်။ ။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




## မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်း၍ သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးခြင်း၊ ထောက်လှမ်းခြင်း၊ တရားစွဲတင်ခြင်းနှင့် တရားရုံးအမှုလိုက်ပါဆောင်ရွက်ခြင်းဆိုင်ရာတို့တွင် စွမ်းဆောင်ရည်မြင့်မားရေးအတွက် UNODC ၏ နည်းပညာအကူအညီ ပံ့ပိုးမှုဖြင့် Corruption Detection and Investigation သင်တန်းဖွင့်ပွဲအား ယနေ့ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းတွင် UNODC မှ နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က ဦးဆောင်လေ့ကျင့်ဆွေးနွေးသွားမည်ဖြစ်ပြီး သင်တန်းကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်ကြားနိုင်ပါသည်

နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးသဘောတူစာချုပ် (CEDAW)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက် သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇)ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့် ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည်-

(၁) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊
(ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)
(၂) တိုင်တန်းသူသည် မည်ကဲ့သို့မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့် သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊
(၃) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊
(၄) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ။

**မှတ်ချက်။** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံ မေးမြန်းပါမည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ပုဂံယဉ်ကျေးမှု အမွေအနှစ်ဇုန်အတွင်းရောက်ရှိနေသော ကျေးရွာအချို့မှ ပြည်သူများ၏ တင်ပြစာနှင့်ပတ်သက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထား

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသမှ အမွေအနှစ်ဇုန် (Property Zone) အတွင်း ရောက်ရှိနေသော ကျေးရွာအချို့မှ ပြည်သူများသည် စားဝတ်နေရေး၊ စီးပွားရေးလုပ်ငန်းဆောင်တာများဆောင်ရွက်ရန် ကန့်သတ်ခံရမည်ကိုစိုးရိမ်၍ အမွေအနှစ်ဇုန်မှ ကြားခံဇုန်သို့ ပြောင်းလဲထည့်သွင်းပေးရန်နှင့် ထိုသို့ ပြောင်းလဲထည့်သွင်းပေးရန် တင်ပြချက်သည် ကမ္ဘာ့အမွေအနှစ်တင်သွင်းရေးအတွက် အဟန့်အတားဖြစ်ပါက အချက်သုံးချက်ကို ပြင်ဆင်ပေးပါရန် လက်မှတ်ရေးထိုးထားသည့် အသနားခံတင်ပြစာကို တင်ပြလာကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့တင်ပြလာမှုအပေါ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒကိုအထူးအလေးထား၍ ညှိနှိုင်းပြင်ဆင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒေသခံများ တောင်းဆိုသည့် ပထမအချက်ကို လူနေထိုင်ရန်၊ လယ်ယာလုပ်ငန်းနှင့် လက်မှုပစ္စည်းထုတ်လုပ်ခြင်းကဲ့သို့သော ရိုးရာဓလေ့လုပ်ငန်းများ၊ ခွင့်ပြုချက်ဖြင့်ရုံးများ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ခရီးသွားဧည့်သည် တည်းခိုရန် စသည့် အသုံးပြုမှုများအတွက် ဆောက်လုပ်နိုင်သည်ဟူ၍ လည်းကောင်း၊ ဒုတိယအချက်ကို စားသောက်ဆိုင်များနှင့် ခရီးသွားများတည်းခိုနေထိုင်ရန် တည်ဆောက်မည့် အဆောက်အအုံတစ်ခု၏ ဧရိယာသည် ပေ ၂၄၀၀ ထက် မပိုရဘဲ ကျေးရွာပုံစံ တစ်ထပ်သာဖြစ်ရမည်ဖြစ်ပြီး အမြင့် ၁၆ ပေထက် မကျော်လွန်ရ၊ နေအိမ်များအတွက် အမြင့်ပေ ၃၀ ထက်မကျော်လွန်ရ ဟူ၍လည်းကောင်း၊ တတိယအချက်ဖြစ်သည့် စီးပွားရေးဆိုင်ရာ ဆက်သွယ်ရေးတာဝါများ တည်ဆောက်ခွင့်မပြုဟူသောအချက်အစား ဒေသခံများ အကြံပြုတင်ပြသောအချက်ကို အနည်းငယ်ဖြည့်စွက်၍ ပုဂ္ဂလိကဆက်သွယ်ရေး (သို့မဟုတ်) ရုပ်သံမီဒီယာကိရိယာများ ဂြိုဟ်တုနှင့် စလောင်းများနှင့် အလားတူပစ္စည်းများ တပ်ဆင်ခြင်း ဆောင်ရွက်ရာတွင် မြင်သာထင်ရှားမှုမရှိအောင် ဆောင်ရွက်ရမည်၊ စီးပွားရေးဆိုင်ရာဆက်သွယ်ရေး တာဝါများကို တည်ဆောက်လိုပါက ရှေးဟောင်းအမွေအနှစ် မြင်ကွင်းအားထိခိုက်မှုမဖြစ်စေသော ဆက်သွယ်ရေးစနစ် တည်ဆောက်သုံးစွဲနိုင်ရန် ယဉ်ကျေးမှုအမွေအနှစ်များကိုထိခိုက်နိုင်မှုဆန်းစစ်ခြင်း (Heritage Impact Assessment) စိစစ်ချက်နှင့်အညီ ခွင့်ပြုနိုင်သည်ဟူ၍လည်းကောင်း ပုဂံရှေးဟောင်း အမွေအနှစ်ဒေသနှင့် ရှေးဟောင်းအဆောက်အအုံများဥပဒေမူဘောင်ပါ ကျေးရွာနယ်မြေများအတွက် အဆောက်အအုံဆိုင်ရာ ဒေသတွင်း ဥပဒေစည်းမျဉ်းများအရ ပြင်ဆင်ကာ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

ထို့ပြင် ဒေသခံပြည်သူများအနေဖြင့်လည်း ထူးခြားထင်ရှားသောပုဂံဒေသကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရရေးအတွက် အမျိုးသားတာဝန်အဖြစ် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ထုတ်ပြန်ချက်တွင် မေတ္တာရပ်ခံထားသည်။

**ရှင်မင်း**

## မြန်မာနိုင်ငံ သမိုင်းအသင်း စတင်ဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံသမိုင်းအသင်း (Myanmar Historical Society) စတင်ဖွဲ့စည်းရန်အတွက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းကို ဒီဇင်ဘာ ၉ ရက်က ရန်ကုန်တက္ကသိုလ် ဝေသာလီဆောင်တွင် ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန၊အငြိမ်းစားပါမောက္ခ ဒေါက်တာတိုးလှက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသမိုင်းအသင်း၏နာယကကြီးများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များကို ရွေးချယ် တင်မြှောက်ကြသည်။ ထိုသို့ ရွေးချယ်ရာတွင် ဥက္ကဋ္ဌအဖြစ် ရန်ကုန်တက္ကသိုလ်သမိုင်းဌာန အငြိမ်းစားပါမောက္ခ ဒေါက်တာမာဂရက်ဝေါင်း၊ ဒုတိယ ဥက္ကဋ္ဌ(၁) အဖြစ် မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာ မောင်ချို၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါ်မေရီလွန်ပွမ်၊ အထွေထွေအတွင်းရေးမှူး(၁) ရန်ကုန်တက္ကသိုလ် သမိုင်းဌာနပါမောက္ခ ဒေါက်တာ ဒေါ်မိုမိုသန်း၊ အထွေထွေအတွင်းရေးမှူး(၂)အဖြစ် မန္တလေးတက္ကသိုလ် သမိုင်းဌာန ပါမောက္ခ ဒေါက်တာ ဒေါ်ရီရီဝင်းနှင့် အတွင်းရေးမှူးများအဖြစ် ဦးသီဟကိုကို (ကျောင်းသားဟောင်း)၊ မန္တလေးတက္ကသိုလ် သမိုင်းဌာန အငြိမ်းစားပါမောက္ခ ဒေါက်တာ ဥက္ကာမြ၊ ဒေါက်တာ ဇော်စိုးမင်း၊ မန္တလေးတက္ကသိုလ် သမိုင်းဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ ကိုကိုနိုင်၊ မကွေးတက္ကသိုလ် သမိုင်းဌာနမှ ဒေါက်တာနေဝင်း၊ ဘဏ္ဍာရေးမှူးများအဖြစ် ဒေါက်တာ သင်းသင်းအေး၊ ဦးကိုကိုတိုးလွင်သော်၊ ဒေါက်တာ ဝေဝေအိမ်၊ ဒေါက်တာ မိမိလှိုင်တို့ကို လည်းကောင်း၊ စာရင်းစစ်များအဖြစ် ဒေါ်ဝင်းဝင်းမော်၊ ဒေါ်ရွှေစင်၊ ဦးထွန်းထွန်းငြိမ်း၊ ဒေါ်အေးအေးမိုး၊ ဦးဆန်းထွန်းအောင်၊ ဦးနေလင်းမောင်မောင်၊ ဦးထွန်းမြင့်အောင်၊ ဒေါ်အေးအေးမြင့်တို့ကိုလည်းကောင်း၊ အမှုဆောင်ကော်မတီဝင် ၁၅ ဦးကိုလည်းကောင်း ရွေးချယ်တင်မြှောက်လိုက်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

*စာမျက်နှာ ၇ မှ*

တက်ရောက်လာတဲ့ အနုပညာရှင်တွေကိုကျေးဇူးတင်ပါတယ်။ ဒီလောက်ညီညီညွတ်ညွတ်နဲ့ တက်လာမယ်လို့တောင် ထင်မှတ်မထားပါဘူး။ ဒီအတွက် အနုပညာရှင်လောကသားများကို အလွန်ပဲ ကျေးဇူးတင်ပါတယ်။ ဒီကနေ့ အတည်ပြုပေးတာက ရာနှုန်းပြည့်ဖြစ်ပါတယ်။ အတည်ပြုပေးရုံနဲ့ မပြီးသေးပါဘူး။ ဒီအချက်တွေကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဆက်လက်အကောင်အထည်ဖော်ပေးရဦးမယ်။ အကောင်အထည်ပေါ်သွားပြီဆိုမှ အောင်မြင်မှာပါ။ ရုပ်ရှင်ဥပဒေနဲ့ပတ်သက်လို့ ဒီလအတွင်းမှာပဲလွှတ်တော်အဖွဲ့နဲ့ တွေ့ဆုံဖို့ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့လည်း ညှိနှိုင်းဖို့ရှိပါတယ်။ မူကြမ်းတစ်စောင်ထွက်လာတာနဲ့ ရုပ်ရှင်လောကသားတွေကို ချပြပေးသွားမှာဖြစ်ပါတယ်။ ဒီညီလာခံကနေ ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခုဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

**အကယ်ဒမီ နေတိုး(ရုပ်ရှင်သရုပ်ဆောင်)**

မြန်မာ့ရုပ်ရှင်လောကရဲ့ ပထမဆုံးရုပ်ရှင်ညီလာခံကျင်းပတဲ့နေ့ဖြစ်ပါတယ်။ ရုပ်ရှင်လောကအင်အားကြီးအောင် အနုပညာရှင်ညီအစ်ကိုမောင်နှမတွေအားလုံး ဆွေးနွေးတိုင်ပင်ကြတဲ့ နေ့တစ်နေ့လည်းဖြစ်တော့ ပရိသတ်ကျေနပ်အားရမယ့် အနေအထားမျိုးတွေ အားလုံးက ဝိုင်းဝန်း ကြိုးစားနေကြပါတယ်။ ဒီအချိန်မှာ ဒီလိုညီလာခံလုပ်ရခြင်းဟာ နောင်အနာဂတ် ရုပ်ရှင်လောကအတွက် အင်အားဖြစ်စေပါတယ်။ ဒီညီလာခံမှာ အဆိုပြုချက်တွေက မဲအနည်း၊ အများနဲ့အတည်ပြုထားတာပါ။ လူအများရဲ့ဆန္ဒဟာ အမှန်တရားတစ်ခုကို ဦးတည်ပါတယ်။ ရာခိုင်နှုန်း ၉၀ က လူအများရဲ့ဆန္ဒအတိုင်းဖြစ်မှာပါ။ ညီလာခံမှာအကယ်ဒမီနဲ့ပတ်သက်လို့ တင်ပြသွားတာတွေကတော့ အားလုံးက လက်ခံနိုင်တာတွေများပါတယ်။ လူကြီးတွေ၊ ဝါရင့်အနုပညာရှင်ကြီးတွေရဲ့ဆုံးဖြတ်ချက်ဆိုတာကတော့ အမှားနည်းပါတယ်။ အတတ်နိုင်ဆုံး ရှေ့မှာ ဖြစ်ခဲ့တာရယ်၊ လက်ရှိဖြစ်ပေါ်လာမယ့် အရာရယ် ဒါတွေကို သုံးသပ်ဆင်ခြင်ပြီးတော့ အကောင်းဆုံး နည်းလမ်းတစ်ခုကိုတော့ ရှာတွေ့နိုင်မယ်လို့ ထင်ပါတယ်။ ဒီညီလာခံမှာ အဓိက သရုပ်ဆောင်အလွှာကတင်ပြမှုက ပုံမှန်အားဖြင့်ပြောရရင် ပြောပြစရာသိပ်မလိုပါဘူး။ ဟန်ချက်ညီညီ ရှိနေပါတယ်။ တခြားအလွှာတွေက တင်ပြချက်တွေပိုများပါတယ်။ ကောင်းမွန်သေသပ်တဲ့ ရုပ်ရှင်ဖန်တီးတဲ့နေရာမှာ ပိုထိရောက်မှုရှိအောင်နဲ့ အားလုံးရည်ရွယ်ချက်က ရုပ်ရှင်လောက ဒီထက်ဖွံ့ဖြိုးတိုးတက်ဖို့ မျှော်မှန်းပြီး ကျင်းပတာဖြစ်တယ်လို့ ပြောလိုပါတယ်။

**အကယ်ဒမီ ထွန်းအိန္ဒြာဗို (ရုပ်ရှင်သရုပ်ဆောင်)**

ဒီနေ့ညီလာခံကို ရုပ်ရှင်လောကသား တစ်ဦးအနေနဲ့ လောကသားများအားလုံးရဲ့ အလွှာအသီးသီး က စကားသံတွေ၊ တင်ပြချက်တွေ၊ အတည်ပြုချက်တွေကိုသိချင်လို့ တက်ဖြစ်ခဲ့တာပါ။ အားလုံးရဲ့ဆန္ဒကို နားထောင်ပြီး အသိအမှတ်ပြုပေးတဲ့ ညီလာခံဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ရုပ်ရှင်လုပ်ငန်းက ဈေးကွက်နဲ့ ဆက်စပ်နေတာဖြစ်တဲ့အတွက် ဈေးကွက်ကောင်းမှ ဒီလုပ်ငန်းကြီးတစ်ခုလုံးလည်း ပိုကောင်းလာနိုင်မယ်၊ ဈေးကွက်ပျက်နေသရွေ့ အားလုံးအဆင်ပြေမယ်လို့တော့ မမြင်ပါဘူး။ ဒါက ကျွန်မတစ်ဦးတည်းရဲ့ ထင်မြင်ယူဆချက်ပါ။ ဖြစ်စေချင်တာကတော့ ရုပ်ရှင်လောကရဲ့ဈေးကွက်ကောင်းအောင် ဘယ်လိုကြိုးစားမလဲဆိုတဲ့ ဆွေးနွေးမှုမျိုးကို ပိုပြီးမျှော်လင့်ပါတယ်။ အရင်ကျွန်မတို့ ကင်မရာရှေ့ရောက်စဉ်ကနဲ့ လတ်တလောရုပ်ရှင်လောကဈေးကွက်အနေနဲ့က တော်တော်လေးကို ကွာခြားနေပါတယ်။ အဲဒီတုန်းကတော့ ဈေးကွက်တော်တော်လေး ကောင်းခဲ့ပါတယ်။ လတ်တလော ရုပ်ရှင်လောကမှာ တရားဥပဒေနဲ့ အညီ ထိန်းမတ်ပေးဖို့ အကူအညီ အများကြီးလိုအပ်တယ်လို့ တောင်းဆိုချင်ပါတယ်၊ တင်ပြချင်ပါတယ်။ ဈေးကွက်ကောင်းလာဖို့ ဘယ်လိုတွေလုပ်ကြမလဲဆိုတဲ့ ဆွေးနွေးမှုမျိုးကို လိုအပ်တယ်လို့ထင်ပါတယ်။ ရုပ်ရှင်လောက ဈေးကွက်ကောင်းမှ ကျန်တဲ့တောင်းဆိုမှုတွေက အလွယ်တကူ လိုက်လျောပေးနိုင်မယ်လို့ မြင်ပါတယ်။ ဈေးကွက်နဲ့မဆိုင်ဘဲ လိုက်လျောလို့ရမယ့် အပိုင်းကတော့ တစ်မျိုးပေါ့။ ဒီညီလာခံရလဒ်ပိုင်းအနေနဲ့ ပြောရရင် လုံးဝမတွေ့ဆုံတာနဲ့စာရင် တွေ့ဆုံကြတာက တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလေးတွေ၊ သဘောထားလေးတွေသိခွင့်ရမယ်၊ လိုက်လျောနိုင်တာ လိုက်လျောခြင်းအားဖြင့် ပျော့ပျော့ပျောင်းပျောင်းနဲ့ ဆက်ဆံရေးတွေ ပြေလည်လာမယ်။ စည်းလုံးညီညွတ်မှုလည်းပိုရှိလာမယ်လို့ ထင်ပါတယ်။ ဒီလိုညီလာခံမျိုးကို တစ်နှစ်တစ်ကြိမ်လောက်တော့ အနည်းဆုံးလုပ်စေချင်ပါတယ်။

**အကယ်ဒမီ ခိုင်သင်းကြည်( ရုပ်ရှင်သရုပ်ဆောင်)**

ရုပ်ရှင်ညီလာခံဆိုတော့ ရုပ်ရှင်လောကသားတွေအားလုံး တက်ရောက်သင့်တယ်ထင်လို့ လာရောက်တက်ဖြစ်တာ ဖြစ်ပါတယ်။ တင်ပြချက်တွေကို မသိလိုက်ရမဖြစ်အောင် လာတက်တာပါ။ ဒီညီလာခံကနေ အားလုံးအကောင်းဆုံးဖြစ်လာမှာပါ။ အခုလိုညီလာခံမျိုး တစ်နှစ်တစ်ကြိမ်လောက် လုပ်ပေးရင် ပိုပြီးအဆင်ပြေမှာပါ။ ရုပ်ရှင်လောကသားတွေအားလုံးကတော့ နိုင်ငံတကာအဆင့်မီချင်တယ်။ မီးတွေ၊ မှန်တွေ ထိုးတဲ့ လူကအစပေါ့။ သူများနိုင်ငံတွေမှာက မီးထိုးတာကအစ ခေတ်မီနေတယ်။ ဒါပေမယ့် ခုနောက်ပိုင်းတော့ စက်ပိုင်းဆိုင်ရာကအစအရင်နဲ့စာရင် ပိုကောင်းလာပါပြီ။ ကောင်းလာပြီဆိုပေမယ့်လည်း ကမ္ဘာ့အဆင့်မီဖို့မပြောနဲ့ အိမ်နီးချင်းနိုင်ငံတွေမီဖို့ကို ကြိုးစားရဦးမှာပါ။ ဖြစ်ချင်တာကတော့ အစောကပြောသလို လောကသားတစ်ခုလုံးက ဖြစ်ချင်ကြတာချည်းပါပဲ။ အချိန်တစ်ခုတော့ စောင့်ဖို့လိုမယ်ထင်ပါတယ်။ ချက်ချင်းကြီးလည်း ဖြစ်မလာနိုင်ဘူးလေ။ အားလုံးဝိုင်းပြီးတော့ ကြိုးစားရမှာပါ။ အခုချိန်ထိ မြန်မာနိုင်ငံမှာ ကသရုပ်ဆောင်တစ်ဦးဖြစ်ပေမယ့်လည်း စီးရမယ့်ဖိနပ်က အစ အကုန်လိုက် ပြင်ဆင်နေရတုန်းပါ။ အဝတ်အစားတွေကအစ ဒီညီလာခံမှာလည်း တင်ပြထားတာတွေ ကြားရတယ်။ အကယ်ဒမီ ဆုပေးပွဲမှာ မိတ်ကပ်ပြင်ဆင်ဆုတွေ၊ အဝတ်အစားဆုတွေ တင်ပြထားတာ တွေ့ရပါတယ်။ အဲဒီလိုပေးလာရင်တော့ ကြိုးစားတဲ့သူတွေက ကြိုးစားလာမှာပါ။ နိုင်ငံတကာမှာတော့ သရုပ်ဆောင်တွေကိုယ်တိုင် လိုက်လုပ်ရတာမရှိပါဘူး။ သူတို့နိုင်ငံမှာက ရိုက်ကွင်းကိုလာရုံပဲ။ ပြောချင်တာက တိုင်းပြည်တစ်ခုနဲ့ တစ်ခုကွာခြားမှုကလည်းရှိတော့ သိပ်တော့လည်း အများကြီး မျှော်လင့်မထားပါဘူး။

**အကယ်ဒမီ အောင်ခိုင်(ရုပ်ရှင်သရုပ်ဆောင်)**

ဒီလိုညီလာခံမျိုး အရင်ဝန်ကြီးဌာနအောက်မှာ ရှိတုန်းကတော့ ဗိုလ်အောင်ကျော်လမ်းမှာ တစ်ခါကျင်းပခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့ NGO အနေနဲ့ ကျင်းပခဲ့တာမဟုတ်ပါဘူး။ NGO ဖြစ်မှတော့ ဒါ ပထမဆုံးကျင်းပတာလို့ ပြောလို့ရပါတယ်။ ညီလာခံတစ်ခုဖြစ်ဖို့ကလည်း အချိန်တွေ အများကြီးယူရတယ်။ စည်သူဘဘ ဗိုလ်ကလေးတင့်အောင်ရဲ့ ညွှန်ကြားချက်နဲ့ ဒီညီလာခံကို ဖြစ်မြောက်အောင် အချိန်ယူလုပ်ခဲ့ရတယ်။ သုံးလအတွင်း ကြိုးစားပမ်းစားလုပ်ခဲ့ရတာပါ။ ဒီညီလာခံပြီးလို့ မကြာခင်မှာပဲ ရုပ်ရှင်ဥပဒေဆိုတာ ပေါ်ထွက်လာတော့မှာပါ။ ရုပ်ရှင်ဥပဒေရေးဆွဲနေတာ ကာလအားဖြင့် သုံးနှစ်တာကာလထဲကို ရောက်ရှိနေပါပြီ။ လိုအပ်ချက်တွေ၊ ဖြည့်စွက်စရာတွေ ဖြည့်စွက်ရင်းနဲ့ ဥပဒေပေါ်ထွက်လာတော့မှာ ဖြစ်တဲ့အတွက် ဥပဒေမူဘောင်အတွင်းကနေ ဒီနေ့ညီလာခံမှာ ရုပ်ရှင်အလွှာ ၁၀ လွှာကနေ တင်ပြတဲ့ အကြောင်းအချက်တွေပေါ်မှာ ဖြစ်နိုင်ခြေရှိတာ၊ မဖြစ်နိုင်ဘူးဆိုတာ၊ ဒါတွေကို ဥပဒေအရမူဘောင်ထဲကနေ ဖြေရှင်းရင်းပြောင်းလဲသွားဖို့ လမ်းကြောင်းပေါ် ရောက်နေပါပြီ။ ဒါတွေအပြင် ၂၀၁၈ ခုနှစ် ခြောက်လအတွင်းဖိုရမ် ခြောက်ခု လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ဒီညီလာခံက ထွက်လာတဲ့ အဖြေတွေဟာ ရုပ်ရှင်လောကအတွက် ကောင်းသောပြောင်းလဲခြင်းတွေနဲ့ ပြောင်းလဲလာမယ်လို့ ထင်ပါတယ်။ ။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်း သာသနာရေးဆိုင်ရာများ ဆောင်ရွက်



**သံတွဲ ဒီဇင်ဘာ ၁၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယမန်နေ့ နံနက်ပိုင်းက သံတွဲမြို့ သီရိမင်္ဂလာ မြို့ဦးကျောင်းတိုက်၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်၌ လည်းကောင်း သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား တွေ့ဆုံ၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဂွမြို့နယ် သာသနာ့ဗိမာန်သို့ရောက်ရှိ၍ ဂွမြို့နယ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများထံ သာသနာရေးဆိုင်ရာများကို လျှောက်ထား၍ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် သံတွဲခရိုင်အတွင်းရှိ ဆရာတော်ကြီးများထံ နိုင်ငံတော် အစိုးရနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းလျှောက်ထားခဲ့ရာ ဆရာတော်ကြီးများက နိုင်ငံတော်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို သိရှိရ၍ ကျေနပ်ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ရမည့် ကိစ္စအဝဝကို ဥပဒေနှင့်အညီ ပြတ်ပြတ်သားသား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆရာတော်ကြီးများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ထောက်ခံသည်ဟု သြဝါဒ မိန့်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

# မောင်တောမြို့နယ်တွင် လွှတ်တော်ရန်ပုံငွေဖြင့် လုပ်ငန်း ၂၃ ခု ဆောင်ရွက်မည်

**မောင်တော ဒီဇင်ဘာ ၁၂**

မြန်မာတစ်နိုင်ငံလုံးတွင် တစ်မြို့နယ်လျှင် ငွေကျပ် သိန်း ၁၀၀၀ နှုန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်က ရန်ပုံငွေ ချထားပေးလျက်ရှိရာ ယခုနှစ်တွင် မောင်တောမြို့နယ်၌ ယင်းရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၃ ခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီရန်ပုံငွေနဲ့ လမ်းလုပ်ငန်း ၁၁ ခု၊ တံတား လုပ်ငန်း ခုနစ်ခု၊ ရေရရှိရေးလုပ်ငန်းနှစ်ခု၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းသုံးခု စုစုပေါင်း လုပ်ငန်း ၂၃ ခု ကို အခု ဒီဇင်ဘာလမှာပဲ စတင်အကောင်အထည်ဖော် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု မောင်တောမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းက ပြောသည်။

မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ယနေ့ နံနက်ပိုင်းက အဆိုပါ ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် နောက်ဆုံးဆုံးဖြတ်ချက်ချ အစည်းအဝေးကို မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။(**ယာပုံ**)

ယင်းရန်ပုံငွေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လွှတ်တော်ရန်ပုံငွေဖြစ်ကြောင်း၊ မောင်တောဒေသသည် နယ်စပ်ဒေသဖြစ်သည့် အလျောက် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် အမှန်ပင်လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာအသီးသီးက မောင်တောဒေသပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ လွှတ်တော်ရန်ပုံငွေဖြင့်လည်း နှစ်စဉ်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဦးကျော်ကျော်ဝင်းက ထပ်လောင်း ပြောကြားသည်။

**မြင့်မောင်၊ဇေယျာ**

**ဓာတ်ပုံ - နေဝင်းထွန်း**



# အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ပိတ်ထားရသော အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မောင်တောဒေသအတွင်း ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း စုစုပေါင်း ၆၅၀ ရှိသည့်အနက် ၄၂၄ ကျောင်းကို ပိတ်ထားခဲ့ရသည်။

**ပြန်လည် ပညာသင်ကြားလျက်ရှိ**

ယခုအခါ နယ်မြေတည်ငြိမ် အေးချမ်းလာပြီဖြစ်၍ မောင်တောမြို့နယ်အတွင်း ကျောင်း ၈၂ ကျောင်း၊ ဘူးသီးတောင်မြို့နယ်အတွင်း ကျောင်း ၁၇၂ ကျောင်း၊ ရသေ့တောင်မြို့နယ်အတွင်း ကျောင်း ၁၀ ကျောင်း စုစုပေါင်း ကျောင်း ၂၆၄ ကျောင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မောင်တောဒေသအတွင်း ကျောင်း ၁၁၂ ကျောင်းကို ဆက်လက်၍ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ကျောင်း စုစုပေါင်း ၄၈ ကျောင်း ကျန်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ပိတ်ထားခံရသော အခြေခံပညာကျောင်းများအား ပြန်လည်ဖွင့်လှစ်ပြီး အခြေအနေ (၁၁-၁၂-၂၀၁၇ ရက်နေ့အထိ)**

| စဉ် | အကြောင်းအရာ | မောင်တော မြို့နယ် | ဘူးသီးတောင် မြို့နယ် | ရသေ့တောင် မြို့နယ် | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | စာရင်းရှိ | ၁၈၃ | ၂၂၁ | ၂၄၆ | ၆၅၀ | |
| | (က) အထက်တန်း | ၁၆ | ၁၀ | ၁၃ | ၃၉ | |
| | (ခ) အလယ်တန်း | ၁၀၉ | ၁၀၇ | ၅၉ | ၂၇၅ | |
| | (ဂ) မူလတန်း | ၅၈ | ၁၀၄ | ၁၇၄ | ၃၃၆ | |
| ၂ | ပြန်လည်ဖွင့်လှစ်ပြီးကျောင်းများ | ၈၂ | ၁၇၂ | ၁၀ | ၂၆၄ | |
| | (က) အထက်တန်း | ၁၁ | ၁၀ | ၂ | ၂၃ | |
| | (ခ) အလယ်တန်း | ၂၉ | ၆၉ | ၇ | ၁၀၅ | |
| | (ဂ) မူလတန်း | ၄၂ | ၉၃ | ၁ | ၁၃၆ | |
| ၃ | ထပ်မံဖွင့်လှစ်မည့်ကျောင်း | ၇၀ | ၄၂ | - | ၁၁၂ | |
| | (က) အထက်တန်း | ၅ | - | - | ၅ | |
| | (ခ) အလယ်တန်း | ၅၅ | ၃၂ | - | ၈၇ | |
| | (ဂ) မူလတန်း | ၁၀ | ၁၀ | - | ၂၀ | |
| ၄ | ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့်ကျောင်း | ၃၀ | ၇ | ၁၀ | ၄၈ | |
| | (က) အထက်တန်း | - | - | - | - | |
| | (ခ) အလယ်တန်း | ၂၅ | ၆ | ၃ | ၃၄ | |
| | (ဂ) မူလတန်း | ၆ | ၁ | ၇ | ၁၄ | |

Source; ရခိုင်ပြည်နယ်အစိုးရအဖွဲ့ (၁၂.၁၂.၂၀၁၇)

# မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပိုင်ရှင်မဲ့ဖြစ်နေသော မိုးစပါးများ ဆက်လက်ရိတ်သိမ်း

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မောင်တောဒေသ နေရပ်စွန့်ခွာသူများ၏ မိုးစပါးများ အချိန်မီ ရိတ်သိမ်းနိုင်ရေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထိန်းသိမ်းရေး ကော်မတီဖွဲ့စည်း၍ ပိုင်ရှင်မဲ့ မိုးစပါးများကို အောက်တိုဘာ ၂၆ ရက်မှ စတင်၍ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခဲ့ရာ ဒီဇင်ဘာ ၁၂ ရက် အထိ ၆၇၆၆ ဧက ရိတ်သိမ်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရိတ်သိမ်းရာတွင် မောင်တောမြို့နယ်အတွင်းရှိ မြို့သူကြီးကျေးရွာ အုပ်စုမှ ၂၄၂ ဧက၊ အုန်းတောကျေးရွာအုပ်စုမှ ၁၅၅ ဧက၊ ကံပူးကျေးရွာအုပ်စုမှ ဧက ၃၆၀၊ ကျောင်းတောင်ကျေးရွာအုပ်စုမှ ၄၇၉ ဧက၊ အလယ်သံကျော်ကျေးရွာအုပ်စုမှ ဧက ၄၈၀၊ နွားရုံတောင်ကျေးရွာအုပ်စုမှ ၂၀၃ ဧက၊ ဝါးချကျေးရွာအုပ်စုမှ ၁၄၄ ဧက၊ သံဒါကျေးရွာအုပ်စုမှ ၂၀၉ ဧက၊ မြင်းလွတ်ကျေးရွာ အုပ်စုမှ ၃၃၉ ဧက၊ ကျီးကန်းပြင်ကျေးရွာအုပ်စုမှ ၁၅ ဧက၊ သီဟိုဠ်ကျွန်းကျေးရွာအုပ်စုမှ ၂၉ ဧက၊ ဥဒေါင်းကျေးရွာအုပ်စုမှ ဧက ၁၁၀၊ လောင်းဒုံကျေးရွာအုပ်စုမှ ၁၈၂ ဧက၊ အောင်စစ်ပြင်ကျေးရွာအုပ်စုမှ ၃၃၂ ဧက၊ စပယ်ကုံးကျေးရွာအုပ်စုမှ ၁၆၅ ဧက၊ သပြေတောကျေးရွာအုပ်စုမှ ဧက ၃၇၀၊ ဇော်မတက်ကျေးရွာအုပ်စုမှ ၁၈၆ ဧက၊ ဒိုးတန်းကျေးရွာအုပ်စုမှ ၅၂၀ ဧက၊ ရွာသစ်ကေကျေးရွာအုပ်စုမှ ဧက ၂၈၀၊ ကျောက်ပန္နူကျေးရွာအုပ်စုမှ ၃၃၁ ဧက၊ တပ်ဦးချောင်းကျေးရွာအုပ်စုမှ ဧက ၂၈၀၊ ဒုချီးရားတန်းကျေးရွာ အုပ်စုမှ ဧက ၂၉၀၊ သရေကုန်းတန်းကျေးရွာအုပ်စုမှ ၁၅ ဧက၊ သဝန်ချောင်းကျေးရွာအုပ်စုမှ ၃၄၃ ဧက၊ ငါးခူရကျေးရွာအုပ်စုမှ ၁၅၅ ဧက၊ အင်းဒင် ကျေးရွာအုပ်စုမှ ၈၅ ဧက၊ သဘော်ကွေ့ကျေးရွာ အုပ်စုမှ ၄၅ ဧက၊ ကညင်တန်းကျေးရွာ အုပ်စုမှ ၂၆ ဧက၊ ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလီကျေးရွာအုပ်စုမှ ၂၂၂ ဧက၊ ကိုးတန်ကောက်ကျေးရွာ အုပ်စုမှ ၇၇ ဧက နှင့် ဘူးသီးတောင်မြို့နယ် သပြူချောင်ကျေးရွာအုပ်စုမှ ၉၆ ဧကဖြစ်ပြီး မောင်တောဒေသအတွင်း စုစုပေါင်း ၆၇၆၆ ဧကတို့အား ရိတ်သိမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု (၂၆.၁၀.၂၀၁၇ ရက်နေ့မှ ၁၁.၁၂.၂၀၁၇ ရက်နေ့ထိ)**

| စဉ် | မြို့နယ် | ကျေးရွာ | လုပ်ငန်းစတင်သည့်ရက်စွဲ | ပြီးစီးဧက | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မောင်တော | မြို့သူကြီး | ၂၆.၁၀.၂၀၁၇ | ၂၄၂ | |
| | | အုန်းတော | ၂၈.၁၀.၂၀၁၇ | ၁၅၅ | |
| | | ကံပူး | ၂၉.၁၀.၂၀၁၇ | ၃၆၀ | |
| | | ကျောင်းတောင် | ၂.၁၁.၂၀၁၇ | ၄၇၉ | |
| | | အလယ်သံကျော် | ၅.၁၁.၂၀၁၇ | ၄၈၀ | |
| | | နွားရုံတောင် | ၅.၁၁.၂၀၁၇ | ၂၀၃ | |
| | | ဝါးချ | ၇.၁၁.၂၀၁၇ | ၁၄၄ | |
| | | သံဒါ | ၁၀.၁၁.၂၀၁၇ | ၂၀၉ | |
| | | မြင်းလွတ် | ၁၃.၁၁.၂၀၁၇ | ၃၃၉ | |
| | | ကျီးကန်းပြင် | ၁၃.၁၁.၂၀၁၇ | ၁၅ | |
| | | သီဟိုဠ်ကျွန်း | ၁၄.၁၁.၂၀၁၇ | ၂၉ | |
| | | ဥဒေါင်း | ၁၅.၁၁.၂၀၁၇ | ၁၁၀ | |
| | | လောင်းဒုံ | ၁၆.၁၁.၂၀၁၇ | ၁၈၂ | |
| | | အောင်စစ်ပြင် | ၂၀.၁၁.၂၀၁၇ | ၃၃၂ | |
| | | စပယ်ကုံး | ၂၁.၁၁.၂၀၁၇ | ၁၆၅ | |
| | | သပြေတော | ၂၂.၁၁.၂၀၁၇ | ၃၇၀ | |
| | | ဇော်မတက် | ၂၅.၁၁.၂၀၁၇ | ၁၈၆ | |
| | | ဒိုးတန်း | ၂၅.၁၁.၂၀၁၇ | ၅၂၀ | |
| | | ရွာသစ်ကေ | ၂၆.၁၁.၂၀၁၇ | ၂၈၀ | |
| | | ကျောက်ပန္နူ | ၂၉.၁၁.၂၀၁၇ | ၃၃၁ | |
| | | တပ်ဦးချောင်း | ၂၉.၁၁.၂၀၁၇ | ၂၈၀ | |
| | | ဒုချီးရားတန်း | ၃၀.၁၁.၂၀၁၇ | ၂၉၀ | |
| | | သရေကုန်းတန်း | ၃၀.၁၁.၂၀၁၇ | ၁၅ | |
| | | သဝန်ချောင်း | ၁.၁၂.၂၀၁၇ | ၃၄၃ | |
| | | ငါးခူရ | ၁.၁၂.၂၀၁၇ | ၁၅၅ | |
| | | အင်းဒင် | ၉.၁၂.၂၀၁၇ | ၈၅ | |
| | | သဘော်ကွေ့ | ၉.၁၂.၂၀၁၇ | ၄၅ | |
| | | ကညင်တန်း | ၁၀.၁၂.၂၀၁၇ | ၂၆ | |
| ပေါင်း | | | | ၆၃၇၁ | |
| ၂ | ရသေ့တောင် | ချိန်ခါလီ | ၉.၁၁.၂၀၁၇ | ၂၂၂ | |
| | | ကိုးတန်ကောက် | ၁.၁၂.၂၀၁၇ | ၇၇ | |
| ပေါင်း | | | | ၂၉၉ | |
| ၃ | ဘူးသီးတောင် | သပြူချောင် | ၁၀.၁၁.၂၀၁၇ | ၉၆ | |
| ပေါင်း | | | | ၉၆ | |
| စုစုပေါင်း | | | | ၆၇၆၆ | |

ဇစ်မြစ် - ရခိုင်ပြည်နယ်အစိုးရအဖွဲ့

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသရေးဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ် တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားနှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၃၁ ကောင်တို့ကို ကာကွယ်ကုသ ဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၉၂ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့်အဖွဲ့ မောင်တောရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ဒေသအခြေအနေများ မေးမြန်း

**မောင်တော ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့သို့ ရောက်ရှိပြီး နေရပ်စွန့်ခွာ ကယ်ဆယ်ရေးစခန်းများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်ကာ ဒေသအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းကြသည်။ **(ယာပုံ)**



**ပြောင်းရွှေ့လာသည့် အခြေအနေ**

ရှေးဦးစွာ ကိုယ်စားလှယ်အဖွဲ့သည် ကညင်တန်းမြို့မ ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှု လေ့လာပြီး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပြောင်းရွှေ့လာသည့် အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းသည်။

ကော်မရှင် အဖွဲ့ဝင်များသည် မောင်တောမြို့ အ.ထ.က (၁) ရှိ ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့ ဆက်လက်သွားရောက်ပြီး နေရပ်စွန့်ခွာသူများ နေထိုင်မှု၊ စားသောက်မှုနှင့် ဒေသအသီးသီးမှ ပြောင်းရွှေ့လာမှုအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းသည်။

ထို့မှတစ်ဆင့် မို့ဝင်ချောင်းဝ နယ်ခြားစောင့် စခန်းအနီး ဂေါ်ဒူသာရချောင်းဝရှိ ပင်လယ်ကမ်းခြေ သဲသောင်ပြင်တွင် တစ်ဖက်နိုင်ငံသို့ ထွက်ခွာရန် ရောက်ရှိနေသော အစ္စလာမ်ဘာသာဝင်များအား သွားရောက်တွေ့ဆုံပြီး လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများ ရှိ၊ မရှိ နှင့် မည်သို့သော အခက်အခဲအတားအဆီးများကြောင့် တစ်ဖက်နိုင်ငံသို့ ပြောင်းရွှေ့ရခြင်း ဖြစ်သည်ကို မေးမြန်းကာ မြန်မာနိုင်ငံအတွင်း အေးချမ်းစွာ နေထိုင်လိုပါက လိုအပ်သည်များ ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တွေ့ဆုံမေးမြန်း**

ယင်းနောက် နေရပ်စွန့်ခွာခဲ့ကြသော မြို့တိုင်းရင်းသားများ ခေတ္တနေထိုင်ရာ ကိုင်းကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသစ် တည်ဆောက်နေမှု၊ ဒေသတည်ငြိမ်အေးချမ်းမှု၊ နေထိုင်စားသောက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ကျေးရွာလူကြီးများနှင့် ရပ်မိရပ်ဖများအား မေးမြန်းသည်။ ကိုင်းကြီးကျေးရွာသစ်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် နေအိမ်အလုံး ၅၀၊ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် နေအိမ် ၆၄ လုံး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရ၏ အစီအစဉ်ဖြင့် စာသင်ကျောင်းတစ်ကျောင်း၊ စေတနာရှင်တစ်ဦး၏ အလှူငွေဖြင့် ကျေးလက်ဆေးပေးခန်းတို့ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ဆက်လက်၍ အစ္စလာမ်ဘာသာဝင်များနေထိုင်ရာ ပန်းတောပြင်(အလယ်) ကျေးရွာသို့ရောက်ရှိပြီး ဒေသ၏ တည်ငြိမ်အေးချမ်းမှုအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ကျေးရွာနေ ပြည်သူများအား တွေ့ဆုံမေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်း- မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

# ဘင်္ဂလားဒေ့ရှ် ငွေ တာကာ ၅၀၀ တန် အရွက် ၉၀ အား တရားမဝင် ကိုင်ဆောင်သူ နှစ်ဦး တွေ့ရှိအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက ပဒင်းကျေးရွာဘက်မှ မောင်တောသို့ မောင်းနှင်လာသော မော်တော်ယာဉ်များကို စစ်ဆေးစဉ် မောင်တောမြို့နယ်(၂) ရပ်ကွက်နေ ယာဉ်မောင်း မော်ဂျူအူလ္လာ မောင်းနှင်ပြီး ပဒင်းကညင်တန်းကျေးရွာနေ ရှော်ဖီအာမောက် လိုက်ပါလာသော 4L/---- ပရိုဘောက်ယာဉ်၏ ဒက်ရှ်ဘုတ်ပေါ်မှ ဘင်္ဂလားဒေ့ရှ်ငွေ တာကာ ၅၀၀ တန် အရွက် ၉၀ အား တွေ့ရှိခဲ့၍ စစ်ဆေးရာ တရားမဝင်ကိုင်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ရှော်ဖီအာမောက်နှင့် မော်ဂျူအူလ္လာတို့ နှစ်ဦးအား မန်ကျည်းချောင်းနယ်မြေစခန်း၌ အမှုဖွင့် အရေးယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀၀ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိပြီး မသင်္ကာသူတစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မောင်တောမြို့နယ် ငါးခူရကျေးရွာအတွင်း တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသော မသင်္ကာသူအချို့ ကျေးရွာအတွင်း ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ငါးခူရ အလယ်ရွာမှ လူနေထိုင်ခြင်းမရှိသော ဆွေယော့ဟူဆိန်း၏ နေအိမ်အတွင်း၌ တန်ဖိုးငွေကျပ်သိန်း ၁၉၀၀ တန်ဖိုးရှိ WY/R စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀၀ ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**အရေးယူရန်စီစဉ်**

ထို့အပြင် မောင်တောမြို့နယ် အလယ်သံကျော်နယ်မြေစခန်းမှ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၉ ရက် ညနေပိုင်းက သံဒါးကျေးရွာအတွင်း တရားဥပဒေ စိုးမိုးရေးဆောင်ရွက်စဉ် ကျေးရွာအဝင်လမ်းမပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ မော်တူလာကျေးရွာနေ မာမွတ်ဂျူဘာရ် (၂၇ နှစ်) အား စစ်ဆေးရာ ၂၀၁၆ ခုနှစ် စွဲ၊ တင်၊ စစ် ကောက်ယူစဉ် ထွက်ပြေးတိမ်းရှောင်သူဖြစ်ကြောင်း သိရှိရသဖြင့် လူဝင်မှုကြီးကြပ်ရေး ဥပဒေဖြင့် အရေးယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မောင်တောမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စတင်ရွေးချယ်

**မောင်တော ဒီဇင်ဘာ ၁၂**

၂၀၁၆ခုနှစ် ပြည်ထောင်စုလွှတ်တော်က တတိယအကြိမ် ပြဋ္ဌာန်းလိုက်သော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ဥပဒေနှင့်အညီ မောင်တောမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က ပြောသည်။



"ဒါနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရကနေပြီးတော့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်ကစပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အတွင်း ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ပြန်လည်ရွေးချယ်နိုင်ဖို့ အပိုင်းခုနစ်ပိုင်းနဲ့ ဆောင်ရွက်ဖို့လမ်းညွှန်မှာကြားခဲ့ပါတယ်၊ ဒါကြောင့်မို့ ကနဦးအပိုင်းအနေနဲ့ ကြီးကြပ်ရေးမှူးတွေကို ရွေးချယ်ပြီးသွားပါပြီ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့ ဒီကနေ့ သင်တန်းပေးတာ ဖြစ်ပါတယ်"ဟု မောင်တောမြို့အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သော တစ်ရက်ကြာသင်တန်း **(အပေါ်ယာပုံ)** တွင် ဦးမြင့်ခိုင်က ပြောသည်။

အဆိုပါ အပိုင်း ခုနစ်ပိုင်းမှာ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကြီးကြပ်ရေးမှူးများကို သင်တန်းပေးခြင်း၊ ဆယ်အိမ်စုအစုအဖွဲ့နှင့် ရာအိမ်စု အစုအဖွဲ့ ဖွဲ့စည်းခြင်း၊ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးများ ရွေးချယ်ခြင်း၊ အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်း၊ ကျေးရွာတာဝန်ခံရွေးချယ်ခြင်း၊ ရွေးချယ်ထားသည့် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ကျေးရွာတာဝန်ခံများ၏ အမည်စာရင်းပေးပို့ခြင်းတို့ဖြစ်သည်။

"ကျွန်တော်တို့ ရပ်ရွာအလိုက် ရွေးချယ်ပေးထားတဲ့ ကြီးကြပ်ရေးအဖွဲ့ ငါးဦးအဖွဲ့တွေက ပြဋ္ဌာန်းတဲ့ ဥပဒေနဲ့အညီ ဆယ်အိမ်မှူးတွေ စရွေးမယ်၊ ပြီးတော့ ဆယ်အိမ်မှူးတွေထဲက ရာအိမ်မှူးတွေ ရွေးရမယ်၊ အဲဒီ ရာအိမ်မှူးတွေထဲကမှ အုပ်ချုပ်ရေးမှူးကို ရွေးချယ်ပေးရမှာဖြစ်ပါတယ်"ဟု အောင်မင်္ဂလာကျေးရွာမှ ကြီးကြပ်ရေးအဖွဲ့ဝင် ဦးသိမ်းမောင်ကြီးက ပြောသည်။

၂၀၁၂ ခုနှစ်က ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂ ရက်က တတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော ဥပဒေအရ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို အသစ်တစ်ဖန်ပြန်လည်ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေအရ ပြည်သူ့ဆန္ဒနှင့် ရွေးချယ်ခဲ့သော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး အသစ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အမည်စာရင်း တင်သွင်း ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

# မောင်တောခရိုင်၌ မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေ

**မောင်တော ဒီဇင်ဘာ ၁၂**

မောင်တောခရိုင်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်နေ လူထု၏ လူမှုဘဝများ ဖွံ့ဖြိုးစေရန်နှင့် သားငါးကဏ္ဍ၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးစေရန်တို့အတွက် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးကာ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ကာ ကျေးရွာနှစ်ရွာတွင် ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၂၉ ရွာအထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြစိမ်းရောင် ကျေးရွာရန်ပုံငွေကို ကြီးကြပ်ဖို့အတွက် မြို့နယ်ကြီးကြပ်ရေးကော်မတီ၊ ကျေးရွာ မြစိမ်းရောင်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီတွေကို ဖွဲ့စည်းပါတယ်၊ ကျွန်တော်တို့က ကြီးကြပ်တဲ့အနေနဲ့ပဲ ဆောင်ရွက်တာဖြစ်ပြီး ရွာသူ ရွာသားတွေ ကိုယ်တိုင် ချေးငွေကျပ် သိန်း ၃၀၀ ကနေ ရရှိလာတဲ့ အတိုးငွေတွေနဲ့ ကျေးရွာဖွံ့ဖြိုးရေးကို လက်တွေ့ ဆောင်ရွက်ကြရတာပါ၊ ဒီလို ဆောင်ရွက်နိုင်ဖို့ကိုလည်း ရွာသူ ရွာသားတွေကို သင်တန်းအဆင့်ဆင့် ပေးခဲ့ပါတယ်"ဟု မောင်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

မောင်တော လေးမိုင်ရှိ ရွာသာရွာကျေးရွာမှ ဦးအောင်သာက "အရင်က နွားသုံး၊ လေးကောင်နဲ့ လယ်ယာလုပ်ကိုင်ပါတယ်၊ အခု မြစိမ်းရောင်စီမံကိန်းပေါ်လာတော့ အဲဒီကရတဲ့ချေးငွေ ငွေကျပ် ရှစ်သိန်းနဲ့ နွားမွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ခဲ့ပါတယ်၊ အရင်က နွားသုံး၊ လေး ကောင်တန်ဖိုးက ဆယ်သိန်းကျော် လောက်ပဲရှိပေမယ့် အခု နွား ၁၀ ကောင် ကျော်ရှိပြီဆိုတော့ ငွေတန်ဖိုးနဲ့ တွက်ကြည့်လိုက်ရင် ငွေကျပ်သိန်း ၆၀ ကျော်သွားပါပြီ၊ နောက်လည်း ကျွန်တော် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို ဆက်လက် လုပ်ကိုင်သွားမှာပါ၊ ကျွန်တော့်မှာ မိသားစု ငါးယောက်ရှိပါတယ်၊ မိသားစုစားဝတ်နေရေးက ဖူလုံမှုရှိပါတယ်"ဟု ပြောသည်။

မောင်တောမြို့နယ် ရွာသာရွာကျေးရွာ ၆ ရပ်ကွက်၌ နေထိုင်သည့် ဒေါ်မသူဇာက "ကျွန်မတို့ရွာကို ၂၀၁၅ ခုနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်း လာမိတ်ဆက်ပါတယ်၊ ရွာမှာ မြစိမ်းရောင်စီမံကိန်းကော်မတီကို အဖွဲ့ဝင် ကိုးဦးနဲ့ ဖွဲ့စည်းထားပါတယ်၊ ကျွန်မက ကြီးကြပ်တာဝန်ယူထားပါတယ်၊ ရွာမှာ မွေးမြူရေး ၅၂ ဦး၊ စိုက်ပျိုးရေး ၃၂ ဦး၊ အရောင်းအဝယ်က ရှစ်ဦး စုစုပေါင်း ၉၂ ဦးကို မြစိမ်းရောင်ချေးငွေ စီမံကိန်းကနေ ငွေချေးပေးထားပါတယ်၊ အခုဆိုရင် မြစိမ်းရောင်စီမံကိန်းလုပ်ခဲ့တာ နှစ်နှစ်ရှိပါပြီ၊ အတိုးငွေလည်း ၇၂ သိန်းရပါပြီ၊ သုံးနှစ်ပြည့်ရင် အဲဒီကရတဲ့ အတိုးငွေနဲ့ ကျွန်မတို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်၊ ရွာစာသင်ကျောင်းအတွက် စာသင်ထိုင်ခုံတွေ၊ အခြားလိုအပ်တဲ့ လမ်း၊တံတား အသေးစားလေးတွေကို လုပ်သွားဖို့ရှိပါတယ်၊ ကျွန်မက ဒီမြစိမ်းရောင် ရန်ပုံငွေက ငါးသိန်း ချေးယူပြီးတော့ ရွာမှာဈေးရောင်းနေတာပါ၊ ဈေးရောင်းလို့ရတဲ့ အမြတ်ငွေလေးတွေနဲ့ မိသားစု စားသောက်ရေး ဖြေရှင်းရတယ်၊ သားသမီးတွေရဲ့ပညာရေးကိုလည်း ထောက်ပံ့ပေးနေရပါတယ်"ဟု ဆိုသည်။

ရွာသာရွာကျေးရွာမှ ဦးအောင်ကျော်က "အရင်က ကျပန်းလုပ်ကိုင်ပါတယ်၊ တစ်နေ့ကို ငွေကျပ်ခြောက်ထောင်လောက်ရပါတယ်၊ စားဝတ်နေရေးအတွက် မလုံလောက်ပါဘူး၊ အခုတော့ မြစိမ်းရောင်ရန်ပုံငွေကနေ ငွေကျပ်သုံးသိန်း ချေးပြီး ဆောင်းသီးနှံ စိုက်ပျိုးနေပါတယ်၊ စိုက်ခင်းမှာ ပန်းဂေါ်ဖီနဲ့ ပန်းမုန်လာ စိုက်ပျိုးထားပါတယ်၊ အခုတော့ စားဝတ်နေရေး အဆင်ပြေပါတယ်၊ ၂၀၁၅ ခုနှစ်ကစပြီး ချေးငွေနဲ့ မိုးသီးနှံစိုက်ပျိုးခဲ့တာပါ၊ ထုတ်ချေးထားတဲ့ ချေးငွေတွေကို ပြန်ဆပ်ပြီးပါပြီ၊ ကျွန်တော့်မိသားစု ခုနစ်ယောက်က အခုဆိုရင် စားဝတ်နေရေး အဆင်ပြေနေပါပြီ"ဟု ပြောသည်။

**သတင်း-နေဝင်းထွန်း၊ ဟန်လင်းနိုင်**

# တရားဝင် စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၉၃၀၊ သွင်းကုန် ၇၃၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊သွင်းကုန် ၁၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၇၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၇၅ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှုခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၄၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၁ ရက်က မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ် သုံးစီး၊ Nissan ၁၂ ဘီးယာဉ် တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံ ထုတ်မုန့်မျိုးစုံ ဖာ ၂၅၀၊ စားသောက်ကုန်ပစ္စည်းသုံးမျိုး နှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၇ သန်း ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂရန်အတု စာရွက်စာတမ်းများပေးပြီး ငွေကျပ်သိန်း ၃၀၀ လိမ်လည်ရယူသွားသူအား အမှုဖွင့်တိုင်ကြား

**မကွေး ဒီဇင်ဘာ ၁၂**

မကွေးမြို့နေ အမျိုးသမီးတစ်ဦးက ၎င်းနှင့် ခင်မင်ရင်းနှီးသူ တစ်မြို့တည်းနေ အမျိုးသမီးကို ဂရန်အတု စာရွက်စာတမ်းများပေးပြီး ပြောဆို၍ ငွေကျပ်သိန်း ၃၀၀ လိမ်လည်ရယူသွားသည်ဆိုကာ ဒီဇင်ဘာ ၁၁ ရက်က မကွေးမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

မကွေးမြို့ ချမ်းမြေ့သာယာကျေးရွာ အမှတ်(၁) အောင်ဘောဂရပ်ကွက်နေ ဒေါ်နွယ်နီဝင်း (၃၇နှစ်)သည် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ၎င်း၏ နေအိမ်မြောက်ဘက်ကပ်လျက် ဝိုင်းအတွင်း ဟိုတယ်ဆောက်လုပ်နေသူ ဒေါ်သန်းသန်းဌေး (၅၅နှစ်) မကွေးမြို့နေသူနှင့် ခင်မင်ရင်းနှီးခဲ့ပြီး ဟိုတယ်လုပ်ငန်း အပြီးသတ် ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးလိုအပ်နေ၍ ကူညီပေးရန် ပြောဆိုသဖြင့် ဒေါ်သန်းသန်းဌေးအား ယုံကြည်ပြီး အသိသက်သေများ ရှေ့တွင် ကိုယ်တိုင် ကတိခံဝန်ချုပ်နှင့် ငွေကျပ်သိန်း ၃၀၀ အား ပေးအပ်ခဲ့ရာမှ ပြန်လည်ပေးဆပ်ခြင်းမပြုဘဲ အကြောင်းအမျိုးမျိုးပြ၍ ရှောင်တိမ်းနေကြောင်း၊ ငွေချေးယူစဉ် ဒေါ်နွယ်နီဝင်း ယုံကြည်စေရန် ဒေါ်သန်းသန်းဌေးက ၎င်းနေထိုင်သော ကန်သာရပ်ကွက်၊ အမှတ် ၁၀၅ ဝိုင်းမြေဂရန်နှင့် အောင်မေတ္တာ (ခ) ရပ်ကွက်၊ အမှတ် ၁၅၅၆၊ ၁၅၅၇ ဝိုင်းမြေကွက်ဂရန်တို့အား ပေးအပ်ထားခဲ့သော်လည်း မယုံကြည်၍ မြေစာရင်း ဌာနနှင့် ခရိုင်ထွေ/အုပ်ရုံးသို့ မြေဂရန်များအား ပြသစုံစမ်းခဲ့ရာ မြေဂရန် အတုများဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြေဂရန်အတု စာရွက်စာတမ်းများ ပေးအပ်ပြီး ငွေကျပ်သိန်း ၃၀၀ အား လိမ်လည်ရယူသွားသူ ဒေါ်သန်းသန်းဌေးအား အရေးယူပေးရန် ဒီဇင်ဘာ ၁၁ ရက်တွင် ဒေါ်နွယ်နီဝင်းက တရားလိုပြု တိုင်ကြားခဲ့သဖြင့် မကွေးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# မိုးညှင်းမြို့နယ်၌ ငွေကျပ်သိန်း ၁၂၅၄၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှတပ်ဖွဲ့ဝင်များ၊ မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ရှောဦးစစ်ဆင်ရေးစီမံချက်ဖြင့် မိုးညှင်းမြို့နယ် မိုးညှင်း-ဝှေခါကားလမ်း နမ့်မွန်းကျေးရွာ အေးရိပ်မွန်လက်ဖက်ရည်ဆိုင်အနီး၌ မူးယစ်ဆေးဝါးများကို ဝယ်လက်အသွင်ယူ၍ စောင့်ဆိုင်းနေစဉ် လှိုင်မြင့်မောင်းနှင်ပြီး ကိုကိုလင်းမောင်လိုက်ပါသည့် မော်တော်ယာဉ်နှင့် ဇင်မင်းဦးမောင်းနှင်ပြီး လှိုင်ဟန်ထွန်းတို့ လိုက်ပါသည့် မော်တော်ယာဉ်နှစ်စီးအား စီးနင်းရှာဖွေခဲ့သည်။ ယင်းသို့ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂၀ စီပါ ဆာလာအိတ် ၅ အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၁၀၀ (ဘိန်းဖြူ အလေးချိန် ၁၃ ဒသမ ၂ ကီလို) သိမ်းဆည်းရမိခဲ့သဖြင့် လှိုင်မြင့် (၃၀နှစ်)၊ ကိုကိုလင်းမောင်(၁၈နှစ်)၊ ဇင်မင်းဦး(၂၂နှစ်) နှင့် လှိုင်ဟန်ထွန်း (၂၁နှစ်) တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**



လှိုင်မြင့်၊ ကိုကိုလင်းမောင်၊ ဇင်မင်းဦးနှင့် လှိုင်ဟန်ထွန်းတို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူနှစ်ဦး ဖန်းမော်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူ

**ဖန်းမော် ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ် ကောင်းတုံကျေးရွာ ဖန်းမော်-မန္တလေးသွား ကားလမ်းယာဘက် မိုင်တိုင်အမှတ် ၂၆၈/၂၆၉ ကြား၌ ဒီဇင်ဘာ ၁၁ ရက် ညနေ ပိုင်းက မိုင်းတစ်လုံး ပေါက်ကွဲသဖြင့် ဒဏ်ရာရရှိသူနှစ်ဦးကို ဖန်းမော်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီခွဲခန့်က ကောင်းတုံကျေးရွာ ဖန်းမော်-မန္တလေးသွား ကားလမ်းယာဘက် မိုင်တိုင်အမှတ် ၂၆၈/၂၆၉ ကြား၌ မသင်္ကာဖွယ် မိုင်းတစ်လုံးကို ကျောင်းသားများက တွေ့ရှိ၍ ကောင်းတုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အလယ်တန်းပြဆရာ ဦးဝင်းနိုင်ရွှေအား ပြောကြားခဲ့ရာ ၎င်းက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ထံ ဖုန်းဖြင့်သတင်းပေးပို့ခဲ့ပြီး ဆက်လက်၍ စင်းခန်းကျေးရွာ နယ်မြေရဲစခန်းမှူး ရဲအုပ်ရွှေဝင်းမောင်ထံသို့ သတင်းပေးပို့ခဲ့၍ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မိုင်းမှာ ရှစ်လက်မပတ်လည်ခန့်ရှိ လေးထောင့်ပုံဖြစ်ပြီး မိုင်းနှင့် ဆက်လျက် ဝိုင်ယာကြိုးစအား အမြင့်ရှစ်ပေခန့်ရှိ ဇာမနီပင်ပေါ်တွင် တင်ထားသည့် အဝေးထိန်းမိုင်းဟု သိရှိရသဖြင့် မိုင်းရှိရာတစ်ဝိုက်လူများအား ရှင်းလင်းစဉ် ညနေ ၃ နာရီ ၅၅ မိနစ် ခန့်တွင် ပေါက်ကွဲခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် မူလတန်းပြကျောင်းဆရာ ဦးယောရှ ၂၉ နှစ်၊ ကောင်းတုံကျေးရွာ ဖန်းမော်မြို့နယ်နေသူ၏ ဝဲခြေခုံပေါက်ပြဲဒဏ်ရာတစ်ချက် (မစိုးရိမ်ရ)နှင့် ဦးမီခေး ၃၉ နှစ် ဈေးရောင်း၊ ကောင်းတုံကျေးရွာနေသူ၏ ယာပေါင်ပေါက်ပြဲဒဏ်ရာတစ်ချက်(မစိုးရိမ်ရ)တို့ ဒဏ်ရာများရရှိခဲ့ပြီး ဖန်းမော်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြိတ်မြို့၌ ငွေကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မြိတ် ဒီဇင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု တောရကျောင်းရပ် မြို့ပတ် ၂ လမ်းတွင် ဒီဇင်ဘာ ၁၁ ရက်က သတင်းအရ မြိတ်ခရိုင်ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀၀ ICE အမျိုး အစား အဖြူရောင် အစိုင်အခဲ ၁၉ ဒသမ ၅ ဂရမ် ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြို့ပတ် ၂ လမ်းတွင် နေထိုင်သော အောင်သန်းစိုး၏ နေအိမ်အား သတင်းအရ မြိတ်ခရိုင်ရဲတပ်ဖွဲ့ ခရိုင်မှုခင်းအကူအဖွဲ့မှ ရဲအုပ်ခင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များက ဝင်ရောက် ရှာဖွေရာ အောင်သန်းစိုးအား ကာလတန်ဖိုးငွေကျပ် သိန်း ၁၃၃၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀၀၊ ငွေကျပ် ၇၈၀၀၀၀ တန်ဖိုးရှိ ICE အမျိုးအစား အဖြူရောင်အစိုင်အခဲ ၁၉ ဒသမ ၅ ဂရမ် နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ မူးယစ်ဆေးဝါး ရောင်းဝယ်ရာတွင် အသုံးပြုခဲ့သည့် လက်ကိုင်ဖုန်းနှင့် ယာဉ်သုံးစီးတို့ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး အောင်သန်းစိုးအား မြိတ်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက် )**

# ပဲခူးမြို့ ၉၀၉ KTV ဆိုင်တွင် သီချင်းအကူသီဆိုပေးသည့် အမျိုးသမီးကိစ္စနှင့်ပတ်သက်၍ စကားများရာမှ လူသတ်မှုဖြစ်ပွား

**ပဲခူး ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မရဲစခန်း အပိုင်နယ်မြေ၌ ဒီဇင်ဘာ ၁၁ ရက် နံနက် ၁ နာရီခွဲခန့်၌ KTV ဆိုင်တွင် သီချင်းအကူသီဆိုပေးသည့် အမျိုးသမီးကိစ္စနှင့် စကားများရာမှ လူသတ်မှုဖြစ်ပွားခဲ့သည်။

**ဒဏ်ရာရရှိ**

ဖြစ်စဉ်မှာ ချစ်ကိုကိုဦး(၂၉နှစ်) တာဝလမ်းတောင်ပိုင်း ပုဏ္ဏားစုရပ်ကွက် ပဲခူးမြို့၊ ဝင်းထွန်းဦး(၂၂နှစ်)၊ ပုဏ္ဏားစုရပ်ကွက် ဇော်ဝင်း(၃၅နှစ်) ပြည်တော်သာ(၄)လမ်း ရုံးကြီးရပ်ကွက်နေသူတို့ သုံးဦးသည် သီချင်းအကူသီဆိုပေးသည့် အမျိုးသမီးကိစ္စနှင့်ပတ်သက်၍ ဆိုင်မန်နေဂျာဖြစ်သူ ကျော်ထူးနိုင်(ခ)ကိုပြူး (၂၉နှစ်)နှင့် စကားများခိုက်ရန်ဖြစ်ပွားရာ ချစ်ကိုကိုဦးက ဘီယာပုလင်းဖြင့် စားသောက်ခုံတင်သည့်စားပွဲအား ရိုက်ခွဲလိုက်သောကြောင့် ဆိုင်မန်နေဂျာ၏ ယာဘက်မျက်လုံးတွင် ပုလင်းကွဲစထိမှန် ဒဏ်ရာရရှိခဲ့သည်။

**သေဆုံးသွား**

ဆိုင်မန်နေဂျာရရှိသောဒဏ်ရာနှင့်ပတ်သက်ပြီး ဆိုင်အလုပ်သမားများဖြစ်သည့် ကိုထွေးနှင့် ဝင်းထွန်းတို့က ဓားကိုယ်စီကိုင်ကာ ဝင်ရောက်ထိုးခြင်း၊ ခုတ်ခြင်းများ ပြုလုပ်သောကြောင့် ချစ်ကိုကိုဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ဆိုင်မန်နေဂျာနှင့် ချစ်ကိုကိုဦးအား ဆေးရုံသို့ ပို့ဆောင်စဉ် ချစ်ကိုကိုဦးမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျော်ထူးနိုင်(ခ)ကိုပြူး၊ ဝင်းထွန်း၊ ဦးညီနှင့် နေအောင်တို့ လေးဦးအား အမှုဖြင့်ဖမ်းဆီးထားပြီး ထွက်ပြေးတိမ်ရှောင်သွားသူ ကိုထွေးနှင့်အဖွဲ့အား ဖမ်းဆီးရမိနိုင်ရေးအတွက် ပဲခူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# သုဝဏ္ဏ၌ အထည်ချုပ်စက်ရုံ မီးလောင်၊ ငွေကျပ်သိန်း ၇၀၀၀ ကျော်ဖိုး ဆုံးရှုံး

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ၂၉ ရပ်ကွက် ကမာကြည်လမ်း၊ မ/ ၂၉/၁ Yangon Pan. Pacific International ကိုရီးယား အထည်ချုပ်စက်ရုံ၌ ယနေ့ နံနက် ၄ နာရီကျော်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ၂၉ ရပ်ကွက် ကမာကြည်လမ်းရှိ ပိုင်ရှင် Mr.Lima Sung Wom မ/ ၅၃ မာလာမြိုင်လမ်း ကမာရွတ်မြို့နယ်နေသူ ပိုင်ဆိုင်သော Yangon Pan. Pacific International ကိုရီးယားအထည်ချုပ်စက်ရုံ၌ ယနေ့ နံနက် ၄ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်သူရ ဦးဆောင်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး မျိုးဝင်း အနီးကပ်ကြီးကြပ်ပြီး သန္ဓေမီးသတ်ယာဉ်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အင်အား ၅၀၀ ခန့်နှင့် မီးသတ်ယာဉ် ၄၇ စီး၊ အုပ်ချုပ်မှုယာဉ် ရှစ်စီး၊ အထောက်အကူပြု ရေသယ်ယာဉ် ၁၀ စီး၊ စက်ယာဉ် တစ်စီး၊ မိတ်ဖက်ယာဉ် တစ်စီးတို့နှင့်အတူ တိုင်းဒေသကြီး ရဲတပ်ရင်းမှ ရဲမှူးကြီး မျိုးကြည်၊ ရဲမှူး သိန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့များက ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၆ နာရီ ၃၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၈ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် အထည်ချုပ်စက်ရုံနှစ်ရုံနှင့် မော်တာအပ်ချုပ်စက် အလုံးရေ ၂၀၀၀ ခန့်နှင့် အထည်အလိပ်ပိတ်အလုံးရေ ၁၀၇၀၀၀ ခန့်တို့မီးလောင်ခဲ့သည်။ ဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၇၀၀၀ ကျော် ဆုံးရှုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**တင်ကြည်(သင်္ဃန်းကျွန်း)**



# မကွေးအသင်း ခြေစမ်းပွဲတွင် အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ရောက်ရှိနေသည့် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းနှင့် မြန်မာနေရှင်နယ်လိဂ်ကလပ် မကွေးအသင်းတို့သည် ယနေ့ညနေပိုင်းက YUSC ကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ မကွေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မကွေးအသင်းသည် ယခုခြေစမ်းပွဲတွင် ခြေအသာဖြင့် ကစားနိုင်ခြင်းမရှိသော်လည်း ပွဲပြီးခါနီးတွင် ရရှိသည့် လက်ဆောင်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းသည် ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ဂိုး သွင်းအားနည်းသည့်အပြင် မကွေးဂိုးသမား ကျော်ဇင်ဖြိုး လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သောကြောင့် ရှုံးပွဲကြုံတွေ့ရခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းသည် လာမည့်ရာသီတွင် နိုင်ငံခြားသားကစားသမားခေါ်ယူဖွယ်မရှိသောကြောင့် ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့ပြီး ကျော်ဇင်ဖြိုး(ဂိုး)၊ နန္ဒကျော်၊ ကျော်ဇင်လွင်နှင့် ဆက်ဖြိုးဝေတို့က ဦးဆောင်ကစားခဲ့သည်။ ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းသည် ပွဲစကတည်းက ဖိကစားခဲ့၍ မကွေးအသင်းသည် ခံစစ်သာ ကစားခဲ့ရပြီး တန်ပြန်တိုက်စစ်များမှာလည်း မထိရောက်၍ ပထမပိုင်းတွင် ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ပထမပိုင်းတွင် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းသည် အမြင့်ဘောများဖြင့် အဓိကတိုက်စစ်ဆင်ခဲ့ပြီး အပိုင်ခေါင်းတိုက်ခွင့်များ ရသော်လည်း ဂိုးပေါက်မတည့်၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးကစားသမားများ အပြောင်းအလဲလုပ်ခဲ့ပြီး မကွေးအသင်းကလည်း လက်စွမ်းပြနေသည့် ဂိုးသမား ကျော်ဇင်ဖြိုးမှ လွဲ၍ ကျန်ကစားသမားများအား လဲလှယ်အသုံးပြုခဲ့သည်။ ဒုတိယပိုင်းအစတွင် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေး သုံးကြိမ်ရခဲ့သော်လည်း ဂိုးသမား ကျော်ဇင်ဖြိုး လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။

မကွေးအသင်းသည် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားနိုင်ခဲ့သော်လည်း ၇၈ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့သည်။ မကွေးတိုက်စစ်ကို ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းမှ ဟီရိုတို ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်း ဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း မကွေးအသင်း အနိုင်ရလဒ်အား ထိန်းကစားနိုင်ခဲ့သည်။ ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၁၄ ရက်တွင် ရန်ကုန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **ညီမြတ်သော်တာ**



မကွေးနှင့် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်း ယှဉ်ပြိုင်နေစဉ်
ဓာတ်ပုံ-ဖိုးသော်ဇင်

# ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာ ယူ-၂၁ အသင်း သရေကျ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌စတင်ကျင်းပရာ မြန်မာ ယူ-၂၁ အသင်း သရေပွဲကြုံတွေ့ခဲ့ရသည်။ မြန်မာ ယူ-၂၁ အသင်းသည် အိမ်ရှင်ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ခြေစွမ်းပိုင်းအရ အိမ်ရှင် ဗီယက်နမ် ယူ-၁၉ အသင်းကို အသာမရခဲ့ဘဲ ဒုတိယပိုင်းတွင်ရရှိသည့် ဦးဆောင်ဂိုးကိုလည်း မထိန်းထားနိုင်သောကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ဘုန်းသစ္စာမင်း၊ ကျော်သူထွန်း၊ ရဲရင့်အောင်၊ ဝင်းမိုးကျော်၊ သန်းထိုက်ဇင်၊ မြတ်ကောင်းခန့်၊ ဇေယျာနိုင်၊ ကျော်မြင့်ဝင်း၊ ဖွဲ့သက်ပိုင်၊ အီစိုး၊ ဇင်မင်းထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ အိမ်ရှင်ဗီယက်နမ် ယူ-၁၉ အသင်းသည် ၎င်းတို့၏ ကစားနေကျပုံစံအတိုင်း အမြန်နှုန်းတင်ကာ ပွဲစကတည်းက တိုက်စစ်ဆင်ခဲ့ပြီး မြန်မာအသင်းသည် ပထမပိုင်းတွင် ခံစစ်ဖြင့်သာ ကစားခဲ့ရသည်။ အိမ်ရှင်ဗီယက်နမ် ယူ-၁၉ အသင်းသည် ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ထိရောက်သည့်ဂိုးသွင်းခွင့်များမဖန်တီးနိုင်၍ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း တိုက်စစ်အား မြှင့်လာခဲ့ပြီး ၄၈ မိနစ်တွင် တိုက်စစ်မှူး အီစိုးက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဂိုးရခဲ့သော်လည်း ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ အိမ်ရှင်ဗီယက်နမ် ယူ-၁၉ အသင်းကသာ ချေပဂိုးရရန် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ဒုတိယပိုင်း ၈၁ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ပေးခဲ့ရပြီး ထောင့်ကန်ဘောမှတစ်ဆင့် အိမ်ရှင်ဗီယက်နမ် ယူ-၁၉ အသင်းအတွက် လူစားဝင်တိုက်စစ်မှူး ငုယင်ကောင်ဗင်က သွင်းယူခဲ့ခြင်း ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၁၄ ရက်တွင် ထိုင်း ယူ-၂၁ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- လီဗာပူးတိုက်စစ်မှူး မိုဟာမက် ဆာလာသည် ၂၀၁၇ ခုနှစ်အတွက် ဘီဘီစီ အာဖရိကဘောလုံးသမားဆုကို ဆွတ်ခူးရရှိသွားကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါဆုကို မဲပေးရွေးချယ်ရာတွင် အီဂျစ်နှင့် လီဗာပူးတိုက်စစ်မှူး ဆာလာက အူဘာမီယန်၊ နာဘီကီတာ၊ မာနေးနှင့် ဗစ်တာ မော့ဆက်စ်တို့ကို ကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်သည်။
- စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် အလန်ရှီးယားတင်ထားခဲ့သော ပြက္ခဒိန်တစ်နှစ်တာအတွင်း ဂိုးအများဆုံး စံချိန် (၃၆) ဂိုးကို လိုက်မီရန် နီးကပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်း၏ ပြက္ခဒိန် တစ်နှစ်တာအတွင်း သွင်းဂိုးသည် ၃၃ ဂိုးအထိ ရှိနေသည်။ ၎င်းသွင်းယူထားသော ဂိုးအရေအတွက်သည် စီရော်နယ်ဒို၊ နေမာတို့ထက်သာနေကာ ဝက်စ်ဘရွန်းနှင့် ခရစ္စတယ်ပဲလေ့စ်တို့ထက်ပင် သာလွန်နေသည်။ ဝက်စ်ဘရွန်းသည် သွင်းဂိုး ၃၀၊ ခရစ္စတယ်ပဲလေ့စ်က ၃၁ ဂိုးသာ ရရှိထားသည်။
- နည်းပြ မော်ရင်ဟိုလက်အောက်တွင် မန်ချက်စတာယူနိုက်တက်အသင်း၏ ခံစစ်အသားပေးကစားပုံသည် အလွန်ငြီးငွေ့ဖွယ်ကောင်းကြောင်း နည်းပြဟောင်း ဗန်ဟားလ်က ပြောကြားလိုက်သည်။ **ဇော်ဇော်**

# မြန်မာအသင်း ယှဉ်ပြိုင်မည့် ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲ အုပ်စုများထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ မြန်မာအသင်းသည် လက်ရှိချန်ပီယံ အီရန်အသင်းနှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သည်။

ပြိုင်ပွဲကို တရုတ်(တိုင်ပေ)က အိမ်ရှင်အဖြစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လေးသင်း၊ လေးအုပ်စုခွဲ၍ ကျင်းပမည် ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က) တွင် အိမ်ရှင်တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ မလေးရှား၊ ဘာရိန်း၊ အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ ဂျပန်၊ တာဂျစ်ကစ္စတန်၊ တောင်ကိုရီးယား၊ အုပ်စု (ဂ)တွင် အီရန်၊ အီရတ်၊ တရုတ်၊ မြန်မာ၊ အုပ်စု (ဃ) တွင် ထိုင်း၊ ကာဂျစ္စတန်၊ လက်ဘနွန်၊ ဂျော်ဒန်အသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်း သည် ယင်းပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး အာဆီယံမှ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်အသင်းတို့နှင့်အတူ ယှဉ်ပြိုင်ခွင့် ရထားခြင်းလည်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၁၈ ဦးဖြင့် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိသည်။ ဦးဌေးမြင့်သည် မြန်မာအမျိုးသားဖူဆယ်အသင်းကို အောင်မြင်မှုရအောင် စွမ်းဆောင်ပေးထားသည့် နည်းပြတစ်ဦးဖြစ်ပြီး ၂၀၁၆ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် တတိယနေရာရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖူဆယ်ပြိုင်ပွဲကို (၁၅) ကြိမ်မြောက်ကျင်းပမည်ဖြစ်ပြီး အီရန်အသင်းက ၁၁ ကြိမ်၊ ဂျပန်အသင်းက သုံးကြိမ်ဗိုလ်စွဲထားကာ ၂၀၁၆ ပြိုင်ပွဲတွင် အီရန်အသင်းက ဥဇဘက်ကစ္စတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲထားသည်။ **ရဲရင့်ရှိုင်း**


## ဝေဠုဝန်နိကာယဝိနယပရိယတ္တိစာမေးပွဲ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝေဠုဝန်နိကာယဂိုဏ်းလုံးဆိုင်ရာ ဝိနယပရိယတ္တိစာမေးပွဲကို (၃၄)ကြိမ်မြောက်အဖြစ် ၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် (၁၀-၁၁) ရက် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁၁-၁၂)ရက်များတွင် စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက် သာသနပဋ္ဌာနတာရုံ အလယ်တိုက်ကြီး၌ ဆင်ယင်ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာမေးပွဲသို့ ကြွရောက်တော်မူလာကြကုန်သော စာပြန်/စာဖြေ/ စာထောက်စာမနှင့် ကြီးကြပ်ရေး နာယကဆရာတော် သံဃာတော်အပါး (၃၀၀) ကျော်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုတို့ဖြင့် သဒ္ဓါဖွေးဖြူအလေးမူကာ ပေးလှူနိုင်ကြပါကြောင်း ဒါယကာ-ဒါယိကာမ အပေါင်းတို့အား အကျိုးမျှော်ကာ နှိုးဆော်အပ်ပါသည်။

**စာမေးပွဲကျင်းပရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ အကွက်အမှတ် (၆)၊ တဲကြီးကုန်း အကွက်၊ ဦးပိုင်အမှတ်(၁၉/၂၀)၊ဧရိယာ ဝဒသမ ၁၄၆ ဧကရှိ ဂရန်မြေအား ဦးသန်းဇော် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါ သည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

## အမည်မှန်

ထီးချိုင့်မြို့၊ (၂) ရပ်ကွက်နေ ဦးသိန်းကျော်မိုး၏သမီး မမေမြတ်နိုး၏ အမည်မှန်မှာ မခြူးရတီကျော် ဖြစ်ပါသည်။

**မခြူးရတီကျော်**

## ဖြည့်စွက်ဖတ်ရှုပါရန်

၂၉-၁၀-၂၀၁၇ ရက်နေ့ မြန်မာ့အလင်း သတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀) ကန့်ကွက်နိုင်ကြောင်းကြော်ငြာပြီးဇော်မိုးအောင်နှင့်ဒေါ်မြို့မြို့အောင်တို့မှအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းကြော်ငြာတွင်နှစ်(၉၀)မြေငှားဂရန်မူရင်းတင်ပြခဲ့၍ဟုပြည့်စွက်ဖတ်ရှုပါရန်။

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
## ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် လမ်းဦးစီးဌာနမှ ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာဝယ်ယူမည့် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန လက်အောက်ရှိ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ရန်ကုန်မြောက်ပိုင်းခရိုင်နှင့်လမ်းအထူးအဖွဲ့(၁၄)တို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော(၈၀/၁၀၀)အမျိုးအစားကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၁၅-၁၂-၂၀၁၇ရက် (သောကြာနေ့) (ရုံးချိန်အတွင်း) |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** | - ၁၂-၁-၂၀၁၈ရက် (သောကြာနေ့) - နံနက် ၁၁နာရီ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်ရက် /အချိန်** | - ၁၂-၁-၂၀၁၈ ရက် (သောကြာနေ့) မွန်းလွဲ (၂)နာရီ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ၁၅-၁၂-၂၀၁၇ရက်မှ ၁၀-၁-၂၀၁၈ ရက် အထိ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၁-၃၇၁၃၉၄၊ ၀၁-၃၇၁၀၆၇**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ (၁၃) ရပ်ကွက်နေ မခင်ယမုံထွန်း ၉/မခန(နိုင်)၂၅၆၃၇၇ ၏ဖခင် ဦးထွန်းကြည် ၉/မခန(နိုင်) ၀၆၈၉၆၀နှင့် အိမ်ထောင်စု စာရင်းပါ ဦးထွန်းထွန်းမှာ တစ်ဦးတည်း ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8007 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7661 Nissan Cabster JN L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသူဇာလွင် ၁၂/သကတ(နိုင်) ၁၉၀၄၁၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဒေါ်ဆန်းမွန်လေး ၁၂/ဥကတ(နိုင်)၀၄၈၀၆၀ အောင်ရွှေထွန်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် သက်ဆိုင်သူများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၁)လမ်း၊ အမှတ် ၄၉၀နေ ဦးမောင်အေး ၁၂/ဥကမ(နိုင်)၀၄၂၀၃၈၊ ဦးဇော်ဝင်း ၁၂/ဥကမ(နိုင်)၀၄၂၃၇၂၊ ဦးဝင်းနိုင် ၁၂/ဥကမ(နိုင်)၀၄၄၅၄၀၊ ဦးရဲထွဋ် ၁၂/ဥကမ(နိုင်)၂၁၉၄၂၇၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

၁။ အထက်ပါ ဦးမောင်အေးပါ လေးဦးနှင့် လူကြီးမင်းသည် မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၁) လမ်း၊ အမှတ် ၄၉၀၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေပေါ်တွင် နှစ်ခန်းတွဲခြောက်ထပ်တိုက် အဆောက်အဦးဆောက်လုပ်ကြရန် ၂၃-၅-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆိုကြ၍ ယင်းနေ့မှာပင် အဆောက်အဦးဆောက်လုပ်ရန်အတွက် မြေရှင်ဦးမောင်အေးမှ လူကြီးမင်းဒေါ်ဆန်းမွန်လေးအား အထွေထွေကိုယ်စားလှယ်လွှဲစာ (GP-13903/2014) လွှဲအပ်ပေးခဲ့ပါသည်။ မြေရှင်ဦးမောင်အေးအမည်ပေါက် နှစ် ၆၀မြေငှားဂရန်မူရင်းနှင့် ဆက်စပ်စာရွက်စာတမ်းများကိုလည်း ဒေါ်ဆန်းမွန်လေးထံ ပေးအပ်ခဲ့ရပါသည်။

၂။ ၂၃-၅-၂၀၁၄ရက်စာချုပ်ပါ သက်တမ်းအရ အဆောက်အဦးဆောက်လုပ်မည့်ကာလကို မြေကြီးစတူးသည့်ရက်မှစ၍ ၁၂လအတွင်းပြီးစီး အောင်ဆောက်လုပ်သွားမည်။ မပြီးစီးပါက နှစ်လအချိန်ထပ်မံပေးရန်ဟုပါရှိသဖြင့် စာချုပ်ပါ ဆောက်လုပ်မည့်သက်တမ်းမှာ စုစုပေါင်း ၁၄လ ဖြစ်သော်လည်း ယနေ့အချိန်အထိ ၂နှစ်၇လကြာမြင့်သည့်တိုင် အဆောက်အဦးအား ပြီးစီးအောင်ဆက်လက်ဆောက်လုပ်ရန် ကြိုးပမ်းလုပ်ဆောင်မှုများ လုံးဝမပြုသည့်အပြင် မြေရှင်ထံသို့လည်း တစ်စုံတစ်ရာ အသိပေးအကြောင်းကြားဆက်သွယ်ခြင်းလည်း လုံးဝမရှိခဲ့ပါ။

၃။ အထက်ဖော်ပြပါ မြေပေါ်ရှိ အဆောက်အဦးများမှာ ပြီးဆုံးအောင်လည်း ဆောက်လုပ်ရခြင်းမရှိသေးသည့်အပြင် ကန်ထရိုက်တာမှ အခန်းကြိုတင်ရောင်းချမှုများနှင့် ပတ်သက်၍လည်း မည်သည့်အခန်းကိုမျှ ရောင်း/ဝယ်/ငှားခြင်းကိစ္စများကို မြေရှင်မှ မသိရှိကြောင်းနှင့် အသိအမှတ်ပြုလက်မှတ်လုံးဝထိုးပေးထားခြင်းများလည်းမရှိပါ။

ထပ်မံ၍ အသိပေးသည်မှာ အထက်ပါအဆောက်အဦးနှင့်ပတ်သက်၍ မြေရှင်မသိရှိ၊ လက်မှတ်ရေးထိုးမထားဘဲ ကန်ထရိုက်တာ ဒေါ်ဆန်းမွန်လေးနှင့် အရောင်းအဝယ်ပြုထားခြင်း၊ အခြားတစ်စုံတစ်ရာ ကတိပြုထားသည့်ကိစ္စအဝဝမှာ မြေရှင်နှင့် မသက်ဆိုင်ဘဲ ကန်ထရိုက်တာဒေါ်ဆန်းမွန်လေးတွင်သာ အပြည့်အဝတာဝန်ရှိမည်ဖြစ်ပြီး မြေရှင်နှင့် လုံးဝမသက်ဆိုင် (တာဝန်မယူ)ပါကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။

၄။ လူကြီးမင်းဘက်မှ ထိုကဲ့သို့ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ မဆောက်လုပ်ဘဲ အဆောက်အဦးအား အချိန်ကြာမြင့်သည့်တိုင် ဆက်လက်မဆောက်လုပ်ခြင်း၊ အချိန်ကြာမြင့်စွာ မြေရှင်နှင့် ဆက်သွယ်ဆောင်ရွက်မှုမပြုခြင်းတို့ကြောင့် မြေရှင်မှ လူကြီးမင်းနှင့် ဆက်လက် လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိတော့သဖြင့် လူကြီးမင်းထံလွှဲအပ်ထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ(GP-13903/2014)အား ပြန်လည် ရုပ်သိမ်းပယ်ဖျက်မည်ဖြစ်ကြောင်းနှင့် လူကြီးမင်းနှင့်ချုပ်ဆိုထားသော ၂၃-၅-၂၀၁၄ရက်စွဲပါ အောင်ရွှေထွန်းဆောက်လုပ်ရေးနှင့် မြေရှင်တို့ အဆောက်အဦးဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်အား မြေရှင်ဘက်မှ အတိအလင်းဖျက်သိမ်းပါကြောင်း။

၅။ လူကြီးမင်းထံပေးအပ်ထားသော မြေရှင်ဦးမောင်အေး အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မူရင်းနှင့် အခြားစပ်ဆိုင်သော စာရွက်စာတမ်းများအားလုံးကို ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပြန်လည်ပေးအပ်ပါရန် အသိပေးကြေညာ လိုက်ပါသည်။ သတ်မှတ်ရက်အတွင်း ပြန်လည်ပေးအပ်ခြင်းမရှိပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာခိုင်(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၇)**
**အမှတ်(၄၀/၂၅)၊ ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၆၅၇၇၄၊ ၀၉-၇၇၇၈၄၆၇၇၄**

# အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားတွင် တောင်ပေါ်မှဆီးနှင်းခဲများ ပြိုကျမှုကြောင့် တပ်ဖွဲ့ဝင်သုံးဦး ပျောက်ဆုံး

**ဆရီနာဂါ ဒီဇင်ဘာ ၁၂**

အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် အင်္ဂါနေ့က တပ်ဖွဲ့ဝင်များ တပ်စွဲထားရာနေရာတစ်ခုကို တောင်ပေါ်မှဆီးနှင်းခဲများ ပြိုကျခဲ့ပြီးနောက် တပ်ဖွဲ့ဝင်သုံးဦး ပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

တပ်စွဲထားရာနေရာသည် အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ ဆရီနာဂါမြို့မြောက်ဘက်မှ ၁၆၅ ကီလိုမီတာအကွာ ဘန်ဒီပိုရာဒေသရှိ ဂူရက်စ်တွင် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တောင်ပေါ်မှနှင်းခဲများ ပြိုကျခဲ့ပြီးနောက်တွင် တပ်ဖွဲ့ဝင်သုံးဦး ပျောက်ဆုံးသွားခဲ့ကြောင်း အိန္ဒိယတပ်မတော်အာဏာပိုင်တစ်ဦးက ပြောသည်။

တပ်ဖွဲ့ဝင်များပျောက်ဆုံးကြောင်း သတင်းရရှိသည်နှင့်တစ်ပြိုင်နက် တပ်မတော်က ပျောက်ဆုံးနေသူများကိုရှာဖွေရန် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ခဲ့ကြောင်း သိရသည်။ ယခုနှစ်အစောပိုင်းတွင် ဂူရက်စ်ဧရိယာနှင့် ဘန်ဒီပိုရာဒေသတို့တွင် တောင်ပေါ်မှနှင်းခဲများ ပြိုကျမှုကြောင့် အိန္ဒိယတပ်ဖွဲ့ဝင် ၁၄ ဦးတို့ သေဆုံးခဲ့သည်။

ကက်ရှ်မီးယားတွင် တနင်္လာနေ့ကတည်းက စတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုများနှင့် ဆီးနှင်းများ ကျဆင်းမှုဖြစ်ပွားနေခဲ့သည်။ နှင်းများထူထပ်စွာကျဆင်းမှုနှင့် မိုးသည်းထန်မှုတို့ကြောင့် ကက်ရှ်မီးယားရှိတောင်တန်းများပေါ်တွင် မြေပြိုမှုနှင့်နှင်းခဲများပြိုကျမှုတို့ မကြာခဏဖြစ်ပွားကြောင်း သိရသည်။

**ဆင်ဟွာ**






# ရုရှားတပ်ဖွဲ့ဝင်အများစုကို ဆီးရီးယားမှ ပြန်လည်ရုပ်သိမ်းမည်

**မော်စကို ဒီဇင်ဘာ ၁၂**

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများကို အောင်ပွဲရရှိကြောင်း ကြေညာနိုင်ခဲ့ပြီးနောက်တွင် ရုရှားသည် ၎င်း၏ တပ်ဖွဲ့ဝင်အများစုကို ဆီးရီးယားမှ ပြန်လည်ဆုတ်ခွာစေမည်ဖြစ်ကြောင်း၊ သို့သော်လည်း ပဋိပက္ခများဖြစ်ပွားခဲ့သည့် နိုင်ငံအတွင်း၌ ရုရှားလေတပ်အခြေစိုက်စခန်းနှင့် ရေတပ်အခြေစိုက်စခန်းကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က တနင်္လာနေ့တွင် ကြေညာခဲ့သည်။

ဆီးရီးယားရှိ Hmeymim လေတပ်အခြေစိုက်စခန်းသို့ အလည်အပတ်ခရီးစဉ်သွားရောက်ခဲ့စဉ်အတွင်း သမ္မတပူတင်သည် လွန်ခဲ့သော နှစ်နှစ်အကြာက ရုရှားတပ်မတော် အင်အားစုများနှင့် ဆီးရီးယားတပ်မတော်တို့က နိုင်ငံတကာမှ အကြမ်းဖက် အဖွဲ့အစည်းအများစုကို နှိမ်နင်းအောင်မြင်ခဲ့မှုကို ပြန်ပြောင်းပြောဆိုခဲ့ပြီး ရုရှားတပ်ဖွဲ့ဝင်များအား ပြန်လည်ဆုတ်ခွာရန် အမိန့်ပေးခဲ့ကြောင်း သိရသည်။

သမ္မတပူတင်သည် ဆီးရီးယားရှိ အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်သည့် စစ်ဆင်ရေးများတွင် ပါဝင်ခဲ့ကြသည့် ရုရှားအမှုထမ်းများကို ကျေးဇူးစကားဆိုခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်လောက်မှ စတင်ကာ ရုရှားလေကြောင်းအင်အားစုများသည် ဆီးရီးယားတွင် ဖြန့်ကြက်ခဲ့သည်။ ဆီးရီးယားနှင့်ရုရှားနှစ်နိုင်ငံလုံးတို့တွင် အကြမ်းဖက်တိုက်ဖျက်မှုများအတွင်း၌ စွန့်လွှတ်စွန့်စားခဲ့မှုများကို ကျွန်ုပ်တို့ ဘယ်သောအခါမှ မေ့နိုင်မည်မဟုတ်ကြောင်း ပူတင်က ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့ဝင်များသည် ဆွေမျိုးများ၊ မိဘများ၊ ဇနီးသည်များ၊ သားသမီးများနှင့် သူငယ်ချင်းမိတ်ဆွေများထံသို့ အောင်ပွဲနှင့်အတူပြန်နိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

သို့သော်လည်း ရုရှားသည် ဆီးရီးယားရှိ စစ်အခြေစိုက်စခန်းနှစ်ခုဖြစ်သည့် Hmeymin လေတပ်အခြေစိုက်စခန်းနှင့် တာတပ်စ်လေတပ်အခြေစိုက်စခန်းကို ထာဝမြဲအတိုင်း ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း၊ အကယ်၍ အကြမ်းဖက်သမားများ ပြန်လည်ဦးမော့လာပါက ၎င်းတို့တစ်ကြိမ်တစ်ခါမှမမြင်ဖူးသေးသည့် ထိုးနှက်မှုများဖြင့်သာ ကိုင်တွယ်သွားမည်ဟု သမ္မတပူတင်ကပြောကြားခဲ့ကြောင်းသိရသည်။

**ဆင်ဟွာ**

# နယူးယောက်မြို့တွင် အကြမ်းဖက်တိုက်ခိုက်ရန်ကြိုးစားခဲ့ရာ လူလေးဦး ဒဏ်ရာရရှိ

**နယူးယောက် ဒီဇင်ဘာ ၁၂**

နယူးယောက်မြို့ လူသွားလူလာများဖြင့် စည်ကားနေသည့်နေရာတွင် လူတစ်ဦးက ပေါက်ကွဲစေတတ်သည့် လက်နက်ဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် လူလေးဦးဒဏ်ရာရရှိခဲ့သည်။

နယူးယောက်မြို့တော်ဝန်က ယင်းဖြစ်ရပ်ကို အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းမှု ဟု ခေါ်ဆိုခဲ့သည်။ အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးသည် နည်းပညာနိမ့်သည့် ဗုံးတစ်လုံးကို ၎င်း၏ ကိုယ်ခန္ဓာတွင် ဝတ်ဆင်ခဲ့ပြီး ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၃၀ ခန့်က တိုင်းမ်စ်စကွဲယားအနီးတွင် ဖောက်ခွဲခဲ့ရာ ၎င်းကိုယ်တိုင်ဆိုးဆိုးရွားရွား ဒဏ်ရာရရှိခဲ့ပြီး အခြားလူ သုံးဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။

ရဲများက ဖောက်ခွဲသူ၏အမည်မှာ Akayed Ullah ဟုဖော်ပြခဲ့ပြီး လက်ရှိတွင် ၎င်းကို ဖမ်းဆီးထားကြောင်း နယူးယောက်မြို့ ရဲမင်းကြီး ဂျိမ်းစ်အိုနေးလ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

သံသယရှိသူနှင့်ပတ်သက်၍ ပြည်သူများမှ သတင်းအချက်အလက်များ ပေးပို့ကြရန်လည်း ရဲများက တောင်းဆိုထားသည်။ ပေါက်ကွဲမှုဖြစ်စဉ်၏ အနီးအနားရှိ လူသုံးဦးတို့မှာလည်း အသေးစားဒဏ်ရာများရရှိခဲ့သည်။ နားထိခိုက်ခြင်းနှင့် ခေါင်းကိုက်ခြင်းများ ခံစားရကြောင်း အာဏာပိုင်များက ပြောသည်။

ပေါက်ကွဲမှုအတွက် သံသယရှိသူမှာ အိုင်အက်စ်အဖွဲ့နှင့် ပတ်သက်မှု ရှိ မရှိမေးမြန်းကြရာတွင် ရဲမင်းကြီးက ယခုအချိန်၌ ဘာကိုမှ တပ်အပ်မပြောနိုင်သေးကြောင်း ပြောသည်။ မြို့တော်ဝန်က ဖောက်ခွဲရန်ကြံစည်သူ၏ အကြံအစည် မအောင်မြင်ခဲ့သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

**ရိုက်တာ**




# အာဖဂန်မြောက်ပိုင်းတွင် တာလီဘန်စစ်သွေးကြွများနှင့် ရဲတပ်ဖွဲ့တို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦး ပျောက်ဆုံးလျက်ရှိ

**ကဘူးလ် ဒီဇင်ဘာ ၁၂**

အာဖဂန်နစ္စတန်မြောက်ပိုင်း တပ်ကဟာပြည်နယ်ရှိ လုံခြုံရေးဂိတ်များကို ညသန်းခေါင်အချိန်တွင် တာလီဘန်စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားပြီး တာလီဘန်စစ်သွေးကြွသုံးဦးနှင့် ရဲအရာရှိတစ်ဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာအာဏာပိုင်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

တာလီဘန်စစ်သွေးကြွတစ်စုတို့သည် တနင်္လာနေ့ ညသန်းခေါင်တွင် Dasht-e- Qala နှင့် အိမ်နီးချင်း ခိုဂျာဂါပြည်နယ်တို့ရှိ လုံခြုံရေးဂိတ်များကို ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အာဖဂန်အမျိုးသားရဲတပ်ဖွဲ့ (ANP) တပ်ဖွဲ့ဝင်များက ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့သည်။

သို့သော်ရဲတပ်ဖွဲ့အရာရှိတစ်ဦးနှင့် စစ်သွေးကြွသုံးဦးတို့မှာအပြန်အလှန်ပစ်ခတ်မှုများအတွင်း သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းသို့ပြောကြားခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက်တွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးပျောက်ဆုံးနေကြောင်း သို့သော် လုံခြုံရေးအင်အားစုများက အနီးတစ်ဝိုက်ရှိဧရိယာများတွင်ရှာဖွေရေးဆောင်ရွက်နေကြောင်း ၎င်းကပြောသည်။

တာလီဘန်အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဇာဘီရူလာမူဂျာဟစ်က တိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခဲ့ကြောင်း၊ လုံခြုံရေးဂိတ်သုံးခုကို တာလီဘန်စစ်သွေးကြွတို့က ရယူနိုင်ခဲ့ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို တာလီဘန်အင်အားစုများက ဖမ်းဆီးထားကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အာဖဂန်အရှေ့ပိုင်းပြည်နယ်၌ အာဖဂန်အင်အားစုများက အိုင်အက်စ် စစ်သွေးကြွ ကိုးဦးကို သုတ်သင်

**ဂျလာလာဘတ် ဒီဇင်ဘာ ၁၂**

အာဖဂန်အင်အားစုများသည် တနင်္ဂနွေနေ့က အာဖဂန်နစ္စတန် အရှေ့ပိုင်းနန်ဂါဟာပြည်နယ်၌ အိုင်အက်စ်အကြမ်းဖက်အုပ်စုမှ စစ်သွေးကြွကိုးဦးကို နှိမ်နင်းခဲ့ပြီး စစ်သွေးကြွကိုးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

အာဖဂန်အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးအင်အားစုများသည် ဝန်းရံပိတ်ဆို့မှု အတွင်းပါဝင်လှုပ်ရှားခဲ့ကြပြီး ခိုဂျန်နီဒေသ၌ နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးဆင်နွှဲခဲ့ကြကြောင်း သိရသည်။ တနင်္ဂနွေနေ့တွင် လုံခြုံရေး အင်အားစုများနှင့် အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့များအတွင်း အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကာ အိုင်အက်စ်စစ်သွေးကြွ ကိုးဦး သေဆုံးခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူ အတူလာလိုဂျန်နီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်များအတွင်း ခိုဂျန်နီရှိ အိုင်အက်စ် စစ်သွေးကြွများရှိသည့် ကျေးရွာများကို ရှင်းလင်းရေးလုပ်ဆောင်ခဲ့ပြီး လက်နက်အမျိုးမျိုးတို့ကို လုံခြုံရေးအင်အားစုများက သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့မှုအသစ်များ တောင်ကိုရီးယားကြေညာ

**ပြုံယမ်း ဒီဇင်ဘာ ၁၂**

တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားက ပြုလုပ်ခဲ့သည့် ဟွာဆောင်း ၁၅ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားကို ပိတ်ဆို့မှုအသစ်များ ထပ်မံချမှတ်လိုက်ကြောင်း ကြေညာခဲ့သည်။

မြောက်ကိုရီးယားသည် တိုက်ချင်းပစ်ဒုံးကျည်သစ်တစ်စင်းကို ပြီးခဲ့သည့် နိုဝင်ဘာ ၂၉ ရက်က ဂျပန်ပင်လယ် ထဲသို့ စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ထပ်မံချမှတ်လိုက်သည့် ပိတ်ဆို့မှုအသစ်များသည် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက် ငွေကြေးစီးဆင်းမှုကိုဖြတ်တောက်ပစ်ရန်ရည်ရွယ်သည်ဟု တောင်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားဘဏ်များ၊ ကုန်သွယ်ရေးကုမ္ပဏီများအပါအဝင် မြောက်ကိုရီးယားအဖွဲ့အစည်း ၂၀ တို့ကို ပိတ်ဆို့သွားရန်ပစ်မှတ်ထားခဲ့ကြောင်း ဖော်ပြထားသည်။ တနင်္လာနေ့တွင် ပိတ်ဆို့မှုများ စတင်သက်ရောက်ခဲ့သည်။

မြောက်ကိုရီးယားသီးခြားအဖွဲ့ ၁၂ ခုတို့လည်း ပိတ်ဆို့မှုစာရင်းတွင် ပါဝင်သည်။ ယင်းပိတ်ဆို့မှုများသည် တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်း၏ အုပ်ချုပ်မှုကာလအတွင်း ဒုတိယအကြိမ်ချမှတ်လိုက်သည့်ပိတ်ဆို့မှုများဖြစ်ကြောင်း သိရသည်။ ပထမအကြိမ်ပိတ်ဆို့မှုကို နိုဝင်ဘာ ၆ ရက်က လုပ်ဆောင်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ခြိမ်းခြောက်နေဆဲ အိုင်အက်စ်ရန်မှ အီရတ်ပြည်သူတွေ ကမ္ဘာကြီးရဲ့ကရုဏာတရားကို လက်ခံရရှိပါစေ

**တင်လင်းအောင်**



အီရတ်နိုင်ငံ ဝန်ကြီးချုပ် အဘာဒီက အိုင်အက်စ်လို့လူသိများတဲ့ အစ္စလာမ့်စ်အဖွဲ့ကို အီရတ်မြေပေါ်မှ တိုက်ထုတ်နိုင်ခဲ့ပြီဖြစ်သလို အိုင်အက်စ်တို့အပေါ် သုံးနှစ်ကျော်ကြာဆင်နွှဲခဲ့တဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ပွဲကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း မကြာသေးမီက ပြောခဲ့ပါတယ်။ အခုလို အီရတ်ဝန်ကြီးချုပ်အဘာဒီနဲ့ အီရတ်ပြည်သူအားလုံးအနေနဲ့ အိုင်အက်စ်တို့ကို တိုက်ထုတ်နိုင်ခဲ့တဲ့ သမိုင်းဝင်အချိန်အခါသမယအတွက် ချီးကျူးဂုဏ်ပြုကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ပြောကြားခဲ့ပါတယ်။ အခုလို အိုင်အက်စ်အကြမ်းဖက်သမားတွေကို အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့တာဟာ အီရတ်နိုင်ငံရဲ့ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်သလိုဖြစ်ပြီး အီရတ်နိုင်ငံရဲ့ အကျိုးစီးပွားနဲ့ ငြိမ်းချမ်းရေးကို ပိုမိုယူဆောင်လာနိုင်မှာဖြစ်ကြောင်း သူက ဆက်လက်ပြောကြားခဲ့ပါတယ်။

သို့သော်လည်း အီရတ်နိုင်ငံ ဝန်ကြီးချုပ်က အိုင်အက်စ်တို့အား နှိမ်နင်းအောင်မြင်ခဲ့ပြီ ဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့တဲ့အပေါ် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက အစွန်းရောက်တွေမှာ ဆီးရီးယားနိုင်ငံနယ်စပ်ကို ဖြတ်ကျော်ပြီး အီရတ်နိုင်ငံအား ခြိမ်းခြောက်နေဆဲဖြစ်ကြောင်း သတိပေးပြောကြားခဲ့ပါတယ်။

အိုင်အက်စ်တွေ ရှုံးနိမ့်သွားတယ်ဆိုတာမှန်သော်လည်း သူတို့ဟာ အပြီးသတ်ကျဆုံးသွားတာမျိုးမဟုတ်သေးဘဲ ဆက်လက်ခြိမ်းခြောက်နေဆဲရှိပါသေးတယ်။ အိုင်အက်စ်တို့ဟာ အီရတ်နဲ့ ဆီးရီးယားနိုင်ငံတွေမှာ လျင်မြန်စွာ ကြီးထွားလျက်ရှိခဲ့ပြီး လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်က အီရတ်နဲ့ ဆီးရီးယားနိုင်ငံ အစိတ်အပိုင်းအတော်များများကို ထိန်းချုပ်ပြီး အစ္စလာမ့်စ်နိုင်ငံတော်အဖြစ် ကြေညာခဲ့ပါသေးတယ်။

အိုင်အက်စ်အကြမ်းဖက်အုပ်စုဟာ မြေထဲပင်လယ်မှသည် ဘဂ္ဂဒက်မြို့တောင်ပိုင်းအထိ နယ်မြေဧရိယာ စတုရန်းမိုင် ၃၄၀၀၀ ကျော် သိမ်းပိုက်ခဲ့ပါတယ်။

မကြာသေးမီကလည်းအိုင်အက်စ် အကြမ်းဖက်တပ်ဖွဲ့ဟာ လူသတ်စုဆောင်းမှုတွေ ထပ်မံပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဟာ အီရတ်နိုင်ငံကို ဆက်လက်ခြိမ်းခြောက်လျက်ရှိပြီး အီရတ်သန်းပေါင်းများစွာရဲ့ နေ့စဉ်ဘဝတွေကိုလည်း ခြိမ်းခြောက်လျက်ရှိပါတယ်။ ဆရာဝန်တွေ၊ ဆရာတွေ၊ တရားသူကြီးတွေ၊ စားဖိုမှူးတွေနဲ့ ရှေ့နေတွေ အပါအဝင် အီရတ်ထောင်ပေါင်းများစွာဟာလည်း အိုင်အက်စ်အကြမ်းဖက်အုပ်စုမှာ သစ္စာခံဖို့လာရောက်တဲ့သူတွေ ရှိပါတယ်။

ဆက်ဒမ်ဟူစိန်လက်ထက်တုန်းက အီရတ်လူမျိုးတွေဟာ ဘာ့သ်ပါတီကိုဝင်ဖို့ ဖိအားပေးခံခဲ့ရပါတယ်။ အိုင်အက်စ်အကြမ်းဖက်သမားတွေ ထိန်းချုပ်ထားတဲ့ နေရာအတော်များများမှာရှိတဲ့ လူတွေက ဘာပြောလဲဆိုရင် သူတို့ရဲ့ အလုပ်ကို ဆက်လုပ်နိုင်ဖို့ ပါတီထဲကိုဝင်ရန် ဖိအားပေးခံရကြောင်း ပြောခဲ့ကြပါတယ်။ အဲအချိန်ကတည်းက အိုင်အက်စ် အကြမ်းဖက်ဝါဒကို အတင်းအကျပ်ထောက်ခံခိုင်းခဲ့တယ်ဆိုတာ ထင်ရှားလှပါတယ်။

အစ္စလာမ့်စ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ဟာ ဂျီဟတ်စစ်ပွဲဆင်နွှဲနိုင်ရေး တစ်ကမ္ဘာလုံးအကြမ်းဖက်ဝါဒပြန့်ပွားရေးကို နည်းအမျိုးမျိုးနဲ့ပြုလုပ်လျက်ရှိပါတယ်။ အစ္စလာမ့်စ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ရဲ့ အကြမ်းဖက်ဝါဒဟာ ဘယ်လောက်တောင် ကြောက်စရာကောင်းသလဲဆိုရင် ၎င်းတို့အခြေပြုရာ အီရတ်၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဆီးရီးယားမှသည် အရှေ့တောင်အာရှ၊ ထို့မှတစ်ခါ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးလျစတဲ့ နိုင်ငံတွေအထိတောင်မက တစ်ကမ္ဘာလုံး အထိတိုင်အောင် ကူးစက်ပျံ့နှံ့လာခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။

အရှေ့တောင်အာရှ နိုင်ငံတွေမှာဆိုရင် ဖိလစ်ပိုင်နိုင်ငံ မာရဝီမြို့ဟာ လတ်တလောမှာ အစ္စလာမ့်စ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့ လက်အောက်ကို ကျရောက်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ မကြာသေးမီက ဖိလစ်ပိုင်သမ္မတကြီး ဒူတာတေးဟာ အဆိုပါ ဒေသကို တိုက်ပွဲဝင်တပ်ဖွဲ့တွေနဲ့တွေ့ဆုံဖို့ တတိယအကြိမ် သွားရောက်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီမှာ သူဘာပြောခဲ့သလဲဆိုရင် ရန်သူကို တိုက်ခိုက်တဲ့အခါ၊ အကြမ်းဖက်မှုတွေကိုနှိမ်နင်းတဲ့ အခါမှာ “စည်းလုံးညီညွတ်မှုကို ပြသဖို့ ငါမင်းတို့နဲ့အတူရှိနေမယ်” လို့ပြောခဲ့ပါတယ်။ အကယ်၍ ဖိလစ်ပိုင်တောင်ပိုင်းမှာ အကြမ်းဖက်သမားတွေကို ဖြိုခွဲနိုင်ခဲ့တယ်ဆိုရင်တောင် မွတ်စလင်အများစုကြီးစိုးရာ ထိုင်းနိုင်ငံတောင်ပိုင်းမှာလည်း အလားတူ ပဋိပက္ခတွေ၊ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ အေးချမ်းမှုကို နှောင့်ယှက်ထိပါးစေတဲ့ ဆူပူအုံကြွမှုတွေ မကြာခဏဖြစ်ပွားခဲ့ပါတယ်။

လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီတည်ထောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံကို ကြည့်မယ်ဆိုရင်လည်း အင်အားများတဲ့ မွတ်စလင်တွေက ၁၉၄၇ ခုနှစ်မှာ တိုင်းပြည်တစ်ခု ခွဲထွက်ဖို့တောင်းဆိုခဲ့တာကို သမိုင်းကသက်သေခံလျက်ရှိပါတယ်။

ယနေ့ အိန္ဒိယနဲ့ ပါကစ္စတန်ဘာတွေဖြစ်သလဲ ကြည့်မယ်ဆိုရင် ကက်ရှ်မီးယားအရေးနဲ့ပတ်သက်ပြီး သူတို့တွေ စိတ်မအေးခဲ့ရပါဘူး။ ဘာကြောင့်လဲ။ အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေက တစ်ဆင့် မြစ်ဖျားခံလာခဲ့လို့ပဲ ဖြစ်ပါတယ်။

အကြမ်းဖက်မှုတွေရှိရင် အဲဒီဒေသ၊ အဲဒီနိုင်ငံဟာ ဘယ်တော့မှအေးချမ်းမှာ မဟုတ်ပါဘူး။ မအေးချမ်းတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း အားစိုက် မဆောင်ရွက်နိုင်သလို စီးပွားရေးမှာလည်း တိုးတက်လာမှာမဟုတ်ပါဘူး။ နောက်ဆုံးမှာ ငြိမ်းချမ်းရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါဟာကြောက်စရာကောင်းလှပါတယ်။ သူတို့ကို အမြစ်မြေလှန်ရှင်းလင်းနိုင်မှ တော်ကာကျမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ပါးနပ်စွာ လုပ်ကိုင်တတ်ဖို့ လိုအပ်ပါတယ်။

အခုလို နည်းပညာတိုးတက်လာတဲ့ ခေတ်ကြီးမှာ အစ္စလာမ့်စ်အစွန်းရောက်အဖွဲ့ဟာ လူမှုဆက်သွယ်ရေးမီဒီယာတွေကတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်တာတွေလုပ်နေတာကို မျက်ဝါးထင်ထင်တွေ့ရမှာဖြစ်ပါတယ်။ မကြာသေးမီကထုတ်လွှင့်လိုက်တဲ့ ရုပ်သံဖိုင်တစ်ခုမှာ အစ္စလာမ့်စ်အစွန်းရောက်အဖွဲ့က ဘာတွေတိုက်တွန်းခဲ့သလဲဆိုရင် အရှေ့တောင်အာရှမှာရှိတဲ့ မွတ်စလင်အကြမ်းဖက်သမားတွေအားလုံး ဂျီဟတ်စစ်ပွဲဆင်နွှဲဖို့ တိုက်တွန်းခဲ့ပါတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ နေရာအတော်များများမှာဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဆိုရင် အစ္စလာမ့်စ်အစွန်းရောက်အဖွဲ့ရဲ့ လက်ချက်ကင်းတယ်ရယ်လို့မရှိပါဘူး။ ဝမ်းနည်းကြေကွဲမှုရက်စွဲတွေ၊ သွေးဖုံးလွှမ်းသောနေ့တွေဆိုတာ အကြမ်းဖက်ဝါဒကို စွဲကိုင်ထားတဲ့ အကြမ်းဖက်သမားတွေရဲ့ မညှာမတာလုပ်ရပ်တွေကြောင့်ပဲ ဖြစ်ပေါ်လာတာပါ။

ဒါကြောင့် အမေရိကန်ဟာ အကြမ်းဖက်ဝါဒတွေ မွေးဖွားပေါ်ပေါက်ရာ အိုစမာဘင်လာဒင်လက်ထက် သာမက ယခုရက်စက်မှုနေရာမှာ သရဖူ ဆောင်းတဲ့ အိုင်အက်စ်အဖွဲ့တို့ကို ဆက်လက်နှိမ်နင်းမှုတွေ လုပ်ဆောင်နေရဆဲရှိပါသေးတယ်။

သို့သော်လည်း ဒီနေ့အချိန်အခါမှာတော့ အီရတ်ရဲ့ ဥပဒေနဲ့ ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်တွေနဲ့ အီရတ်ဟာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဝင်တွေကို တရားစွဲဆိုဖို့ ကြိုးစားခဲ့ပါတယ်။

ပြစ်ဒဏ်ချမှတ်ခံရသူတွေအနေနဲ့ တစ်သက်တစ်ကျွန်းထောင်ဒဏ်၊ သို့မဟုတ် သေဒဏ်စီရင်ချက် ချမှတ်ခံခဲ့ရပါတယ်။ သနားထောက်ထားညှာတာမှု အလျှင်းမရှိတဲ့ အိုင်အက်စ်တွေရဲ့ ဥပဒေချိုးဖောက်မှုတွေဟာ အီရတ်ပြည်သူတွေအတွက် တရားမျှတမှုတွေ ဆောင်ကြဉ်းလာဖို့ ကမ္ဘာကြီးရဲ့ ကရုဏာတရားကို လက်ခံရရှိခဲ့သလိုပါပဲ။ အိုင်အက်စ် အကြမ်းဖက်သမားတွေဟာ မခန့်မှန်းနိုင်တဲ့ ဒုက္ခပေါင်းစုံ၊ လူသတ်မှုတွေ၊ အီရတ်နဲ့ ဆီးရီးယားတို့မှာ သုံးနှစ်နီးပါးအကြမ်းဖက်မှုပေါင်း မြောက်မြားစွာကို ပြုလုပ်ခဲ့ကြပါတယ်။

ယခု ၂၁ ရာစုဟာ အလွန်ကြောက်စရာကောင်းမှုတွေနဲ့ ပြည့်နှက်နေသလိုပါပဲ။ ဖမ်းထားတဲ့ ရာဇဒီ အမျိုးသမီးတွေကို ကျွန်တွေအဖြစ် ရောင်းချခဲ့ကြသလို လိမ္မော်ရောင်ဝတ်စုံတွေ ဝတ်ဆင်ပေးထားတဲ့ သတင်းထောက်တွေကိုလည်း ရက်ရက်စက်စက် ခေါင်းဖြတ်သတ်ခဲ့တာကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါတယ်။

အိုင်အက်စ်တို့ကို နှိမ်နင်းဖို့ တပ်ဖြန့်ချထားမှုခံရတဲ့ လုံခြုံရေးတပ်ဖွဲ့တွေလည်း အသတ်ခံခဲ့ရပါတယ်။ အိုင်အက်စ်အကြမ်းဖက်သမားတွေဟာ တရားဥပဒေကိုလည်း မလေးစားသလို၊ လူသားတွေအပေါ်လည်း လေးစားရကောင်းမှန်းသိတဲ့ လူတွေမဟုတ်ကြပါဘူး။

ကုလသမဂ္ဂကလည်း အိုင်အက်စ်အကြမ်းဖက်သမားတွေနဲ့ သက်ဆိုင်တဲ့ သတင်း အချက်အလက်တွေကို စုဆောင်းပြီး တရားစွဲဖို့ကူညီမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အီရတ်မြေပေါ်မှာ အိုင်အက်စ်တွေကို မောင်းထုတ်နိုင်ခဲ့တာ ကောင်းပါတယ်။ သို့သော်လည်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ ပြောသလို အမြစ်ပြတ်အောင်တော့ မဆောင်ရွက်နိုင်သေးပါဘူး။ အီရတ်အစိုးရအနေနဲ့ အကြမ်းဖက်ဝါဒကို လက်ကိုင်ပြုပြီး တရားဥပဒေကို မျက်စိထဲမထည့်ထားတဲ့ အိုင်အက်စ်အကြမ်းဖက်သမားတွေကို အမြစ်ပြတ်နှိမ်နင်းရင်းအီရတ်ပြည်သူတွေအတွက် တရားမျှတမှုတွေ ဆောင်ကြဉ်းလာဖို့ကမ္ဘာကြီးရဲ့ ကရုဏာတရားကို လက်ခံရရှိခဲ့ပါစေလို့။ ။

> **“အိုင်အက်စ်တွေ ရှုံးနိမ့်သွားတယ်ဆိုတာ မှန်သော်လည်း သူတို့ဟာ အပြီးသတ် ကျဆုံးသွားတာမျိုး မဟုတ်သေးဘဲ ဆက်လက် ခြိမ်းခြောက်နေဆဲ ရှိပါသေးတယ်။ အိုင်အက်စ်တို့ဟာ အီရတ်နဲ့ ဆီးရီးယားနိုင်ငံတွေမှာ လျင်မြန်စွာကြီးထွားလျက်ရှိခဲ့ပြီး လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်က အီရတ်နဲ့ ဆီးရီးယားနိုင်ငံ အစိတ်အပိုင်း အတော်များများကို ထိန်းချုပ်ပြီး အစ္စလာမ့်စ်နိုင်ငံတော်အဖြစ် ကြေညာခဲ့”**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများပြောင်းလဲခြင်း သို့မဟုတ် ဒါရိုက်တာများ၏ အမည်များ သို့မဟုတ် နေထိုင်ရာလိပ်စာများ ပြောင်းလဲခြင်း၊

(ဂ) ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ထိုသို့ ပြည်ပတွင် လုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာ၏ လိပ်စာပြောင်းလဲခြင်း သို့မဟုတ်

(ဃ) နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာလိပ်စာ ပြောင်းလဲခြင်း၊ အဆိုပြုချက်ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို အဆိုပါ လိပ်စာပြောင်းလဲခြင်းမပြုမီ ကြိုတင်ပေးပို့ရမည်။

(င) အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ယင်း၏လိပ်စာအတွက်သော်လည်းကောင်း၊ ပြည်ပကော်ပိုရေးရှင်းကိုယ်စား နိုင်ငံတော်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းဆောင်ရွက်မှုများ လက်ခံပြု လုပ်ရန်အတွက် အာဏာအပ်နှင်းထားသော အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ခန့်အပ်ခြင်း သို့မဟုတ် ၎င်း၏အသေးစိတ်အချက်အလက်များအတွက် သော်လည်းကောင်း ပြောင်းလဲခြင်း၊ ထိုသို့ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို ခုနစ်ရက် အတွင်းပေးပို့ရမည်။

၅၂။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၅၁ ပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် အဆိုပါပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိများသည် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းစီ ပေးဆောင်ရန်တာဝန်ရှိသည်။

**ပြည်ပကော်ပိုရေးရှင်းမှ နှစ်စဉ်တင်ပြဆောင်ရွက်ရမည့်ကိစ္စရပ်များ**

၅၃။ (က) နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော ပြည်ပကော်ပိုရေးရှင်းအားလုံးသည် အောက်ပါတို့ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်-

(၁) ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ၂၈ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသော နှစ်စဉ်အစီရင်ခံစာနှင့်

(၂) ကော်ပိုရေးရှင်းအနေဖြင့် ၎င်း၏ မူလနိုင်ငံတွင် ဥပဒေအရ ပြုစုတင်ပြရန် လိုအပ်သော ပုံစံ၊ ပါဝင်ရမည့် အသေးစိတ်အချက်အလက်များ လိုအပ်သည့် စာရွက်စာတမ်း မိတ္တူများပါရှိစေလျက် ၁၅လထက်မပိုသော ကာလအတွင်းဖြစ်ပြီး ပြက္ခဒိန်နှစ်တစ်ခုထက်မကျော်လွန်စေဘဲ-

(ကက) ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည်အထိပြုစုထားသော လက်ကျန် ရှင်းတမ်း (balance sheet)

(ခခ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေထွက်ငွေဖော်ပြချက်စာရင်း (Cash Flow Statement) မိတ္တူတစ်စောင်နှင့်

(ဂဂ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်ဖော်ပြချက်စာရင်း (Profit & Loss Statement) မိတ္တူတစ်စောင်၊

(ခ) ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသည့်အတိုင်း ကော်ပိုရေးရှင်းမှာ ၎င်း၏ မူလနိုင်ငံ ဥပဒေအရ ဖော်ပြပါစာရွက်စာတမ်းများကိုတင်ပြရန် မလိုအပ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်အတွင်း ၎င်း၏စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (က)တွင်ဖော်ပြပါရှိသည့် ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများကို တင်ပြရန် ကုမ္ပဏီအား တောင်းဆိုနိုင်သည်။ ကော်ပိုရေးရှင်းအားဤဥပဒေအရ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ထားသကဲ့သို့ ကော်ပိုရေးရှင်းမှ ပြုစုတင်ပြရန်လိုအပ်သည့် အဆိုပါပုံစံဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ဖြစ်စေ အဆိုပါ စာရွက်စာတမ်းများအား ပြုစုဆောင်ရွက်ရမည်။ ဤပုဒ်မခွဲအရ ဆုံးဖြတ်ချက်ချမှတ်ရာတွင် မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း အသေးစားကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်ခြင်းရှိ မရှိကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မအရ တင်ပြရမည့် ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်း တစ်ရပ်ရပ်ကို စာရင်းစစ်ဆေးစေခိုင်းနိုင်သည်။ ဤပုဒ်မခွဲအရ ဆုံးဖြတ်ချက်ချမှတ်ရာတွင် မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံတော်အတွင်း အသေးစားကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်ခြင်းရှိ မရှိကို ထည့်သွင်းဆုံးဖြတ်နိုင်သည်။

၅၄။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၅၃ ပါဆောင်ရွက်ရမည့်အချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် အဆိုပါပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိများသည် သက်ဆိုင်ရာချိုးဖောက်မှုတစ်ရပ်စီအတွက် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းစီ ပေးဆောင်ရမည်။

**နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုအား ရပ်စဲသည့်ပြည်ပကော်ပိုရေးရှင်း**

၅၅။ (က) နိုင်ငံတော်အတွင်း၌ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုအားရပ်စဲပြီး ၂၁ ရက်အတွင်း ထိုသို့ရပ်စဲမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံတွင်ဖော်ပြလျက် အကြောင်းကြားချက်တစ်ရပ်ကို တင်ပြရမည်ဖြစ်ပြီး အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်ပကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ခြင်းရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်သည့်အခါ မှတ်ပုံတင်စာရင်းမှ အဆိုပါပြည်ပကော်ပိုရေးရှင်း၏ အမည်ကို ပယ်ဖျက်ရမည်။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိက သင့်လျော်သည့် အကြောင်းဖြင့် ယုံကြည်သည့်အခါ မှတ်ပုံတင်အရာရှိသည် ထိုသို့တွေ့ရှိချက်များကို ဖော်ပြလျက်အကြောင်းကြားစာ တစ်စောင်အား ပြည်ပကော်ပိုရေးရှင်းထံသို့ ပေးပို့နိုင်သည်။ ထိုအကြောင်းကြားစာတွင် ပေးပို့သည့်နေ့မှ ၂၈ ရက်အတွင်း အကျိုးအကြောင်းတစ်စုံတစ်ရာ ဖော်ပြပြန်ကြားလာခြင်းမရှိခဲ့လျှင် ယင်းပြည်ပကော်ပိုရေးရှင်း၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းအတွက် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ပြန်ကြားချက်ကို အကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိက လက်ခံရရှိခြင်းမရှိခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာတစ်စောင်အား ထပ်မံပေးပို့နိုင်ပြီးနိုင်ငံတော်ပြန်တမ်းတွင်လည်း ထည့်သွင်းဖော်ပြနိုင်သည်။ ယင်းအကြောင်းကြားစာတွင် အကြောင်းကြားစာပေးပို့သည့်နေ့မှ သုံးလကုန်ဆုံးသည့်အခါ ယင်းပြည်ပကော်ပိုရေးရှင်း၏ အမည်အား အခြားသောထည့်သွင်းစဉ်းစားရမည့်အချက်များ မပေါ်ပေါက်ခဲ့လျှင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ပေးပို့သည့်အကြောင်းကြားစာတွင် ဖော်ပြပါရှိသည့် ကာလကုန်ဆုံးသည့်အခါ မှတ်ပုံတင်အရာရှိသည် အခြားသောထည့်သွင်းစဉ်းစားရမည့်အချက်များမပေါ်ပေါက်ခဲ့လျှင် ပြည်ပကော်ပိုရေးရှင်း၏အမည်အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး ထိုသို့ပယ်ဖျက်သည့် အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် အပိုင်း(၅)ပါပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် ပြည်ပကော်ပိုရေးရှင်းအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(စ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏မူလနိုင်ငံတွင် စာရင်းရှင်းလင်းဖျက်သိမ်းရန်စတင်ပြုလုပ်လျှင် သို့မဟုတ် ဖျက်သိမ်းခဲ့လျှင် သို့မဟုတ် မှတ်ပုံတင်ထားခြင်းမှ ပြန်လည်ပယ်ဖျက်ခဲ့လျှင် -

(၁) အဆိုပါနေ့မှ ၂၈ ရက်အတွင်း အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိသည် ဖော်ပြပါအကြောင်းများနှင့် စပ်လျဉ်း၍သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်သည့်အခါ ထိုသို့ခန့်အပ်ကြောင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိသို့ ပေးပို့တင်ပြရမည့်အပြင်

(၂) တရားရုံးသည် ပြည်ပကော်ပိုရေးရှင်း၏ မူလနိုင်ငံအတွက် တာဝန်ပေးထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မှတ်ပုံတင်အရာရှိမှ လျှောက်ထားတင်ပြလာလျှင် ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို နိုင်ငံတော်အတွင်း၌ ခန့်အပ်ပေးရမည်။

(ဆ) ပြည်ပကော်ပိုရေးရှင်းအား ဖျက်သိမ်းပြီးကြောင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပြန်လည်ပယ်ဖျက်ပြီးကြောင်း အဆိုပါပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိက တင်ပြအကြောင်းကြားခြင်းကို မှတ်ပုံတင်အရာရှိကလက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းမှ အဆိုပါပြည်ပကော်ပိုရေးရှင်း၏အမည်ကို ပယ်ဖျက်ရမည်။

(ဇ) တရားရုံးကခန့်အပ်တာဝန်ပေးသည့် ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် -

(၁) ပြည်ပကော်ပိုရေးရှင်း၏ ပစ္စည်းများကို ခွဲဝေခြင်း တစ်ရပ်ရပ်မပြုလုပ်မီ သင့်လျော်သည့်အချိန်ကာလအတွင်း နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ကြေညာခြင်းဖြင့် မြီရှင်များအားလုံးက ပြည်ပကော်ပိုရေးရှင်းအပေါ် တောင်းဆိုမှုများပြုလုပ်နိုင်ရန်အတွက် ဖိတ်ခေါ်ရမည်။

(၂) တရားရုံး၏အမိန့်တစ်ရပ်မပါရှိဘဲ ပြည်ပကော်ပိုရေးရှင်း၏ အခြားမြီရှင်တစ်ဦးကို နုတ်ပယ်၍ မြီရှင်တစ်ဦးသို့ ငွေပေးချေခြင်းမပြုရ။ ၎င်းအပြင်

(၃) တရားရုံး၏အမိန့်တစ်ရပ်ရပ်ဖြင့် အခြားနည်းဖော်ပြထားခြင်းမရှိလျှင် နိုင်ငံတော်အတွင်းရှိ ပြည်ပကော်ပိုရေးရှင်း၏ပစ္စည်းများကို ပြန်လည်ရယူခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်၍ ယင်း၏မူရင်းနိုင်ငံတွင် တာဝန်ပေးထားသော ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ အထက်ပါအတိုင်း ရယူရောင်းချသည့် ပစ္စည်းများ၏ အသားတင်ငွေပမာဏကို ပေးချေရမည်။

(ဈ) ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ နိုင်ငံတော်အတွင်းရှိ လုပ်ငန်းများကို ဖျက်သိမ်းသည့်အခါ မူရင်းနိုင်ငံအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ထားခြင်းမရှိခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မခွဲ(ဇ)အရ ပြန်လည်ရရှိသည့်ငွေပမာဏအား ပေးချေနိုင်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

**ဤဥပဒေအရမှတ်ပုံတင်ထားသော ပြည်ပကော်ပိုရေးရှင်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ ပေးပို့ဆောင်ရွက်ခြင်း**

၅၆။ (က) စာရွက်စာတမ်းတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြည်ပကော်ပိုရေးရှင်း တစ်ခုထံသို့ ပေးပို့ဆောင်ရွက်ရမည် -

(၁) နိုင်ငံတော်အတွင်းရှိ အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပေးပို့ခြင်းဖြင့်ဖြစ်စေ၊

(၂) အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိ၏ လိပ်စာသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ သော်လည်းကောင်း ပေးပို့ခြင်းဖြင့်ဖြစ်စေ၊

အဆိုပါကိစ္စတစ်ရပ်စီတွင် ဤဥပဒေနှင့်အညီ အကြောင်းကြားဖော်ပြထားသည့် လိပ်စာသို့ ပေးပို့ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ခြင်းကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများသည် နိုင်ငံတော်အတွင်းနေထိုင်ကြလျှင် စာရွက်စာတမ်းတစ်ရပ်အား ပြည်ပကော်ပိုရေးရှင်းသို့ ပေးပို့ရာတွင် အနည်းဆုံး ဖော်ပြပါဒါရိုက်တာနှစ်ဦးထံသို့ စာရွက်စာတမ်းမိတ္တူတစ်စောင်စီကို တရားဝင်ပေးပို့ ဆောင်ရွက်ပေးခြင်းဖြင့် ပြုလုပ်နိုင်သည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တင်ပြထားသည့် အကြောင်းကြားစာရှိ နောက်ဆုံးရုံးခန်းလိပ်စာသို့ စာရွက်စာတမ်းအား လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပြည်ပကော်ပိုရေးရှင်းသို့ တရားဝင်ပေးပို့ဆောင်ရွက်နိုင်သည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြည်ပကော်ပိုရေးရှင်းတစ်ခုသို့စာရွက်စာတမ်းများပေးပို့ရာတွင် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ဖော်ပြပါရှိသော အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ထိုသို့ ဆောင်ရွက်ခွင့်ပြုနိုင်သော တရားရုံး၏အခွင့်အာဏာကို ထိခိုက်စေခြင်းမရှိစေရ။

## အခန်း (၁၀)
## ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း

**ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း**

၅၇။ (က) ကုမ္ပဏီတစ်ခုသည် ဤအခန်းပါပြဋ္ဌာန်းချက်များကို လိုက်နာလျက် အမျိုးအစားပြောင်းလဲရန် အထူးဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ အခြားသော အမျိုးအစားတစ်ရပ်ရပ်သို့ ပြောင်းလဲနိုင်သည်။

(ခ) ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်နိုင်သည်-

(၁) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုမှ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်း၊

(၂) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုမှ အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်း၊

(၃) ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုမှအများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သောကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်းနှင့်

(၄) တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတစ်ခုမှ အများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သောကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်း။

**အမျိုးအစားပြောင်းလဲရန်အတွက်လျှောက်ထားခြင်း**

၅၈။ (က) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီအမျိုးအစားပြောင်းလဲရန်အတွက် လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အောက်ပါအချက်အလက်များနှင့်တကွ မှတ်ပုံတင်အရာရှိထံသို့ တင်ပြလျှောက်ထားရမည် -

(၁) ကုမ္ပဏီ၏အမျိုးအစားအသစ်နှင့် အမည်ပြောင်းလဲမှုပြုလုပ်ခဲ့လျှင် ကုမ္ပဏီ၏ အမည်သစ်နှင့် ကုမ္ပဏီ၏အမျိုးအစားအသစ်ပြောင်းလဲပြင်ဆင်ရန် ဆုံးဖြတ်သည့် အထူးဆုံးဖြတ်ချက်ကို တရားဝင်ချမှတ်ပြီးဖြစ်ကြောင်း အတည်ပြု ဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်၊

(၂) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရှိခဲ့လျှင် ၎င်းကိုပြင်ဆင်ရန်ဆုံးဖြတ်သည့် အထူးဆုံးဖြတ်ချက်ကို တရားဝင်ချမှတ်ပြီးဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုံစံနှင့် မတူညီသောဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ရပ်အား ကုမ္ပဏီကအသုံးပြုရန် ရည်ရွယ်သည့်အခါ ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၏ မိတ္တူတစ်စောင်ကို အတည်ပြုဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်၊

(၃) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြထားသည့် ကုမ္ပဏီ၏အသေးစိတ်အချက်အလက်များ၌ ကုမ္ပဏီအမျိုးအစားပြောင်းလဲမှုနှင့် စပ်လျဉ်း၍ပေါ်ပေါက်လာသည့် အခြားသောပြောင်းလဲမှုတစ်ရပ်ရပ်ကို ဖြည့်စွက်ဖော်ပြထားသည့် ရေးသားဖော်ပြချက်နှင့်

(၄) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုမှ အများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်းကိစ္စရပ်အတွက်-

(ကက) ကုမ္ပဏီ၏ဒါရိုက်တာများက အမျိုးအစားပြောင်းလဲခြင်းကြောင့် မြီရှင်များအတွက် ကြီးမားစွာထိခိုက်ခြင်းမရှိဟု ယူဆကြောင်းနှင့် ထိုသို့ယူဆရသည့် အကြောင်းပြချက်များပါရှိသော ရေးသားဖော်ပြချက်တစ်စောင်နှင့်

(ခခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာ မတည်ငွေရင်းမရှိပါက ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၈) အရ လိုအပ်သည့် အချက်အလက်များပါရှိသော ရေးသားဖော်ပြချက်နှင့် အစုရှယ်ယာထုတ်ဝေခြင်းအတွက် အထူးဆုံးဖြတ်ချက် ချမှတ်ပြီးဖြစ်ကြောင်း ရေးသားဖော်ပြချက်။

(ခ) ကုမ္ပဏီသည် ယင်း၏အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို ပြောင်းလဲရန် မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားကြောင်းကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်တစ်ဝန်းထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတို့တွင် အသိပေးကြေညာရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကုမ္ပဏီကထုတ်ပြန်သည့် ကြေညာချက်တွင် နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြပြီးနောက် ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီက တင်ပြသည့် လျှောက်ထားမှုကို ပုဒ်မခွဲ (က) နှင့်အညီဖြစ်ကြောင်း ကျေနပ်လက်ခံပြီး တရားရုံး၏အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက် အလက်များကို ပြောင်းလဲပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိစေရမည်။

(ဃ) ၂၈ ရက်အတွင်း တရားရုံးကချမှတ်သည့် အမိန့်တစ်ရပ်ရပ်မရှိခဲ့လျှင် ပုဒ်မခွဲ (က)နှင့် အညီဖြစ်ကြောင်း ကုမ္ပဏီကတင်ပြသည့် လျှောက်ထားမှုကို ကျေနပ်လက်ခံပြီး ၂၈ ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအမျိုးအစားအသစ်နှင့် သက်ဆိုင်သောကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပေးရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အာခါတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပမည်



**တာချီလိတ် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်၌ နှစ်စဉ်ကျင်းပသည့် အာခါတိုင်းရင်းသားရိုးရာ ခါးထောင်းဖားပွဲတော် (၁) နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်တိုင်တိုင် တာချီလိတ်မြို့ ရှမ်းရိုးမကွင်းတွင် အာခါတိုင်းရင်းသားတို့၏ ရိုးရာအတိုင်း ယခင်နှစ်များကဲ့သို့ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာခါလူမျိုးများသည် ထူးခြားသည့် ဓလေ့ ငါးရပ်ရှိသည်။ နှစ်တစ်နှစ်၏ စားနပ်ရိက္ခာသီးနှံများ၊ ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးစီးမှု အထိမ်းအမှတ်အဖြစ် နှစ်သစ်ကြိုဆိုသည့် ခါးထောင်းဖား (အဖွေလော) နှစ်သစ်ကူးပွဲကျင်းပသည့် ဓလေ့၊ အိမ်တိုင်းတွင် မိမိတို့၏ ဘိုးဘွားဘီဘင်ကို ကိုးကွယ်ရန် (ပါလော့) ခေါ် ဘုရားစင်ထားရှိပြီး နှစ်စဉ် ရာသီပွဲများဖြင့် ၁၀ ကြိမ်ထက်မက ပူဇော်သည့်ဓလေ့၊ ရွာတိုင်းတွင် လူနှင့် သူရဲတစ္ဆေနေရာကို ခွဲခြားသတ်မှတ်သည့် "လချေလန်းခန်" ရှိပြီး နှစ်စဉ် သူရဲတစ္ဆေ နတ်ဆိုးမောင်းထုတ်ပွဲတွင် တစ်ရွာလုံးရှိ အိမ်များမှ သူရဲတစ္ဆေကို ရွာတံခါးပြင်သို့ မောင်းထုတ်သည့်ဓလေ့၊ အိမ်တိုင်း၏ လယ်၊ ခြံများတွင် "ဟွန်ဖီ" ဟုခေါ်သည့် နတ်စင်တည်ထားပြီး စပါးသီးနှံ အထွက်တိုးရန်၊ နေကောင်းကျန်းမာရန် ဆုတောင်းသည့်ဓလေ့ ရှိကြသည်။

အာခါ တိုင်းရင်းသားများသည် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံ အရှေ့ပိုင်း ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းယောင်း၊ မိုင်းဖြတ်၊ တာလေ မိုင်းဆတ်၊ မိုင်းခတ်နှင့် မိုင်းလား အထူးဒေသများတွင် နေထိုင်ကြပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြသည့် တောင်ပေါ်တိုင်းရင်းသားများ ဖြစ်ကြသည်။ အာခါဇန်း ခေါ် အာခါတိုင်းရင်းသားများ၏ မူလအစ ယုံကြည်ကိုးကွယ်မှု ဘာသာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာသာသနာ၊ စာပေနှင့် ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့များအား လေးစားဂုဏ်ယူနိုင်စေရန်၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှုများအား ပြန်လည်ဖော်ထုတ်နိုင်ရန်နှင့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသော အာခါတိုင်းရင်းသားများ တစ်နှစ်တစ်ကြိမ် ပြန်လည်ဆုံတွေ့နိုင်ရန် ရည်ရွယ်၍ ကျင်းပကြသည်။

ရှေးယခင်က ခါးထောင်းဖားပွဲတော်အား မိမိတို့နေထိုင်ရာ ကျေးရွာအလိုက်၊ ဒေသအလိုက်သာ ကျင်းပလာခဲ့ကြရာမှ အာခါရိုးရာ နှစ်သစ်ကူးပွဲတော်ကို တာချီလိတ်မြို့၌ နှစ်စဉ် စုပေါင်းကျင်းပလာခဲ့ရာ ယခုတစ်ကြိမ်မှာ အဌမအကြိမ်မြောက်ဖြစ်သည်။ပွဲတော်တွင် ထိုင်း၊ လာအို၊ မြန်မာနိုင်ငံ အသီးသီးတွင် မှီတင်းနေထိုင်ကြသည့် အကအဖွဲ့များမှ နိုင်ငံအလိုက်၊ ဒေသအလိုက် ရိုးရာယဉ်ကျေးမှု အကများဖြင့် စုပေါင်းကပြ ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ ခါးထောင်းဖားပွဲတော်ကို လာရောက်လေ့လာလိုသူများအနေဖြင့် သံလွင်အရှေ့ခြမ်း ကျိုင်းတုံ-မိုင်းဆတ်-မိုင်းဖြတ်-မိုင်းလားဒေသတို့မှ တာချီလိတ်သို့လည်းကောင်း၊ လာအိုနိုင်ငံမှ မိန်းမော ဆိပ်ကမ်းမှ လည်းကောင်း၊ ထိုင်းနိုင်ငံ မြောက်ပိုင်း မယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်မြို့အထိ လေယာဉ်၊ ကား၊ ဆိုင်ကယ်နှင့် သင်္ဘောလမ်းများမှလည်း လာရောက်နိုင်ကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**

# ဉာဏ်စမ်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများက ကျောင်းများအတွက် ပံ့ပိုးနိုင်ခဲ့ကြ




**ရန်ကုန် ဒီဇင်ဘာ ၁၂**

မိမိတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းများကို အကောင်းဆုံးအသုံးပြုကာ ခြောက်လတာ စိန်ခေါ်မှုပြည့်နှက်နေသည့် ယှဉ်ပြိုင်မှု အဆင့်ဆင့်ကို ကျော်ဖြတ်ပြီးနောက် ဒီဇင်ဘာ ၈ရက်က ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူ ၉ ဦးသည် Samsung Quiz Show:Answer Right and Make Your Future Bright ပညာရေးထောက်ကူ ဉာဏ်စမ်းရုပ်မြင်သံကြား အစီအစဉ်မှ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

Samsung Quiz Show အစီအစဉ်၏ နောက်ဆုံးအဆင့် ယှဉ်ပြိုင်မှုတွင် ပထမဆုကို အ.ထ.က (၉) မော်လမြိုင်မြို့၊ မွန်ပြည်နယ်မှ ကျောင်းသား ကျောင်းသူ များဖြစ်သည့် မောင်မင်းမြတ်စွမ်းပြည့်၊ မောင်ခေတ်မင်း၊ မဖူးပွင့်ခိုင်တို့က ဆွတ်ခူး အနိုင်ရရှိခဲ့သည်။ ဒုတိယဆုအား အ.ထ.က (၁) မြိတ် တနင်္သာရီတိုင်းဒေသကြီးမှ ကျောင်းသား ကျောင်းသူများဖြစ်သည့် မောင်လုဘုန်းဟန်၊ မောင်ပိုင်ဟိန်းကျော်နှင့် မရွှေဇင်သန့်တို့က ရရှိခဲ့ပြီး တတိယဆုကို အ.ထ.က (၁) ပဲခူး ပဲခူးတိုင်းဒေသကြီးမှ ကျောင်းသူများဖြစ်သည့် မအေးဆုမြတ်ပန်၊ မဖူးဖူးပွင့်အောင်နှင့် မမိုးသဉ္ဇာခိုင်တို့က အသီးသီးရရှိခဲ့သည်။

ပညာရေးထောက်ကူ ဉာဏ်စမ်းရုပ်မြင်သံကြား အစီအစဉ်သည် ပညာရေး၏ တန်ဖိုးကြီးမားပုံကို မီးမောင်းထိုးပြသည့် အစီအစဉ်ဖြစ်ပြီး လူငယ်များအား ပိုမိုလေ့လာသင်ကြားလိုစိတ် ဖြစ်ပေါ်လာရန် လှုံ့ဆော်နိုင်ရန် ရည်ရွယ်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအား ဇွန်လ ၃၀ ရက်နေ့မှစတင်ကာ ဒီဇင်ဘာလအထိ ခြောက်လတာ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းနှင့်ပြည်နယ် ၁၅ ခုရှိ ကျောင်း ၃၃ ကျောင်းမှ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲစဉ်တစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံနှင့် ပတ်သက်ပြီး ပထမဆုရရှိသည့်အဖွဲ့မှ မောင်မင်းမြတ်စွမ်းပြည့်က "ဒီ Samsung Quiz Show ဝင်ရောက်ယှဉ်ပြိုင်နေတဲ့ တစ်လျှောက်မှာ အရင်က မသိခဲ့တဲ့ ဗဟုသုတအသစ်တွေလည်း အများကြီး သင်ကြားခဲ့ရတယ်၊ သူငယ်ချင်းအသစ်တွေလည်း ရခဲ့တယ်၊ အခုလို ပထမဆုကို ကျွန်တော်တို့အနေနဲ့ ကျောင်းကိုယ်စားပြု အနိုင်ရရှိခဲ့တဲ့အတွက် ဝမ်းသာရသလို ဂုဏ်လည်းယူပါတယ်၊ နောင်နှစ်တွေမှာ ကျင်းပမယ့် Samsung Quiz Show အစီအစဉ်မှာလည်း ပါဝင်ဖို့ကို ညီငယ်၊ ညီမငယ်တွေကို တိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။

ယခုကဲ့သို့ ပညာရေးထောက်ကူ ဉာဏ်စမ်းရုပ်မြင်သံကြား အစီအစဉ်အား အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ခြင်းနှင့် ပတ်သက်ပြီး Samsung Myanmar မှ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Mr. YoungSeok Ham က "မြန်မာနိုင်ငံအနှံ့က ထူးချွန်ထက်မြက်တဲ့ ကျောင်းသားလူငယ်လေးတွေဟာ ကျောင်းစာမှာရော၊ ပြင်ပဗဟုသုတ ထူးချွန်မှုမှာပါ ဘယ်လောက် လေ့လာထားကြတယ်ဆိုတာကို ဖော်ထုတ် ပြသပေးချင်တာက ဒီအစီအစဉ်ရဲ့ အခြေခံရည်ရွယ်ချက်ပါ၊ ဒီထက်ပိုပြီး အရေးကြီးတာကတော့ နောင်တစ်ချိန်မှာ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာမယ့် လူငယ်တွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ ဆရာ ဆရာမတွေနဲ့ မိဘတွေရဲ့ ကူညီပံ့ပိုးမှုဟာလည်း ဘယ်လောက် အရေးပါတယ်ဆိုတာကို ကျွန်တော်တို့က မီးမောင်းထိုး ပြသလိုတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

နောက်ဆုံးအဆင့်တွင် ပထမဆုရရှိခဲ့သည့် အ.ထ.က (၉) မော်လမြိုင် မွန်ပြည်နယ်မှ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆု USD 3,000 နှင့် ကျောင်းအတွက် ပညာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖြစ် USD 7,000 အား လည်းကောင်း၊ ဒုတိယဆုရရှိခဲ့သည့် အ.ထ.က (၁) မြိတ် တနင်္သာရီတိုင်းဒေသကြီးမှ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆု USD 1,500 နှင့် ကျောင်းအတွက် ပညာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖြစ် USD 3,500 အား လည်းကောင်း၊ တတိယဆုရရှိခဲ့သည့် အ.ထ.က (၁) ပဲခူး ပဲခူးတိုင်းဒေသကြီး ကျောင်းသားကျောင်းသူများအတွက် ပညာသင်ဆု USD1,000 နှင့် ကျောင်းအတွက် ပညာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖြစ် USD 2,000 အား လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အပြင် Samsung Myanmar Facebook Page မှတစ်ဆင့် Samsung Quiz Show Contest အစီအစဉ်တစ်ခုအား ဇူလိုင် ၇ ရက်မှ စတင်ကာ အပတ်စဉ်မေးမြန်းခဲ့သည်။ အဆိုပါ မေးခွန်းတစ်ခုချင်းစီမေးပြီးသည့် ၃ နာရီ အတွင်း အဖြေမှန်ဖြေဆိုနိုင်သူ တစ်ယောက်ချင်းစီအတွက် ငွေကျပ် ၁၀၀ နှုန်းဖြင့် Samsung Myanmar မှ ပညာရေးဝန်ကြီးဌာနသို့ လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယခုအစီအစဉ်အပြီးတွင် အဖြေမှန်ရရှိသူများအတွက် မြန်မာငွေကျပ် ၄၅ သိန်းအား ပညာရေးဝန်ကြီးဌာနထံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်ရတနာ**

## သံဃာတော်များ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း နှစ်ပတ်လည်စည်းဝေး

**ပြည် ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပရိယတ္တိသာသနာ့တာဝန်ကို ဆောင်ရွက်နေကြကုန်သော စာချ၊ စာသင်သံဃာတော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာစွာဖြင့် သာသနာပြုနိုင်ရန် ရည်ရွယ်လျက် ဖွဲ့စည်းထားသော သံဃာတော်များ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း နှစ်ပတ်လည်အစည်းဝေးကို ဒီဇင်ဘာ ၁၀ ရက်က မဟာသုခဇောတိက သုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် သင်ကြားစီမံဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ ဘဒ္ဒန္တသြဘာသ မဟာထေရ်မြတ်က သြဝါဒကထာ မြွက်ကြားခဲ့သည်။

အခမ်းအနားသို့ ပရိယတ္တိသာသနာနုဂ္ဂဟအသင်းဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

## ဖားကန့်၌ ကွန်ပျူတာပညာဒါန သင်တန်းဆင်း

**ဖားကန့် ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မော်ဝမ်းရပ်ကွက် ကျောက်တိုင်ကွင်း၌ ကျေးလက်နေပြည်သူများအတွက် မြို့နယ် အုပ်ချုပ်ရေးမှူးက ကြီးကြပ်ကာ မြို့နယ် ကျောက်မျက်လုပ်ငန်းရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်သည့် ကွန်ပျူတာ ပညာဒါန (အခမဲ့) အတတ်သင် သင်တန်းဆင်းပွဲကို ဒီဇင်ဘာလပထမပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကွန်ပျူတာသင်တန်း ဖွင့်လှစ်နိုင်ရန်အတွက် ပံ့ပိုးကူညီပေးခဲ့သည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသူများအား လက်တော့ပ်ကွန်ပျူတာများ အသီးသီးပေးအပ်ခဲ့သည်။ ကွန်ပျူတာသင်တန်းကို အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော လူငယ်လူရွယ်တို့အား အောက်တိုဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဖားကန့်၊ လုံးခင်း၊ ဆိပ်မူတို့တွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဖားကန့်မှ သင်တန်းသား သင်တန်းသူ ၃၅၈ ဦး၊ လုံးခင်းမှ ၁၃၃ ဦး၊ ဆိပ်မူမှ ၃၇၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး (ဖားကန့်)**

## အေးချမ်းသာစံပြကျေးရွာအား အဆင့်မြင့်ကျေးရွာအဖြစ် ဆောင်ရွက်မည်

**တပ်ကုန်း ဒီဇင်ဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲနွမ်းပါး လျှော့ချရေးအေဂျင်စီတို့ ပူးပေါင်းပြီး နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာအုပ်စု အေးချမ်းသာစံပြကျေးရွာကို အဆင့်မြင့်ကျေးရွာအဖြစ် ဆောင်ရွက်ရန် ဒေသခံလူထုတွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က အဆိုပါကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးဝင်းက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ဆင်းရဲနွမ်းပါးလျှော့ချရေးအေဂျင်စီမှ Dr.TAN Weiping က အေးချမ်းသာစံပြကျေးရွာ ပြည်သူလူထုများ၏ လိုအပ်သည့် စီမံကိန်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလထဲတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါကျေးရွာတွင် အားကစားကွင်း၊ ဆေးပေးခန်း၊ စိုက်ပျိုးရေ၊ သောက်သုံးရေ၊ ဈေး၊ လမ်း၊ စာသင်ကျောင်း၊ ဝါးလက်မှုပညာ၊ မီးလင်းရေး၊ အိမ်တွင်း စိုက်ပျိုးရေးနှင့် ဒေသခံပြည်သူများ၏ လိုအပ်သည့်လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်၍ သုံးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင် (မြန်/ဆက်)**

## ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မှတ်တမ်းများ ရှင်းလင်းပြသ

**အထက်မင်းလှ ဒီဇင်ဘာ ၁၂**

သရက်ခရိုင် မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်၌ ဒီဇင်ဘာ ၁၁ ရက်က မင်းလှမြို့နယ်၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မှတ်တမ်းများ ပြသရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ မင်းလှမြို့နယ်၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မှတ်တမ်းဓာတ်ပုံများ စုဆောင်းထားရှိမှုကို ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ရှင်းလင်း၍ မင်းလှခံတပ်နှင့် ပတ်သက်သည့် နောက်ခံသမိုင်း အကြောင်းအရာများကို အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုဦးစီးဌာန တာဝန်ခံက ရှင်းလင်းပြောကြားသည်။ ထို့နောက် မင်းလှမြို့နယ်၏ ယဉ်ကျေးမှုထွက်ကုန် အိုးစည်လုပ်ငန်းရှင်တစ်ဦးက အိုးစည်၊ ဒိုးပတ်ပြုလုပ်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**ကိုသက် (အထက်မင်းလှ)**



# စစ်ကိုမုန်း၍တိုက်ခဲ့သည်ဖြစ်ရပ်မှန်အခြေပြုဂုဏ်ပြုဇာတ်ကားရိုက်ကူးစဉ်လူစိတ်ဝင်စား

(၇၃) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ယခုလ ၅ ရက်မှစတင်ကာ "စစ်ကိုမုန်း၍ တိုက်ခဲ့သည်" ဇာတ်လမ်းရိုက်ကူးလျက်ရှိကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းကို ဒါရိုက်တာတင်အောင်စိုး (ပန်းမြို့တော်) မှ စီစဉ်ပြီး နေမင်း၊ ကျော်ထက်အောင်၊ ထူးအောင်၊ ညီမင်းလွင်၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ အိချောပို၊ စိုးပြည့်သဇင်၊ သွန်းဆက်၊ ယဉ်လတ်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

"အစ်ကိုတို့ ပြည်ထောင်စုသစ္စာ ရုပ်ရှင်ဇာတ်ကားရိုက်ကူးတုန်းကလည်း စမရိုက်ခင်မှာ ထရိန်နင်အရင်ယူရတယ်၊ အခု စစ်ကိုမုန်း၍တိုက်ခဲ့သည်အတွက် ကလေးတွေ ထရိန်နင်ယူသလိုပေါ့၊ ပြီးတော့ အစ်ကိုက ငယ်ငယ်ကစစ်ဗိုလ်ဖြစ်ချင်တဲ့သူ၊ ဗိုလ်သင်တန်းလည်း လျှောက်ခဲ့တယ်၊ အိမ်ကပြန်ခေါ်လို့ ပြန်လာရတာ၊ အဲဒီစိတ်ကရှိတယ်၊ ပြီးတော့ အစ်ကိုသိတဲ့ တပ်မတော်ဆိုတာ တိုင်းပြည်အတွက်ကာကွယ်တဲ့ တပ်မတော်ပါ၊ အဲဒီစိတ်က အမြဲရှိတယ်။ အချိန်မရွေး လိုအပ်လာရင် ငါတို့က တိုင်းပြည်အတွက် ဘယ်ပါတီ ဘယ်အဖွဲ့အစည်းရယ်မဟုတ်ဘူး တိုင်းပြည်အတွက် ဖြစ်နိုင်ရင် လက်နက်ကိုင်သင့် ကိုင်ရမယ် ရှိတဲ့အားနဲ့ ထောက်ပံ့မယ်ဆိုတဲ့ စိတ်ကရှိပြီးသားမို့ ဒီမာန်က မျက်နှာမှာ အလိုလိုပေါ်တယ်၊ ဆိုလိုတာက တပ်မတော်ကားရိုက်ဖို့ ပျော့ပျော့ပျောင်းပျောင်းနဲ့ ဘာမှမလေ့လာဘဲ ခတ်ပုံကြီးပဲ ရိုက်တင်နေလို့က အဆင်မပြေဘူးလေ၊ ပြီးတော့ ဒီဇာတ်လမ်းက နိုင်ငံတော်အတွက်ဂုဏ်ပြုတဲ့ ဇာတ်ကားဆိုတော့ တကယ်ကို သတိကြီးကြီးနဲ့ အမှုအရာပိုင်းကအစ သေချာလုပ်ရတာမျိုး၊ ကျွန်တော့်အနေနဲ့ ဒီကားနဲ့ဆို နှစ်ကားရှိပါပြီ ပထမ "ပြည်ထောင်စုသစ္စာ" ဆိုတဲ့ ကားတုန်းကလည်း တပ်မတော်သားတွေရဲ့ ဘဝတွေကို သေချာလေ့လာပြီးမှ ရိုက်ခဲ့တယ်၊ အခုလည်း ဒီကားကို သေချာလေ့လာပြီးမှ ရိုက်တာပါ" ဟု ဆိုသည်။



အဆိုပါ ဇာတ်လမ်းသည် ခြေလျင်တပ်ရင်းတစ်ခုကို သောင်းကျန်းသူများက ဝိုင်းဝန်းတိုက်ခိုက်စဉ် နောက်ချန်ရဲမေများနှင့် စစ်သည်များ ပိတ်မိနေချိန် အဝေးတစ်နေရာမှ စစ်ကူအဖြစ် လာရောက်ကာ၊ အတင်းဝင် အတင်းတိုက်ပြီး စစ်သည်ရဲမေများ၏ အသက်ကို သူ၏ အသက်နှင့်လဲကာ ကယ်တင်သွားခဲ့သော ဗိုလ်ကြီးပြည့်ဖြိုးစံ စစ်တက္ကသိုလ် ၅၀ ဆင်း၏ အကြောင်းကို အခြေခံကာ ရိုက်ကူးထားသော ဇာတ်လမ်းဟု သိရသည်။

ယင်းဇာတ်ကားအား ရိုက်ကူးလျက်ရှိစဉ် လူမှုကွန်ရက်များတွင် သရုပ်ဆောင်များ၏ ခတ်ပုံများ ပျံ့နှံ့ခဲ့ပြီး အားပေးသူ အများအပြားရှိကြောင်း သိရသည်။

**ကိုလင်း**

# မြန်မာမှုပြုထားသည့် ရိုးရာအထည်တွေ မပျောက်စေချင်ဘူးဆိုသည့်
# ရွှေဇာခြည်ပါတိတ် ပင်တိုင် ဒီဇိုင်နာ



ပြည်တွင်း၌ မကြာခဏ ပြုလုပ်လျက်ရှိသည့် ဖက်ရှင်ပြပွဲများတွင် မြန်မာမှုပြုထားသော ရိုးရာချည်ထည်၊ ပိုးထည်များကို ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ရောယှက်ဖန်တီးချုပ်လုပ်ပြသသည့် ဒီဇိုင်နာများအနက် တစ်ဦးဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်က ရန်ကုန်မြို့တာမွေမြို့နယ် ရွှေထွဋ်တင် ကွင်းတွင် ပြုလုပ်ခဲ့သည့် Myanmar International Fashion Week 2017 တွင် ရွှေဇာခြည်ပါတိတ်များကို လှပဆန်းသစ်သောလက်ရာများနှင့် အမြင်မရိုးရအောင် တီထွင်ခဲ့သူ ဒီဇိုင်နာသန့်စင်နှင့် တွေ့ဆုံဖြစ်ခဲ့သည်။

မေး ။ **2017 Fashion Week မှာ ပါဝင်ဖြစ်ခဲ့ပုံကို ပြောပြပေးပါဦး။**

ဖြေ ။ ကျွန်တော်က ဒီတစ်ခါနဲ့ဆို ဆရာဂျွန်လွင်ပွဲမှာ ပါဝင်ဖြစ်တာ နှစ်ကြိမ်ရှိပါပြီ။ ရွှေဇာခြည် ပါတိတ်ရဲ့ ပံ့ပိုးမှုနဲ့ကျွန်တော် မြန်မာမှုပြုထားတဲ့ လက်ရာလေးတွေကို ချုပ်ခဲ့ပြီး ကိုယ်ပိုင်စိတ်ကူး ဒီဇိုင်းလေးတွေနဲ့ ဖန်တီးခဲ့ပါတယ်။ ပါတိတ်ဆိုတာက ကျွန်တော်တို့ နိုင်ငံရဲ့ အမျိုးသမီးတွေ နှစ်သက်စွာဝတ်ဆင်ကြတဲ့ ဖက်ရှင်တစ်မျိုးဖြစ်ပြီး ရာသီဥတုနဲ့လည်း ကိုက်ညီမှုရှိပါတယ်။ ကျွန်တော်တို့ တိုင်းပြည်က အပူပိုင်းဒေသဆိုတော့ ချည်ထည်လေးတွေက ဝတ်ရတာ အဆင်ပြေပါတယ်။ လွန်ခဲ့တဲ့ နှစ်တွေက ပိုပြီးဝတ်ကြတာများတယ်၊ အမျိုးသမီးကြီးငယ်၊ အလတ်အရွယ်စုံပါပဲ။ အခု နောက်ပိုင်းကျတော့ လူကြိုက်နည်းသွားတာမျိုး မဟုတ်ပေမယ့် လူငယ်တွေက ဝတ်တာမျိုး သိပ်မရှိကြတော့တာကို တွေ့ရတယ်။ အသက်အရွယ်လိုက်ပြီး အကြိုက်တွေ ပြောင်းလဲသွားကြတာမျိုးပါ။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ပါတိတ်ဆိုတဲ့ ဖက်ရှင်လောကကြီး တိမ်မြုပ်ပျောက်ကွယ်သွားမှာကို စိုးရိမ်တာကြောင့် တစိုက်မတ်မတ်နဲ့ ကျွန်တော် ဒီဇိုင်းတွေဖော်ထုတ်လာခဲ့ပါတယ်။ အရောင်နဲ့အထည်ပိုင်းကအစ အရည်အသွေးကောင်းပြီး ဈေးသက်သာမှုရှိတဲ့ ပါတိတ်တွေ ကိုရွေးချယ်ပြီး ကျွန်တော် အခုလို ဖက်ရှင်ပွဲမှာဝင်ရောက်ပြသတာ ဖြစ်ပါတယ်။

မေး ။ **အခုနောက်ပိုင်းမှာ ဈေးသက်သာတဲ့ တရုတ်နိုင်ငံက အထည်အလိပ်တွေဟာ မြန်မာပြည်ဈေးကွက်ထဲကို ဝင်လာတဲ့အပေါ်မှာရော ပြည်တွင်း အထည်အလိပ်နဲ့ ဒီဇိုင်းဈေးကွက်ကို ထိခိုက်မှု ရှိနိုင်လား။**

ဖြေ ။ ဈေးကွက်ကတော့ ပျောက်မသွားဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့ ဒီဘက်ခေတ် အသက် ၂၀ အရွယ် အမျိုးသမီးလေးတွေ ဝတ်ချင်လာအောင် ဒီဇိုင်နာတွေက အကောင်းဆုံး ဖန်တီးသင့်ပါတယ်။ ဒါကြောင့်မို့လည်း ပါတိတ်ကို ဆန်းသစ်တဲ့ အသွင်ဖန်တီးပြီး စိတ်ဝင်စားမှုရှိလာအောင် အခုလိုဖက်ရှင်ပွဲတွေမှာ ပြသရတာပါ။ ခုနက အစ်ကိုပြောသလိုပေါ့။ ပိုးထည်ပုံစံမျိုးတွေ ထွက်လာတယ်ဆိုတော့ အဲ့ဒါကလည်း ခဏတာလို့ပဲ မြင်ပါတယ်။ ရေရှည်အတွက်ကတော့ အဆင်မပြေပါဘူး။ ဘာလို့လဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာက အသစ်အဆန်းကို နောက်ပိုင်းပိုကြိုက်ကြတာတွေ့ရတယ်လေ။ ပေါ်သမျှကို အဆန်းဆိုရင် ကြိုက်ကြ ဝယ်ကြတယ်။ ဒါပေမယ့် ရေရှည်အတွက်ဆိုရင်တော့ မရဘူး။ သို့သော် ဈေးနှုန်းအရ အခြေခံလူတန်းစားကအစ ဝတ်လို့အလွန်ကိုအဆင်ပြေတော့ ဘာပြောပြော ခဏတာအတွက် အလွန်ကိုကောင်းပါတယ်။ တကယ်ပွဲကြီးဆိုရင် ပိုးထည်စစ်တွေကတော့ ပိုပြီးကောင်းမယ်လို့ ထင်ပါတယ်။ ရိုးရိုးထသွားထလာလောက်ဆိုရင် တရုတ်ဆေးရိုက် ချိတ်ထည်လေးတွေက ကောင်းပါတယ်။ ဒါပေမယ့် ပြည်တွင်းမှာ ထုတ်လုပ်နိုင်မယ်ဆိုရင်တော့ ပိုကောင်းမှာပါ။

**ကိုလင်း**

# တိမ်တွေလိုပဲ လွင့်တော့မလို့နဲ့ အောင်မြင်ခဲ့တဲ့ မို့မို့ ဂီတလောကသို့ တစ်ကျော့ပြန်ရောက်ရှိ



တေးသံရှင် ဒေါ်ဖြူသီ၏ သမီးဖြစ်သူ မို့မို့က တစ်ကိုယ်တော် Simply Acoustic One Lady Show ဟု အမည်ပေးထားသော ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၆ ရက်တွင် ရန်ကုန် ပြည်လမ်းရှိ Mercedes (Myanmar) Show Room တွင် ညနေ ၆ နာရီမှစတင်ကာ ကျင်းပမည်ဟု သိရသည်။ အဆိုပါ ဖျော်ဖြေပွဲအတွက် တေးသီချင်းများကို ရန်ကုန် Oasis Music Studio တွင် သီချင်းများ လေ့ကျင့်သီဆိုလျက်ရှိကြောင်း သိရသည်။

"အစ်မ သီချင်းမဆိုတာ ၁၀ စုတစ်စုလောက် ဖြစ်နေတော့၊ ပရိသတ်တွေ အစ်မကို မေ့နေကြပြီလို့ ထင်နေတာ၊ ဒါပေမယ့် အစ်မကိုချစ်တဲ့ ပရိသတ်တွေရော၊ အစ်မရဲ့အမျိုးသားကလည်း တစ်ကိုယ်တော်ဖျော်ဖြေပွဲလေးလုပ်စေချင်တယ်ဆိုပြီး တောင်းဆို လာကြတာမို့ လုပ်ဖြစ်သွားတာပါ၊ သီချင်းတွေကတော့ အစ်မထွက်ခဲ့တဲ့ စီးရီးထဲက သီချင်းတွေ အများဆုံးပါမှာပါ၊ သီချင်းကလည်း မဆိုတာကြာပြီဆိုတော့၊ သီချင်းတွေကို ပြန်ပြီးလုပ်တဲ့အခါ၊ ပုံစံလေးပါချိန်းထားတယ်၊ အခွေထွက်ခဲ့တဲ့ပုံစံလေးနဲ့ သီချင်းတွေ အနည်းငယ်ကွဲသွားမှာပါ၊ ဗားရှင်းလေးပြောင်းထားတဲ့သဘောပါ၊ သီချင်းတိုင်းလိုလိုမှာ အစ်မတို့ အဆိုတော်တွေ တီးလေ့၊ တီးထ မရှိတဲ့ တူရိယာလေးတွေနဲ့ အစ်မ ဖန်တီးထားတယ်၊ ဒီပွဲလေးကိုလုပ်ဖို့အစက ရည်ရွယ်ထားတာ ကိုယ့်မိတ်ဆွေအရင်းလောက်နဲ့ မိသားစုလောက်ပဲ လုပ်မယ်ဆိုပြီး စဉ်းစားထားတာပါ၊ နောက်တော့ လုပ်ရင်းကနေ ပရိသတ်တွေနဲ့လည်း မတွေ့တာ ကြာပြီလေဆိုပြီး၊ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပုံစံလေး တစ်ခါတည်း လုပ်ဖြစ်ခဲ့တာပါ" ဟု ပြောသည် ။

အဆိုတော်မို့မို့ဟာ ဆိုရင်ဖြင့် တေးရေး စောခူဆဲလ် ရေးသားသော "ကြယ်တွေ ကြွေနေဆဲ" သီချင်းကိုသီဆိုခဲ့ပြီး ပရိသတ် များစွာ၏ ချစ်ခင်မှုကို ယနေ့အထိ ရရှိပိုင်ဆိုင်နေသူတစ်ယောက်ဖြစ်သည်။ သူ့အနေဖြင့် ယခုဖျော်ဖြေပွဲတွင် တေးသီချင်း ၁၅ ပုဒ် မှ အပုဒ် ၂၀ အထိ ဖျော်ဖြေမည်ဖြစ်ပြီး။ စုံတွဲအဖြစ် အဆိုတော် မျိုးကျော့်မြိုင်၊ ဝေလ၊ ဖြိုးပြည့်စုံတို့နှင့် တွဲဖက်သီဆိုမည် ဖြစ်ကြောင်း၊ Plus Three Band ဖြင့် Unplugged Version စစ်စစ်များ တီးခတ်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း၊ လက်မှတ်များကိုလည်း- ဒေါ်လာ ၁၅၀ ၊ ဒေါ်လာ ၁၂၀၊ ဒေါ်လာ ၅၀ (လူ ၂၀၀ ခန့် သာ) ခန့်သာ သတ်မှတ်ထားပြီး Dinner ညနေစာ အစားအသောက်များဖြင့် တည်ခင်းဧည့်ခံမည်ဟု သိရသည်။

**ကိုလင်း**

# ရွှေအိုရောင်ဂီတညဖျော်ဖြေပွဲ ဒီဇင်ဘာ ၂၃ ရက်တွင် ကျင်းပမည်



မြန်မာပြည်၏ ဂီတကြယ်ပွင့်ကြီးများဖြစ်သည့် စတီရီယိုခေတ် နာမည်ကြီး တေးသံရှင်ကြီးများ ပါဝင်သီဆိုဖျော်ဖြေမည့် ရွှေအိုရောင် ဂီတည ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့မကျောင်းလမ်းရှိ အမျိုးသားက ဇာတ်ရုံတွင် ကျင်းပသွားမည် ဖြစ်သည်။

"ဒီပွဲကို ကျင်းပရတဲ့ရည်ရွယ်ချက်က ဂီတလောကမှာ တစ်ချိန်က စတီရီယိုသီချင်း စတီရီယိုတေးဂီတဆိုပြီး ခေါ်ခဲ့ကြတယ်၊ အဲဒီလိုပဲအဆိုတော်တွေက ဂီတလမ်းကြောင်းကို ခက်ခဲစွာ ထိုးဖောက်ဖြတ်သန်းခဲ့ကြရတယ်၊ နိုင်ငံကျော်တေးသံရှင်ကြီးတွေကလည်း သူတို့အနုပညာကို ချစ်မြတ်နိုးကြတဲ့အတွက် ဒီနေ့အချိန်ထိ အနုပညာအလုပ်ကို စွဲစွဲမြဲမြဲ လုပ်ကိုင်ခဲ့ကြတဲ့အတွက် ဂုဏ်ပြုတဲ့အနေနဲ့ ဒီပွဲလေးကိုပြုလုပ်ဖြစ်တာပါ" ဟု ပွဲစီစဉ်သူ ကိုဇော်ရိုးက ဆိုသည်။

အဆိုပါ ရွှေအိုရောင် ဂီတညရှိုးပွဲတွင် အောင်မြင်ထင်ရှားခဲ့သည့် တေးသံရှင်ကြီးများဖြစ်ကြသော စိုးပိုင်၊ ဗစ်တာခင်ညို၊ ဘိုဘိုဟန်၊ ကံ့ကော်တောမျိုးအောင်၊ စိန်ဝင်းထွန်း၊ စိုးဆိုင်မောဝ်၊ ခင်မောင်ထူး၊ ဂျေမောင်မောင်နှင့် ဂျက်မြသောင်းတို့က လူကြိုက်များခဲ့သည့် အကောင်းဆုံး တေးသီချင်းများကို သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများကို ငွေကျပ် ၇၀၀၀၊ ၁၀၀၀၀၊ ၂၀၀၀၀ စသည်ဖြင့် သတ်မှတ်ထားပြီး မန်းသီရိတေးသံသွင်း၊ မြန်မာပလာဇာ၊ Junction မော်တင်၊ ဂမုန်းပွင့် (စံရိပ်ငြိမ်) တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ကိုလင်း**

# မိတ္ထီလာ၌ ပဉ္စမအကြိမ်မြောက် စိုက်ပျိုးရေးပွဲတော်ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၁၂**




မိတ္ထီလာ၌ နိုင်ငံတကာလူမှုကူညီထောက်ပံ့ရေး ဆောင်ရွက်နေသည့် အင်တာနေရှင်နယ် NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် ချက်စ်ဗွီမှ ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ်မြောက် စိုက်ပျိုးရေးပွဲတော်ကို ဒီဇင်ဘာ ၁၁ ရက်က ထီလာဟိုတယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ချက်စ်ဗွီက ကြီးမှူးကျင်းပတဲ့ ပဉ္စမအကြိမ်မြောက် စိုက်ပျိုးရေးပွဲတော်ကို တောင်သူစိုက်ပျိုးရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲအဖြစ် ကျင်းပတာဖြစ်ပြီး ပြောင်းလဲနေတဲ့ စိုက်ပျိုးရေးခေတ်မီနည်းစနစ်၊ ရာသီဥတု၊ ဈေးကွက်၊ နည်းပညာတွေ၊ သတင်းအချက်အလက်တွေကို လေ့လာနှီးနှောဖလှယ်ခွင့်၊ ကွန်ရက်ချိတ်ဆက်ခွင့်တွေကို ကျေးရွာဒေသအသီးသီးမှ တောင်သူတွေ အချင်းချင်း အပြန်အလှန်မျှဝေလေ့လာသိရှိခွင့်ကို စိုက်ပျိုးရေးပွဲတော်ကနေ ရရှိနိုင်မှာဖြစ်ပါတယ်၊ ချက်စ်ဗွီအနေနဲ့ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီရန်ပုံငွေ ၊ ရှေ့သို့ဦးဆောင်အဖွဲ့ဖြစ်တဲ့ ပက်မြန်မာရဲ့ ပံ့ပိုးကူညီမှုတွေနဲ့ အတူ မိတ်ဖက်အဖွဲ့အစည်းတွေကို ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်ပြီး စိုက်ပျိုးရေးပွဲတော်ကို တစ်နှစ်တစ်ကြိမ်ကျင်းပခဲ့တာပါ၊ စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ရှေ့သို့စီမံကိန်းလက်တွဲ ဆောင်ရွက်နေမှုတွေကို ပြသဖို့၊ ရှေ့သို့ စီမံကိန်းရဲ့ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး ဆောင်ရွက်နေမှုနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို စုစည်းမြင်တွေ့လေ့လာခွင့်ရစေဖို့၊ ရည်ရွယ်ချက်တွေနဲ့ စိုက်ပျိုးရေးပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်"ဟု ချက်စ်ဗွီအဖွဲ့မှ စီမံကိန်းမန်နေဂျာ ဦးဌေးနိုင်က ပြောသည်။

ယင်းစိုက်ပျိုးရေးပွဲတော်တွင် မကွေး၊ စလင်း၊ ဆိပ်ဖြူ၊ ရေနံချောင်း၊ ပုလဲ၊ မိတ္ထီလာမြို့နယ်များမှ ချက်စ်ဗွီအဖွဲ့၏ စီမံကိန်းဝင် ကျေးရွာများ၊ တောင်သူများပါဝင်တက်ရောက်ခဲ့ကြပြီး ၎င်းတို့၏ စိုက်ပျိုးရေးလုပ်ငန်းအတွေ့အကြုံများ နှီးနှောဖလှယ်ခြင်း၊ စိုက်ပျိုးရေးပညာရှင်များက စိုက်ပျိုးရေးဆိုင်ရာ အသိပညာများဟောပြောခြင်း၊ စိုက်ပျိုးရေးပြခန်းများ ခင်းကျင်းပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်သင်တန်းဆင်း

**ငပုတော ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သောကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဆိုင်ကယ်ပြုပြင်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၈ ရက်က ဦးစီးဌာနရုံး၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးအသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးနိုင်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူမင်းတို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိသော သင်တန်းသားများကို ဆုများပေးအပ်ခဲ့ကြသည်။

ထို့နောက် သင်တန်းသားတစ်ဦးက ယင်းသင်တန်းကို တက်ရောက်ခဲ့ခြင်းကြောင့် ရရှိလာမည့်အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်သောကြောင့် ဝမ်းမြောက်မိကြောင်း၊ သင်တန်းဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအနေဖြင့်ပါ ရပ်တည်နိုင်ရန် ရည်ရွယ်လျက်ဖွင့်လှစ် ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံ



**ပျဉ်းမနား ဒီဇင်ဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက်က ရွာကောက်ရပ်ကွက် ပေါင်းလောင်း ၁ ဒေါနလမ်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ရဲထွန်းနှင့် ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးတို့က အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အသက် ၉ လမှ ၁၅ နှစ်အထိ ကလေးများကို ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ရွာကောက်ရပ်ကွက်အတွင်းရှိ ပန်းခင်း၊ သူကြီးစု ၁/၂၊ ပဲရွာသဲကျွန်း၊ မြို့သစ်၊ ရမည်းသင်းစုနယ်မြေများသို့ ရက်အလိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အခါလွန်မိုးရွာသွန်းသဖြင့် မြေပဲခင်းများ သိမ်းဆည်းရန် အခက်ကြုံ

**ငါ့သရောက် ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့၌ လတ်တလောဖြစ်ပေါ်လျက်ရှိသည့် မုန်တိုင်းအရှိန်ကြောင့် ဒီဇင်ဘာ ၉ ရက်က အခါလွန်မိုးရွာသွန်းခဲ့ခြင်းကြောင့် မိုးရွာသွန်းမှုကြောင့် ငါ့သရောက်မြို့အတွင်းရှိ အညာကျေးလက်ဒေသများမှ မြေပဲစိုက်ခင်းများ သိမ်းဆည်းရန်ကျန်ရှိနေသည့် တောင်သူများအတွက် လုပ်ငန်းလုပ်ကိုင်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့မှာ လတ်တလောဖြစ်ပေါ်နေတဲ့ မုန်တိုင်းအရှိန်ကြောင့် ရုတ်တရက်အခါလွန်မိုးရွာသွန်းခဲ့ပါတယ်၊ ငါ့သရောက်မြို့အတွင်းမှာရှိတဲ့ အညာကျေးလက်ဒေသအချို့မှာ တောင်သူတွေ သိမ်းဆည်းရန် ကျန်ရှိနေသေးတဲ့ မြေပဲစိုက်ခင်းတွေသိမ်းဆည်း နေတာဖြစ်လို့ လုပ်ငန်းလုပ်ကိုင်ရတာ အခက်အခဲတွေဖြစ်စေခဲ့ပါတယ်၊ ဒ့ါအပြင် တောင်သူတွေအနေနဲ့ နွားစာအတွက် အဓိက အားထားရတဲ့ သိမ်းဆည်းပြီးမြေပဲစိုက်ခင်းတွေမှာရှိတဲ့ မြေပဲရိုးပုံတွေ မိုးစိုကုန်တဲ့အတွက် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်မှာကို လည်းစိုးရိမ်ရပါတယ်၊ မိုးရွာသွန်းမှုက မများဘူးဆိုပေမယ့် ရွာသွန်းချိန်က တစ်နာရီကျော်ခန့် ရွာသွန်းခဲ့ပါတယ်၊ ငါ့သရောက်မြို့ရှိ အညာကျေးလက်ဒေသအချို့က မြေပဲခင်းတွေ သိမ်းဆည်းနေတဲ့ တောင်သူတွေအတွက် လုပ်ကိုင်ရတာ အခက်အခဲဖြစ်စေပါတယ်"ဟု ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ



# ယောက္ခမရဲ့ အသက် ၁၀၁ နှစ်ပြည့် မွေးနေ့အတွက် မွေးနေ့ဆုတောင်းပေးလိုက်တဲ့ ကက်သရင်းဇီတာဂျုံး

ဟောလိဝုဒ်မင်းသမီးချော ကက်သရင်းဇီတာဂျုံးဟာ ယောက္ခမဖြစ်သူကာ့ခ်ဒေါက်ကလပ်ရဲ့ အသက် ၁၀၁ နှစ်ပြည့် မွေးနေ့အတွက် မွေးနေ့ဆုတောင်းပေးခဲ့ပါတယ်။ ကက်သရင်းဟာ ခင်ပွန်းဖြစ်သူ မိုက်ကယ်ဒေါက်ကလပ်ရဲ့ဖခင်ဖြစ်သူ ဂန္ထဝင် သရုပ်ဆောင်ကြီး ကာ့ခ် ဒေါက်ကလပ်ရဲ့မွေးနေ့အတွက် မွေးနေ့ဆုတောင်းကို သူရဲ့အင်စတာဂရမ်ပေါ်တင်ခဲ့တာပဲ ဖြစ်တယ်။ သူတို့အတူ တွဲရိုက်ထားတဲ့ဓာတ်ပုံနဲ့အတူ တင်ခဲ့တာပဲဖြစ်ပါတယ်။ "ဒီနေ့ဟာ ဖေဖေ့ရဲ့ ၁၀၁ နှစ်ပြည့် မွေးနေ့ ဖြစ်ပါတယ်၊ ဖေဖေ့ကို နှလုံးသားထဲကနေ ချစ်ပါတယ်" လို့ ရေးသားထားပါတယ်။ ကာ့ခ်ဒေါက်ကလပ်က သူ့ရဲ့မွေးနေ့ကို သူ့စတိုင်အတိုင်း ကျင်းပမယ်ဆိုတာကတော့ သံသယဖြစ်ဖွယ်မရှိပါဘူး။ မနှစ်က အသက် ၁၀၀ ပြည့် မွေးနေ့မှာလည်း Beverly Hills Hotel မှာ သားသမီးမြေးမြစ်တွေနဲ့အတူ ကျင်းပခဲ့ပါတယ်။ စတီဗင်စပီးဘတ်အပါအဝင် သူ့ရဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေလည်း တက်ရောက်ခဲ့ကြပါတယ်။

ကာ့ခ်ဟာ အော်စကာဆုစာရင်းမှာ သုံးကြိမ်တိုင်တိုင် ဝင်ခဲ့ပါတယ်။ သူဟာ ရုပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာ၊ ဒါရိုက်တာနဲ့ထုတ်လုပ်သူအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ အလှူအတန်းရက်ရောသူလည်း ဖြစ်ပါတယ်။ သူနောက်ဆုံးအကြိမ် လှူဒါန်းခဲ့တာကတော့ သူ့အသက် ၉၉ နှစ် ပြည့်မွေးနေ့မှာ အမေရိကန်ဒေါ်လာ၁၅သန်း လှူဒါန်းခဲ့တာပဲဖြစ်ပါတယ်။ အတူတွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ လူမှုကွန်ရက်မှာတင်တာကို ကြည့်ရင် ကက်သရင်းဟာ ယောက္ခမဖြစ်သူနဲ့ ဆက်ဆံရေးကောင်းမွန်တယ်ဆိုတာ ပြလိုက်သလိုပါပဲ။ ကက်သရင်းဟာ လက်ရှိမှာ မိုက်ကယ်ဒေါက်ကလပ်နဲ့ သားသမီးနှစ်ဦးထွန်းကားထားပါတယ်။ ကာ့ခ်ဒေါက်ကလပ်တို့ မိသားစုဟာ တကယ်ကို ကြီးကျယ်တဲ့ အနုပညာ အသိုင်းအဝိုင်းတစ်ခုလည်းဖြစ်ပါတယ်။ **ဟယ်လို**

..........................

# ဓာတ်ပုံဆရာကို ခြေထောက်နဲ့ ကန်လိုက်မိတဲ့ ရော့ခ်အဆိုတော်



အမေရိကန် ရော့ခ်တေးဂီတ အဖွဲ့အဖြစ်Queens of Stone Age မှ ပင်တိုင်အဆိုတော် ဂျိုရှ် ဟွန်းမ်ဟာ လော့စ်အိန်ဂျလိစ်မြို့က ဂီတဖျော်ဖြေပွဲတစ်ခုမှာ အမျိုးသမီး ဓာတ်ပုံဆရာတစ်ဦးရဲ့ ဦးခေါင်းကို ကန်မိခဲ့ပါတယ်။ အကန်ခံရတဲ့ အမျိုးသမီးရဲ့ နာမည်ကတော့ ချယ်ဆီးလူရန်ဖြစ်ပြီး စနေနေ့ညကဖျော်ဖြေပွဲမှာ အမျိုးသမီး ဓာတ်ပုံဆရာဟာ ဓာတ်ပုံရိုက်ဖို့ စတေ့ချ်စင်နားကပ်စဉ်မှာ သူ့ရဲ့ဦးခေါင်းကို အကန်ခံလိုက်ရတာပဲဖြစ်တယ်လို့ သူလူမှုကွန်ရက်ပေါ်မှာ တင်ခဲ့တဲ့ ဗီဒီယိုမှာ ပြသနေပါတယ်။ ဂျိုရှ် ဟွန်းမ်ကတော့ သူ့အနေနဲ့ ဘယ်သူတစ်ဦးတစ်ယောက်ကိုမျှ နာကျင်စေဖို့ ရည်ရွယ်ချက်မရှိခဲ့ဘူးလို့ ဆိုပါတယ်။

အခုကိစ္စမှာလည်း တောင်းပန်ပါတယ်လို့ ဂျိုရှ်က ပြောခဲ့ပါတယ်။ ချယ်ဆီးကတော့ ဒါဟာ မတော်တဆမှုမဟုတ်ဘူး။ ဂျိုရှ်က သူ့ကို တမင်ရည်ရွယ်ပြီး ကန်ခဲ့တာလို့ မဂ္ဂဇင်းနဲ့အင်တာဗျူးမှာ ဖြေခဲ့ပါတယ်။ စင်နားမှာ ဓာတ်ပုံရိုက်နေတုန်း သူက ကျွန်မကို သေချာကြည့်နေပြီး ဦးခေါင်းပိုင်းကို ကန်ခဲ့တာပဲ ဖြစ်ပါတယ်။ ရဲစခန်းမှာလည်း တိုင်ချက်ဖွင့်ထားပါတယ်လို့ သူကဆက်ပြောပါတယ်။ ကန်ချက်ကြောင့် မျက်ခုံးကွဲခဲ့ပြီး လည်ပင်းလည်း နာကျင်နေတယ်လို့ ပြောပါတယ်။

အသက် ၄၄နှစ်အရွယ် ဂျိုရှ်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး Queens of Stone Age ရဲ့ တွစ်တာအကောင့်ကနေတစ်ဆင့် တောင်းပန်မှုပြုခဲ့ပါတယ်။ ချယ်ဆီးဟာ သူ့ရဲ့တောင်းပန်မှုကို လက်ခံပေးဖို့ မျှော်လင့်ပါတယ်လို့လည်း ပြောပါတယ်။ ဂျိုရှ်အတွက်ကတော့ ဒီလိုမျိုးဖြစ်ရပ်မျိုးဟာ ပထမဦးဆုံးအကြိမ် မဟုတ်ပါဘူး။ သူဟာ စတေ့ချ် ပေါ်မှာ ရိုင်းစိုင်းတဲ့ အပြုအမူတွေအတွက် ဝေဖန်ခံနေရသူလည်း ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်ကလည်း ဂျိုရှ်ဟာ သီဆိုဖျော်ဖြေပွဲတစ်ခုမှာ ပရိသတ်နဲ့ ပြဿနာဖြစ်ခဲ့ပါသေးတယ်။ အဲဒီတုန်းကလည်း ပရိသတ်တစ်ဦးကို ကန်ကျောက်မယ်လို့ ခြိမ်းခြောက်ခဲ့တဲ့အတွက် ပုလင်းနဲ့ ပစ်ပေါက်ခံခဲ့ရပါတယ်။ အခုချိန်မှာတော့ လူမှုကွန်ရက်မှာ Queens of Stone Age အဖွဲ့ရဲ့ ပရိသတ်တွေကိုယ်တိုင် ဂျိုရှ်ရဲ့ အပြုအမူနဲ့ပတ်သက်ပြီး ဝေဖန်နေကြပါတယ်။ **ဘီဘီစီ**

ခြူး

## စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ တောင်သူပညာပေးဆွေးနွေး

**ဘားအံ ဒီဇင်ဘာ ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြောက်ကမ္မရိုက်ကျေးရွာအုပ်စုမှ တောင်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး ဟောပြောဆွေးနွေးပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မာလာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး ဒေါ်နော်သူးလေထီးက ယခုအခါ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများတွင် ပိုးသတ်ဆေး အလွန်အကျွံ သုံးစွဲမှုများကြောင့် စားသုံးသူများ ဘေးအန္တရာယ်ရှိမှုကို ရင်ဆိုင်ကြုံတွေ့နေရပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်နေကြောင်း၊ GAP နည်းစနစ်သည် မြေပြုပြင် စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုအနည်းဆုံး နည်းလမ်းများကို စုစည်းထားသည့် စံလုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်ဖြစ်သောကြောင့် ၎င်းဆိုးကျိုးများကို ကာကွယ်နိုင်ရန်အတွက် GAP နည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးသွားကြရန်လိုကြောင်း တောင်သူများအား ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးပညာရှင်များက သီးနှံ ၁၅ မျိုးအတွက် ချမှတ်ထားသော GAP Guideline များ၊ GAP စနစ်ဖြင့် စိုက်ပျိုး၍ နိုင်ငံခြားသို့ export တင်ပို့နိုင်မည့် နည်းလမ်းများကို အသေးစိတ် ဆွေးနွေးဟောပြောခဲ့သည်။ အဆိုပါ တောင်သူပညာပေးဟောပြောပွဲသို့ ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာ ခြောက်ရွာမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၁၂၀ ဦး တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ထောက်ခံပွဲကျင်းပ

**ဘားအံ ဒီဇင်ဘာ ၁၂**



တပ်မတော်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား ထောက်ခံပွဲအခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့၌ ဒီဇင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်အလံကို အလေးပြု၍ နိုင်ငံတော်သီချင်း သီဆိုခြင်း၊ တပ်မတော်သားများနှင့် ငြိမ်းချမ်းရေးတည်ဆောက်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ဂုဏ်ပြုသည့်အနေဖြင့် တစ်မိနစ် ငြိမ်သက်ခြင်း၊ ဇွဲကပင်ဆရာတော် ဦးကဝိဇမှ ပေးပို့သည့် သဝဏ်လွှာကို ဇွဲကပင်လုံမွှိနီဉယျာဉ် ကျောင်းတိုက်ဆရာတော် အရှင်စာရိတ္တာဓမ္မမှ ဖတ်ကြားခြင်း၊ KNU ဗဟိုကော်မတီဝင် ဖဒိုစောလှထွန်းမှ ပေးပို့သောသဝဏ်လွှာကို ဦးတင်မောင်လှိုင်မှ ဖတ်ကြားခြင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ ပေးပို့သော သဝဏ်လွှာကို ဘားအံမြို့ရှိ DKBA ဆက်ဆံရေးရုံး တာဝန်ခံက ဖတ်ကြားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဦးဆောင်ကော်မတီ၏ သဘောထားကြေညာချက်ကို ဦးတင်မောင်လှိုင်က ဖတ်ကြားခဲ့သည်။

ထို့နောက် ငြိမ်းချမ်းရေးနှင့် အမျိုးသား အကျိုးစီးပွား လုံခြုံရေးအတွက် ကာကွယ်ပေးစေလိုကြောင်း စသည့် ကြွေးကြော်သံများ ကြွေးကြော်ကြပြီး နာရီစင်မှ ဖိုလ်ချုပ်လမ်းအတိုင်း ချီတက်လမ်း လျှောက်ခဲ့ကြသည်။ အဆိုပါ ထောက်ခံချီတက်ပွဲတွင် ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ ကရိတ်၊ မြဝတီ၊ ဖာပွန်၊ ကြာအင်းဆိပ်ကြီးစသည့် မြို့နယ် ခြောက်ခုက စစ်ကြောင်း ခြောက်ကြောင်းဖြင့် ချီတက်လမ်းလျှောက်ခဲ့ကြသည်။

အဆိုပါချီတက်လမ်းလျှောက်ပွဲကို ဘားအံမြို့ထွေ/အုပ်မှ အငြိမ်းစားတစ်ဦးဖြစ်သည့် ဦးတင်မောင်လှိုင်က ဦးဆောင်၍ ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူးထံသို့ ထောက်ခံချီတက်ပွဲ ပြုလုပ်ရန်အတွက် "မြန်မာနိုင်ငံ၏ အနောက်တံခါးဖြစ်သော ရခိုင်ပြည်နယ်၌ ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းကောင်းများအား အားပေးထောက်ခံရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့သော ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား အားပေးထောက်ခံရန်" ခေါင်းစဉ်ဖြင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် တင်ပြီး ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

## မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး အလုပ်ရုံဆွေးနွေး

**ဟိုပင် ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ မြသီတာရပ်ကွက် နယ်မြေ(၁)ရှိ ဒီဇင်ဘာကဖေးဆိုင်၌ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို ဟိုပင်မြို့ဒေသခံများ၏ဆန္ဒအရ ဟိုပင်မှုခင်းသတင်းထောက် (ရွှေဟိုပင်)က ဦးစီး၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဟိုပင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ "ဒေသခံပြည်သူထဲမှာ အများကြီးပျက်စီးနေတယ်၊ ဒီမူးယစ်ဆေးဝါး ပြန့်ပွားနေတာကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ လျော့နည်းသွားအောင် ဒီပွဲလုပ်ရတာပါ"ဟု ပွဲဖြစ်မြောက်ရေးစီစဉ်သူတစ်ဦးက ပြောသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး မိမိတို့၏အတွေ့အကြုံနှင့် ခံစားနေရသော အကြောင်းများကို တက်ရောက်လာသူများနှင့် ဟိုပင်မြို့မီးသတ်တပ်ဖွဲ့ဝင်များက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဟိုပင်မြို့ပေါ်တွင် ယခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ဖမ်းဆီးရမိသည့် အမှုပေါင်း ၄၂ မှုရှိသည်ဟု ဟိုပင်မြို့ရဲစခန်း မှတ်တမ်းအရသိရသည်။

**မင်းမင်းဦး**

## ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို ရာပြည့် အခမ်းအနားကျင်းပရန် ကော်မတီဖွဲ့စည်းရေး ဆွေးနွေး

**တွံတေး ဒီဇင်ဘာ ၁၂**

သူရသတ္တိဆိုင်ရာ အမြင့်ဆုံးဆုတံဆိပ်ဖြစ်သော အောင်ဆန်းသူရိယဘွဲ့ရ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို၏ ရာပြည့်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ကျင်းပနိုင်ရေးအတွက် ရာပြည့်ကော်မတီဖွဲ့စည်းရန် ညှိနှိုင်းဆွေးနွေးပွဲကို တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဒီဇင်ဘာ ၉ ရက်က ပြုလုပ်ခဲ့သည်။



ဆွေးနွေးပွဲတွင် ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို ရာပြည့်ပွဲဖြစ်မြောက်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို အသင်းအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အသင်း၏ လုပ်ဆောင်ချက်များကို ဆွေးနွေးကာ မင်္ဂလာဒုံမြို့နယ် သိန်းသန်းစက်မှုလက်မှု (၇၇၇) ခြေတုလက်တုလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းဦးက ရာပြည့်အခမ်းအနားဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က ဗိုလ်မှူး အောင်ဆန်းသူရိယအေးချို ရာပြည့်အခမ်းအနားကို စည်ကားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရာပြည့်ကော်မတီ နာယကအဖွဲ့နှင့် အလုပ်မှုဆောင်ကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ကာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ဗိုလ်မှူး အောင်ဆန်းသူရိယအေးချို အသင်းအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် မွေးဖွားသော ဗိုလ်မှူးအောင်ဆန်းသူရိယအေးချိုသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အသက် ၁၀၀ ပြည့်သည်ဖြစ်ရာ အဆိုပါ ရာပြည့်အခမ်းအနားကိုလည်း ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

## မြင်းခြံခရိုင် မီးသတ်တပ်ဖွဲ့သို့ ဂါလန် ၂၀၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ် တစ်စီးလှူဒါန်း

**မြင်းခြံ ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမီးသတ်ဦးစီးဌာနသို့ ဂါလန် ၂၀၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ခရိုင်မီးသတ်ဦးစီးမှူးရုံးခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မိုးထိုက်က အမှာစကားပြောကြားခဲ့ပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်က မီးငြိမ်းသတ်ယာဉ်တစ်စီးနှင့် စာရွက်စာတမ်းများအား လက်ခံခဲ့ပြီး မီးငြိမ်းသတ်ယာဉ် လှူဒါန်းခဲ့သော မြိုင်မဟာရွှေဆိုင်မိသားစုအား ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနစသည့် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များ စုစုပေါင်းအင်အား ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်နိုင်ထံမှ သိရသည်။

"အရင်ကတည်းက လှူချင်ခဲ့တာပါ၊ ဒီထက် စောစောလေး လှူဒါန်းနိုင်ခဲ့ချင်တာ၊ ခုတော့ လှူဖြစ်သွားပါပြီ၊ မြင်းခြံမြို့အတွက် ခုလိုလှူဒါန်းရတာ ဝမ်းသာမဆုံး ကြည်နူးမိပါတယ်"ဟု အလှူရှင် မြိုင်မဟာရွှေဆိုင်မိသားစုက ဆိုသည်။

မြင်းခြံခရိုင်မီးသတ်ဦးစီးဌာနသို့ လှူဒါန်းခဲ့သော မီးငြိမ်းသတ်ယာဉ်မှာ Hino အမျိုးအစား ရေဂါလန် ၂၀၀၀ ဆံ့ ယာဉ်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ဒီဇင်ဘာ ၉ ရက်က ရွှေတောင်မြို့နယ် မြို့မဈေးကြီးအတွင်းပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးတို့က မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ၊ ဝန်ထမ်းများပူးပေါင်း၍ မီးသတ်ဆေးဘူးများ၊ မီးသတ်စက်ယာဉ်များဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

ရဲထွဋ်



## ရေတာရှည်မြို့နယ်တွင် ဝက်မွေးမြူထုတ်လုပ်မှုဆိုင်ရာသင်တန်းဖွင့်လှစ်

**ရေတာရှည် ဒီဇင်ဘာ ၁၂**

ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေး လုပ်ကိုင်သူများပြားလာသည်နှင့်အမျှ ဒေသခံများအနေဖြင့် စနစ်တကျမွေးမြူနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ ဝက်မွေးမြူထုတ်လုပ်မှုဆိုင်ရာ သင်တန်း အမှတ်စဉ်(၃/၂၀၁၇)အား ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ရေတာရှည်မြို့နယ် တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန စံပြဝက်မွေးမြူရေးခြံရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေ့ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ငါးရက်ကြာ ပြုလုပ်မည့်သင်တန်းတွင် ဝက်မျိုး၊ မြေနေရာ၊ ခြံနေရာများ ရွေးချယ်ခြင်း၊ ဝက်ငယ် ပြုစုစောင့်ရှောက်ခြင်း၊ ဝက်မတမ်းနှင့် မျိုးဝက်မ ပြုစုစောင့်ရှောက်ခြင်း၊ ထိန်းချုပ်ခြင်း၊ အစာအာဟာရဗေဒ၊ မေထုန်မဲ့သားစပ်ခြင်းနှင့် ကိုင်တွယ်ခြင်း၊ ဖြစ်ပွားတတ်သောရောဂါများအကြောင်းကို အတွေ့အကြုံရှိသော ဆရာများက သင်ကြားပို့ချသွားမည်ဖြစ်ရာ တက်ရောက်လာသော သင်တန်းသားများအနေဖြင့် ကြိုးစားသင်ယူ၍ မိမိတို့ဒေသဝန်းကျင်၌ မျှဝေသွားကြရန်လိုအပ်ကြောင်း ထည့်သွင်း ပြောကြားသည်။ ယနေ့ပြုလုပ်သော သင်တန်းဖွင့်ပွဲတွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးလက်ဒေသနေ မွေးမြူရေးကို စိတ်ပါဝင်စားသည့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင်ကြော်ငြာပါ**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးများထိုးနှံပေးနေ



ဘားအံ ဒီဇင်ဘာ ၁၂

ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကော်သူလေး ကျန်းမာရေး နှင့် ကယ်ဆယ်ရေးဌာန(Ethnic Health Organization)တို့ ပူးပေါင်းပြီး ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်းမှ ကလေးများအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း ကရင်ပြည်နယ် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနိုင်နိုင်ထွန်းက ပြောသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများဖြစ်သည့် ဘားအံ၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ့နှင့် သံတောင်ကြီးမြို့နယ်များမှ ယင်းအဖွဲ့အစည်းများ၏ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းပြီး ထိုးနှံပေးနေကြောင်းလည်း လက်ထောက်ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများတွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများကို နိုဝင်ဘာ ၁၅ ရက်မှစ၍ ထိုးပေးနေခြင်းဖြစ်ပြီး ယနေ့အချိန်အထိ ဆက်လက်ထိုးပေးနေကြောင်း၊ ယင်းနယ်မြေများအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၂၂၇ ခုမှ လူဦးရေ ၂၃၃၃၈ ဦးကို ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းကိုလည်း ဒီဇင်ဘာ ၁၁ ရက်မှစ၍ ၂၀ ရက်အထိ ဆောင်ရွက်လျက်ရှိပြီး ဆေးထိုးပေးမည့် ကာလအတွင်း အသက်ကိုးလမှ ငါးနှစ်အထိ ကလေးများ၊ အသက် ၁၅ နှစ်အောက် ကျောင်းမနေသော ကလေးများနှင့် နိုဝင်ဘာလအတွင်းက ပထမအကြိမ် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် လွတ်ကျန်ခဲ့သော ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ သတ်မှတ်ထားသည့်နေရာများတွင် ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ကလေးငယ်များအား ကာကွယ်ဆေးမထိုးမီ ဆေးထိုးရန် သင့် မသင့် စောင့်ကြည့်ခြင်းကိုလည်း ကျန်းမာရေးဝန်ထမ်းများဖြင့် စနစ်တကျ စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေါက်တာနိုင်နိုင်ထွန်းက ဆက်လက်ရှင်းပြသည်။

ကရင်ပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၀၆၅ ခုရှိ လူဦးရေ ၁၆၆၀၆၈ ဦးအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ကျောင်းအခြေပြု ကာကွယ်ဆေးထိုးပေးခဲ့ရာတွင် ကရင်ပြည်နယ်အတွင်း ၉၄ ဒသမ ၆ ရာခိုင်နှုန်းအထိ အောင်မြင်စွာ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ပြည်နယ်ဝန်ကြီးချုပ်ဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ

လွိုင်ကော် ဒီဇင်ဘာ ၁၂

ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က လွိုင်ကော်မြို့ အားကစားရင်ပြင်ကွင်းသစ်၌ စတင်ကျင်းပခဲ့သည်။ ပြိုင်ပွဲဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် ၁၉ ခုမှ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ပြိုင်ပွဲဝင်အသင်းများအား အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့်အသင်းနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သည့်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝန်ကြီးချုပ်ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့အသင်းက ပြည်နယ်လွှတ်တော်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။



ထို့နောက် ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် နမ့်ကွတ်ရပ်ကွက်အသင်းနှင့် နမ့်ဘော်ဝမ်(က) ရပ်ကွက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ နမ့်ကွတ်ရပ်ကွက်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဂုဏ်ပြုဆုကြေး အဖြစ် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း ငါးသောင်း၊ တတိယဆု ငွေကျပ် ငါးသိန်းနှင့် နှစ်သိမ့်ဆုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့် အသင်းတိုင်းကို တစ်သင်းလျှင် ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပသည့် လွိုင်ကော်မြို့အားကစားရင်ပြင်ကွင်းသစ်ကို ကယားပြည်နယ်၏အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လွိုင်ကော်မြို့အတွင်း လူငယ်များအားကစားကို ပိုမိုစိတ်ဝင်စားလာစေရေး၊ လူငယ်များအသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်စေရေး၊ လွတ်လပ်စွာ အချိန်ရာသီမရွေး အားကစားလုပ်နိုင်ရေး ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဘောလုံးကွင်းနှစ်ကွင်း ပါဝင်ကာ ကုန်ကျစရိတ်ကျပ် ၉၄ သိန်းကျော်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ကျေးရွာ ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှု

မိုးမိတ် ဒီဇင်ဘာ ၁၂

မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan) ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ (Pilot Project) အဖြစ် ကျေးရွာ ငါးရွာတွင် တစ်ရွာလျှင် ကျပ်သိန်း ၅၀ စီဖြင့် ဒေသခံပြည်သူလူထု၏ ထည့်ဝင်ငွေများ ပူးပေါင်း၍ စုစုပေါင်း ကျပ်သိန်း ၂၆၀ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ငါးရွာတွင် တစ်ရွာလျှင် ကျပ်သိန်း ၅၀ စီဖြင့် ပြည်သူထည့်ဝင်ငွေ ပူးပေါင်း၍ စုစုပေါင်း ကျပ် ၂၈၁ သိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး (လမ်း၊ တံတား၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ကျေးလက်ဒေသများ ထိရောက်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT FUND) တို့ ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်ရေးဆွဲခြင်း သင်တန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ မိုးမိတ်မြို့နယ်အတွင်း ကျေးရွာပေါင်း ၆၈ ရွာမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာတစ်ရွာလျှင် သင်တန်းသား နှစ်ဦးစီဖြင့် ပို့ချပေးခဲ့ပြီး ဒေသခံကျေးရွာသူကျေးရွာသားများကိုယ်တိုင် မိမိကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာ ခြောက်ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ခွင့်ပြုချက်အရ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက စိစစ်အတည်ပြုရွေးချယ်သည့် ကျေးရွာခြောက်ရွာတွင် ဒေသခံများရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာလုပ်ငန်းများအနက် ပဒါန်းကျေးရွာအုပ်စု နမီကျေးရွာတွင် ကျေးရွာနှင့် လယ်မြေများချောင်းရေလျှံကျတိုက်စားခြင်းမှ ကာကွယ်ရန် ကျောက်ရိုးစီရေကာနံရံ တည်ဆောက်ရေးအတွက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာကော်မတီဝင်များက ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိအိမ်များနှင့် လယ်မြေဧက ၂၀၀ ခန့် ချောင်းရေတိုက်စားခြင်းမှ ကာကွယ်နိုင်ပြီး အိမ်ထောင်စု ၁၆၂ စုနှင့် လူဦးရေ ၈၀၀ နီးပါးခန့် အကျိုးခံစားရမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### တာချီလိတ်၌စိတ်ကြွရူးသွပ်ဆေးပြားနှင့် ကျည် ၁၇ တောင့် ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်၌ နေထိုင်သူတစ်ဦး၏ အိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြားနှင့် 9MM ကျည်တောင့်များကို ဒီဇင်ဘာ ၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ဆန်ဆိုင်း(ခ) ရပ်ကွက်နေ အောင်ကျော်ဦး(ခ)ခကွေး၏ နေအိမ်သို့ တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်း ရဲအုပ် ကိုကိုဦးနှင့် မူးယစ်တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ ရဲအုပ်ကျော်စွာထွန်းတို့ ဦးဆောင်သည့် အဖွဲ့က ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင်တွေ့ရှိရပြီး အိပ်ခန်းအတွင်းမှ WY စာတမ်းပါ လိမ္မော်ရောင်ဆေးပြား ရှစ်ပြားနှင့် Military Explosives Factory စာတန်းပါ အစိမ်းရောင်ဘူးအတွင်းမှ ထိုင်းနိုင်ငံထုတ် 9MM ကျည် ၁၇ တောင့်တို့ကို ဖမ်းမိခဲ့၍ အောင်ကျော်ဦး(ခ)ခကွေး(၄၇ နှစ်)အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

### ယာဉ်စည်းကမ်း လမ်းစည်းကမ်း နှင့်ပတ်သက်၍ အသိပညာပေး

မုဒုံမြို့နယ် ကမာအုပ်ကျေးရွာ အမကမူ(လွန်)ကျောင်းတွင် သက်ငယ်မုဒိမ်းမှု ကျဆင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက်က ပြုလုပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသောင်းဇံနှင့် ကျေးရွာနေပြည်သူ ၃၀ ခန့်၊ ယာယီကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိစံနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် ယာယီကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိစံက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး (မုဒုံ)ရဲမှူးမြအောင်က သက်ငယ်မုဒိမ်းဖြစ်ပွားမှုနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ အမှတ် (၇၇) ယာဉ်ထိန်းတပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ် (မုဒုံ) ဒုရဲအုပ် အေးမင်းသန်းက ယာဉ်စည်းကမ်း လမ်းစည်းကမ်း နှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်း၊ ရဲအုပ် ညီညီထွေးက မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

**မော်လမြိုင်ကိုယ်ပွား**

### တရားမဝင်သစ်များတင်လာသော ကားတစ်စီးကို ဖမ်းမိ

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့အဝင်ရှိ Oriental Highway တိုးဂိတ်အနီး၌ တရားမဝင်သစ်များ တင်ဆောင်မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးကို ဒီဇင်ဘာ ၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ယာဉ်မောင်း လင်းထိုက်မောင်းနှင်လာသည့် တိုယိုတာကရောင်း အမျိုးအစား အဖြူရောင်ယာဉ်ကို မူဆယ်မြို့အဝင် တိုးဂိတ်အနီး၌ မူဆယ်ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုး-၂ ဦးဆောင်သော မူဆယ်ခရိုင်နှင့် မြို့နယ်သစ်တောဝန်ထမ်းများအဖွဲ့နှင့် မူဆယ်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်လာသော ပိတောက်ခွဲသားရွေ့တုံး ၁၂ တုံး(အလေးချိန် ၀ ဒသမ ၄၆၆၈ တန်)ကို ဖမ်းမိခဲ့ခြင်းဖြစ်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း လင်းထိုက်အား မူဆယ်မြို့မရဲစခန်းတွင် အမှုဖွင့်ထားအကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

### ရွှေဘိုမြို့နယ် ကော့ကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကော့ကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကောင်းမြတ်ကျော်ထံမှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကော့ကျေးရွာတွင် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကောင်းမြတ်ကျော်၊ ရဲဒုတပ်ကြပ် နိုင်မျိုးလင်းနှင့်အဖွဲ့၊ ကော့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညိုစန်း၊ ရွှေဘိုမြို့အမှတ် ၂ ရပ်ကွက် အရန်မီးသတ်ဒုတပ်ခွဲမှူး ဦးကျော်စန်းဦးတို့ သတင်းအရ ရွှေဘိုမြို့နယ် ကော့ကျေးရွာရှိ လှမျိုးကျော် (ခ) ဖိုးကျော်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ ပြား အလေးချိန် (၉ ဒသမ ၉) ဂရမ်နှင့်အတူ မူးယစ် ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်တွေ့ရှိသူ လှမျိုးကျော် (ခ) ဖိုးကျော်ကို ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

### မြစ်ကြီးနား–ရွှေဘိုပြည်ထောင်စုကားလမ်းမပေါ်တွင် ယာဉ်တစ်စီးတိမ်းမှောက်

ကချင်ပြည်နယ် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်းပေါ်တွင် ဒီဇင်ဘာ ၉ ရက်က မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ခဲ့၍ ယာဉ်ပေါ်ပါလာသူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ထွန်းအောင်(၃၈ နှစ်)မောင်းနှင်ပြီး ခရီးသည်နှစ်ဦးစီးနင်းလိုက်ပါလာသော စူပါကာစတန်ယာဉ်သည် မြစ်ကြီးနားမှ မိုးကောင်းဘက်သို့ မောင်းနှင်လာစဉ် မြစ်ကြီးနား-ရွှေဘိုကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၄၅၈) နှင့် (၄၅၉) ကြား၌ အရှိန်လွန်ကာ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းထွန်းအောင်နှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦးမှာ ဖူးယောင်ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့၍ ၎င်းတို့အား နမ္မတီးမြို့လမ်းခွကျေးရွာ လူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကာ ယာဉ်မောင်းထွန်းအောင်အား မြစ်ကြီးနားနယ်မြေရဲစခန်းတွင် ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## ဘိုးဘွားရိပ်သာ ဓမ္မာရုံဆောင် လှူဒါန်းပွဲကျင်းပ

**ဗန်းမော် ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာဓမ္မာရုံဆောင် ပထမထပ်ကို ဆောက်လုပ်လှူဒါန်းသော အလှူရှင်များက ရေစက်ချလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် အလှူရှင်များက သံဃာ ၂၀ ပါးအား ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးမှူး ဦးသန်းထွန်းအောင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်နှင့် ဘိုးဘွာရိပ်သာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနီတို့က ဓမ္မာရုံပထမထပ် အလှူရှင် ၂၀ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

ပေါက်ကုန်းရပ်ကွက် ဘိုးဘွားရိပ်သာကို သုခဝတီကျောင်းတိုက်ဆရာတော် ဦးပညော ဘာသ ဦးစီး၍ စေတနာရှင်ပြည်သူများ ပူးပေါင်းကာ ၁၉၈၂ ခုနှစ်တွင် စတင်ဆောက် လုပ်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု(တတိယအဆင့်)ဘိုးဘွားရိပ်သာ ဖြစ်ကာ အဘိုးလေးဦး၊ အဘွားကိုးဦးရှိကြောင်း၊ အဘိုးဆောင် အဘွားဆောင် သီးသန့် ရှိသော်လည်း ဓမ္မာရုံမရှိသေး၍ အလျား ပေ ၇၀၊ အနံ ပေ ၃၀ ရှိ နှစ်ထပ်ဓမ္မာရုံကို ၂၀၁၄ ခုနှစ်မှစတင်၍ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် တည်ဆောက်လျက်ရှိကာ လက်ရှိအချိန်အထိ အလှူငွေများ လိုအပ်နေသေးသဖြင့် လှူဒါန်းလိုသူများအနေဖြင့် ကော်မတီဥက္ကဋ္ဌ ဖုန်း-၀၉-၂၅၆၂၄၅၆၁၄ နှင့် အတွင်းရေးမှူး ဖုန်း-၂၅၃၂၅၈၈၃၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

## အကာအကွယ်စနစ်ဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း စံပြကွက်နှင့် ကွင်းသရုပ်ပြပွဲပြုလုပ်

**ပခုက္ကူ ဒီဇင်ဘာ ၁၂**

ပခုက္ကူမြို့နယ် ကျွဲတဲအုပ်စု မြင်းချိုင်ကျေးရွာတွင် အကာအကွယ်စနစ်ဖြင့် ဟင်းသီး ဟင်းရွက်စိုက်ပျိုးခြင်း စံပြကွက်နှင့် ကွင်းသရုပ်ပြပွဲကို စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး ၍ အဆိုပါကျေးရွာရှိ တောင်သူဦးဇော်လင်း၏ စိုက်ကွက်၌ ဒီဇင်ဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်တို့က အမှာစကားပြောကြားပြီး IFDC မှ အပူပိုင်း ဇုန်စီမံချက်ခေါင်းဆောင် Dr.Romamd Clark က အပူပိုင်းဇုန်ဒေသ သီးနှံစိုက်ပျိုး ထုတ်လုပ်မှု သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးအရာရှိ ဦးစန်းလွင်က စိုက်ပျိုးရေးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ်အတွင်း အကာအကွယ်စနစ်ဖြင့် ဟင်းသီးဟင်းရွက်စိုက် ပျိုးခြင်းကို စတင်လုပ်ကိုင်သူ ကောင်းသာလယ်ယာသုံးစက်ကိရိယာအပိုပစ္စည်းဆိုင် နှင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းမှ ဦးဇော်လင်းက အကာအကွယ်စနစ်ဖြင့် ဟင်းသီး ဟင်းရွက်စိုက်ပျိုးခြင်း၏ အားနည်းချက်၊ အားသာချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် ဈေးကွက်ပြည့်မီအောင်စိုက်ပျိုးခြင်းတို့ကို အသေးစိတ် ရှင်းလင်း ပြောကြားသည်။ စံပြကွက်သရုပ်ပြပွဲသို့ ပခုက္ကူမြို့နယ်အတွင်းမှ တောင်သူကြီးများ တက်ရောက်လေ့လာကြပြီး သရုပ်ပြကွက်တွင် ကြက်သွန်နီ၊ သခွားမွှေး၊ ဆလတ်နှင့် မုန်လာဥဖြူတို့ကို ရေစက်ချစနစ်ဖြင့် စိုက်ပျိုးထားကြောင်း သိရသည်။



IFDC ၏ အပူပိုင်းဒေသ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် လယ်ယာလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းအရ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကောင်းသာလုပ်ငန်းစုတို့ ပူးပေါင်း ၍ အကာအကွယ်စနစ်ဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းကို ဆောင်ရွက်နေခြင်း ဖြစ်ပြီး အစွရေးနည်းပညာအရ အကာအကွယ်စနစ်ဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်မှုကို IFDC နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့က နည်းပညာအကူအညီပေးထား ကြောင်း သိရသည်။

**တင်အောင်ဝင်း**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ တနင်္သာရီမြို့နယ်၌ ကျင်းပ



**တနင်္သာရီ ဒီဇင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက ကြီးမှူး၍ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ဒီဇင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် တနင်္သာရီမြို့ အခြေခံပညာအထက်တန်း ကျောင်းမှ စတုတ္ထတန်း၊ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်း ကျောင်းသူ ကျောင်းသား ၃၀ က အတန်းလိုက် ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် အတန်းလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ရရှိကြသည့် ကျောင်းသား ကျောင်းသူ ကိုးဦး အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မိသူဇာနှင့် ဆရာ ဆရာမများက ဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

FAME

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း




၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့၌ ရန်ကုန်မြို့ Sule Shangri-La Hotel တွင်
JobNet.com.mm က ကြီးမှူး၍
ပြည်တွင်း၊ ပြည်ပမှ HR ပညာရှင်များက အကဲဖြတ်ချီးမြှင့်သည့်
**Myanmar Employer Awards 2017** ဆုပေးပွဲအခမ်းအနားတွင်
**Excellence in Workplace Environment** ကဏ္ဍအတွက်
ပြည်တွင်းလုပ်ငန်းရှင်များထဲမှ
**GOLD WINNER (အကောင်းဆုံးလုပ်ငန်းခွင်ဆု)** ကို
Managing Director ဒေါက်တာခင်မောင်လွင်နှင့် Director ဒေါက်တာခင်ခင်ဌေးတို့
ဦးဆောင်သော **FAME Pharmaceuticals Co.,Ltd.** က
လက်ခံရရှိခဲ့ကြောင်းသိရှိရပါသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ဦးမြင့်ဦး**
**အေးရိပ်မွန်ဆေးဆိုင်၊ ရွှေပြည့်စုံဈေး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဝယ/၉ဝဝဝ Sumbo -125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟုန်းထန်းအွယ် ၄/မတန(နိုင်)ဝ၂၉၈၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၉၃၂၅ Toyota Mark II , S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်သန်း ၁၂/မရက(နိုင်)ဝ၉၃၅၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ (၂၈) အိမ်တန်း၊ အမှတ် ၂၄(င)တွင် နေ ထိုင်သည့် ဦးမင်းသိန်းဦး ၁၀/မလမ(နိုင်)ဝ၃၇၄၃၇၏သမီး မဆန်းဆန်းသိန်း ၁၀/ကထန (နိုင်)၁၄၅၂၈ဝသည် မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ကြော်ငြာပါသည့်ရက်မှစ၍ ၄င်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးမင်းသိန်းဦး**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
### မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)

## သင်တန်းသားများခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မဟာဗန္ဓုလလမ်းနှင့်မြို့ပတ်လမ်းထောင့်၊ ရပ်ကွက်ကြီး(၁)ရှိမော်တော်ယာဉ်နည်း ပညာသုတေသနဌာနတွင်အောက်ပါ ကျွမ်းကျင်မှုအခြေပြု ကာလတို(၄)ပတ်သင်တန်းများကို ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၂၉ရက်တွင် တတိယအကြိမ်ဖွင့်လှစ်ပါမည်။

| စဉ် | သင်တန်းအမည် | လက်ခံမည့် သင်တန်းသား/သူဦးရေ |
|---|---|---|
| ၁။ | အိမ်သုံးအဲယားကွန်းတပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း | (၁၅)ဦး |
| ၂။ | Auto CAD အသုံးချ အင်ဂျင်နီယာပုံဆွဲပညာ ကျွမ်းကျင်မှုသင်တန်း | (၁၅)ဦး |
| ၃။ | ကွန်ပျူတာအသုံးချ Microsoft Office/Page Maker/Adobe Photoshop သင်တန်း | (၂၀)ဦး |

၂။ လျှောက်ထားသူသည်-

(က) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူဖြစ်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) သင်တန်းပြီးဆုံးသည်အထိတက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပူးတွဲတင်ပြရမည်။

(က) လျှောက်လွှာမူရင်း (၁)စောင်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)၊ လျှောက်ထားဆဲဖြစ်ပါက မိဘ(၂)ဦးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
(ဂ) လိုင်စင်ဓာတ်ပုံ(၃)ပုံ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာမူရင်း (သို့မဟုတ်) မြို့နယ်ရဲစခန်းထောက်ခံစာမူရင်း
(င) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာမူရင်း

၄။ ၁၁-၁၂-၂၀၁၇ရက်မှစ၍ မော်တော်ယာဉ်နည်းပညာသုတေသနဌာန၊ ပြင်ဦးလွင်မြို့တွင်လျှောက်လွှာများရယူလျှောက်ထား နိုင်ပါသည်။

(က) လျှောက်လွှာလက်ခံမည့်ရက် - ၁၄-၁၂-၂၀၁၇ရက်၊ နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း
(ခ) လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် - ၂၂-၁၂-၂၀၁၇ရက် ညနေ၄နာရီအထိ
(ဂ) လူတွေ့စစ်ဆေးမည့်ရက် - ၂၇-၁၂-၂၀၁၇ရက်

၅။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး သင်တန်းသား/သူများအတွက် အစားအသောက်နှင့် နေထိုင်ရန်အဆောင်စီစဉ်ပေးမည်ဖြစ်သည်။

**မော်တော်ယာဉ်နည်းပညာသုတေသနဌာန**

### မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ရန်ကုန်တိုင်းဒေသကြီး)
### (၂၀၁၈-၂၀၂၀)သက္ကမ (၃)နှစ် သက်တမ်း

## အလုပ်အမှုဆောင်ရွေးချယ်မည်

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ရန်ကုန်တိုင်းဒေသကြီး)၏ (၂၀၁၈-၂၀၂၀) သက္ကမ (၃)နှစ်သက်တမ်း အလုပ်အမှုဆောင်ရွေးချယ်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသူ အသင်းသားများသည် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံး၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ အဆိုပြုလွှာများတင်သွင်းကြပါရန် အသိပေးအပ်ပါသည်။(အဆိုပြုလွှာများကို အဖွဲ့ချုပ်ရုံးသို့လာရောက် ရယူနိုင်ပါသည်။)(ဖုန်း-ဝ၁-၃၆၄၄ဝ၄၁၊ဝ၁-၃၆၄၄၈၄၃)

**မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ရန်ကုန်တိုင်းဒေသကြီး)**
**အလုပ်အမှုဆောင်အဖွဲ့**

# ရန်ကုန်တက္ကသိုလ်

## ရာပြည့်အကြို (၉၇) နှစ်မြောက်

## အထိမ်းအမှတ်

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို **(၁၄-၁၂-၂၀၁၇ မှ ၁၇-၁၂-၂၀၁၇)** အထိ ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းနှင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့တွင် စာအုပ်ဆိုင်ခန်းပေါင်း **(၁၇၀) ခန့်** အထူးနှုန်းဖြင့် ရောင်းချပေးပါမည်။ ၎င်းအပြင် ၄ အုပ် (၁၀၀၀)၊ ၅ အုပ် (၁၀၀၀) ပုံရောင်းမည့်ဆိုင်များ ရွေးဟောင်းရှားပါး စာအုပ်ရောင်းချမည့် အရောင်းဆိုင်များ ပါဝင်ကြမည် ဖြစ်သောကြောင့် စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက် ဝယ်ယူအားပေးနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှ ပူးပေါင်းပါဝင် ကူညီသည်။**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် နေလင်းအောင် ၁၁/ပဏတ(နိုင်)ဝ၅၄၃ဝ၃၏ ပတ်စပို့စ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-ဝ၉-၄၄၂၅ဝ၉၁၂၁**

## မွေးသက္ကရာဇ်အမှန်

ဟင်္သာတမြို့နယ်၊ သပြုပင်အုပ်စု၊ သပြုပင်ကျေးရွာနေ ဦးသန်းမောင်၏ သမီး မသင်းသင်းချို ၁၄/ဟသတ (နိုင်) ၂ဝ၃ဝ၂၂၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၉-၁၉၈၁ ဖြစ်ပါသည်။

**မသင်းသင်းချို**

## ဖခင်အမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အထက(၂)ဆဋ္ဌမတန်း(D)မှ စောပေါမူသော၏ ဖခင်အမည်မှန်မှာ စောစေးကလဲ ၁၂/တကန(နိုင်)၁၂၆၇၉၂ ဖြစ်ပါသည်။

## လက်ရှိငှားရမ်းနေသော နေရာကောင်း ဆိုင်းဘုတ်နေရာရောင်းရန်

- ရန်ကုန်-မန္တလေး အမြန်လမ်းတိုးဂိတ်အနီး
- ၁၁၅ မိုင် ယာဉ်ရပ်နားစခန်း
- မိတ္ထီလာယာဉ်ရပ်နားစခန်း

**09-773173300, 09-785505018**

# GRAND HANTHA INTERNATIONAL HOSPITAL
## HEMODIALYSIS CENTER

GREEN. GRAND. CARE FOR THE PEOPLE

## ကျောက်ကပ်သွေးသန့်စင်ဌာန စတင်ဖွင့်လှစ်ခြင်း အထူးအစီအစဉ်

**၁၅.၁၂.၂၀၁၇ မှ ၁၄.၁.၂၀၁၈ နေ့အထိ**

**တစ်ရက်လျှင် လူဦးရေ (၃၀) လက်ခံ၍ ကျောက်ကပ်သွေးသန့်စင်ခြင်းကို အခမဲ့ ကျန်းမာရေး အလှူဒါနပြုသွားမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။**

(အခမဲ့ အစီအစဉ်တွင် ဆေးရုံဝန်ဆောင်ခ နှင့် *Dialyzer* ပစ္စည်းခ မပါဝင်ပါ။)

- နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသော ကျောက်ကပ်သွေးသန့်စင်စက်များ
- *Double RO (Reverse Osmosis) System* နှင့်
- အာရှပစိဖိတ်ဒေသတွင် *CDS (Concentrate Delivery System)* ကို ပထမဆုံး တပ်ဆင်ထားသော

***Grand Hantha Hemodialysis Center*** ကို စတင် ဖွင့်လှစ်နေပါပြီ။





အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 523000, 01 523111, 01 523222

## (အလိုရှိသည်)

ရုံးတာဝန်များထမ်းဆောင်ရန် **ကျား ၃ ဦး**
**မ ၃ ဦး**
အသက်(၃၅)နှစ်ထက် မကြီးစေရ
လစာ- ၁၂၀၀၀၀ ကျပ်
**ဆက်သွယ်ရန်- ဖုန်း-၀၉-၂၅၃၉၉၇၇၄၀**
**၀၉-၅၁၅၂၅၂၁၀၁-၃၉၄၇၂၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၀-၆)၊ ဦးပိုင်အမှတ်(၇၄)၊ မြတ်လေး×ပိတောက်လမ်း၊၄၈×၄၉ကြားရှိ ဒေါ်ခင်ကြည်အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးဝင်းလှိုင် ၉/မခန(နိုင်)၁၆၇၉၅၉ မှမြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်( ဘဘ-၃)၊ ဦးပိုင်အမှတ်(၁၅)၊ ၅၁လမ်းနှင့်၅၂လမ်းကြား၊ ပိတောက်လမ်းနှင့်မဉ္ဇူလမ်းကြားရှိ ဦးမောင်တုတ် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမောင်မောင် ၉/မရတ(နိုင်)၀၁၉၄၄၇ မှမြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)ဦးပိုင်အမှတ်(၁၁)၊ ၅၂×၅၃ ကြား၊ ပိတောက်လမ်းရှိ ဒေါ်အေးအေး အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်အေးအေး ၉/မနမ(နိုင်)၀၆၅၈၅၄မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၁) ဦးပိုင်အမှတ် (၈၂)၊၄၈×၄၉ကြား၊ မဉ္ဇူလမ်းနှင့် ခတ္တာလမ်းကြားရှိ ဒေါ်သိန်းတင် အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးတင်ဝင်း ၉/မရတ(နိုင်) ၀၅၀၅၂၂မှ မြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ် အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေလူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး၆၊ အကွက်အမှတ်RA III၊ ဦးပိုင်အမှတ်၃၀-က၊ မြေယာအမှတ် 131/372၊ မြေဧရိယာ ၀ ဒသမ ၈၁ ဧကရှိ မြေကွက်အား မြေငှားဂရန်အမှတ်တွဲအမှတ် ၁၈၅/၁၉၈၅-၁၉၈၆ အရ ဦးစောဘလူနီအမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါဂရန်မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ ၁-က စာရင်းတွင် ရေးသွင်းထားခြင်းမရှိသဖြင့် ဒေါ်နော်ဒီယူမေးမှ စာရင်းရေးသွင်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နော်ဒီယူမေး ၁၂/မဂတ(နိုင်)၀၂၁၉၄၂**
**အိမ်အမှတ် ၃၀-က၊ သစ်တောလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး ၁၇၊ ဆင်ခေါင်းကြီး ကွင်းအမှတ် ၆၆၁၊ ဧရိယာ ၃ ဒသမ ၃၅ဧကရှိယာမြေအား လယ်ယာမြေအခြားနည်း အသုံးပြုခွင့်(၃၀/ခ) လျှောက်ထားခြင်း၊ မြေစာရင်းပုံစံ ၁၀၅/၁၀၆ ရေးကူးခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားခြင်းမရှိသေးသည့် ဖော်ပြပါလယ်ယာမြေနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထက်လင်းအောင် ၉/ဝတန(နိုင်)၁၀၇၂၈၄**
**ရပ်ကွက်ကြီး(၁၇)၊ ဆင်ခေါင်းကြီး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် (၄/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၆၀)၊ မြေယာအမှတ်(၂၆၀)၊ မြေဧရိယာ ၀ဒသမ၀၇၃ဧကရှိမြေကွက်အား မြေငှားဂရန်အမှတ်တွဲအမှတ် (၇၅၇/၁၉၉၆-၁၉၉၇)အရ ဦးတင်မြင့် ၉/တသန(နိုင်)၁၁၃၄၆၀ အမည်ဖြင့်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါဂရန်မြေကွက်အား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ(၁-က)စာရင်းတွင် ရေးသွင်းဆောင်ရွက်နိုင်ရေးနှင့် မြေငှားဂရန်သက်တမ်းတိုးဆောင်ရွက်နိုင်ရေးတို့ကို ဦးတင်မြင့်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်မြင့် ၉/တသန(နိုင်)၁၁၃၄၆၀**
**အိမ်အမှတ်(ဏ-၁/၄၉)၊ ချယ်ရီလမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(RA-III)(ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၅-တ/၁)၊ မြေယာအမှတ်(77/441-A)၊ မြေဧရိယာ ၀ ဒသမ ၁၃ဧကရှိ မြေကွက်အား ဒေါ်လှမြိုင် ၉/မမန(နိုင်)၀၁၈၇၂၉ အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်အား မြေငှားဂရန်သက်တမ်းတိုးဆောင်ရွက်နိုင်ရေးနှင့် ၎င်းနှင့်အတူ သားသမီး(၃)ဦးအား အမည်ဖြည့်စွက်ခွင့်ပြုပါရန် ဒေါ်လှမြိုင်မှ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှမြိုင် ၉/မမန(နိုင်)၀၁၈၇၂၉**
**အိမ်အမှတ်(၇၇/၄၄၁-A)၊ မြို့ပတ်လမ်း၊ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၉-၂၇)၊ ဦးပိုင်အမှတ်(၃၆)၊ ခိုင်ရွှေဝါနှင့်မနော်ဟရီ၊ ၅၁လမ်းနှင့် ၅၂ လမ်းကြားရှိ တပ်သားမောင်နအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်လှထွေး ၉/မနတ(နိုင်)၀၇၅၃၄၁ မှ မြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၀-၁)၊ ဦးပိုင်အမှတ်(၁၂၉)၊ ၄၈×၄၉ လမ်းကြား၊ နှင်းဆီလမ်း×မြတ်လေးလမ်းကြားရှိ ဦးထူးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်အိတင်ဇာပို ၉/ပမန(နိုင်)၁၇၂၃၃၂မှ မြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အိမ်ကန်အုပ်စု၊ အလည်ရွာနေ ဦးပို-ဒေါ်အေးကြွယ်တို့၏သား မောင်သန်းနိုင်ထွန်း ၉/တတဥ(နိုင်)၀၉၂၅၅၀သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူလုပ်ဆောင်ပြီး မိဘအိမ်မှ ဆင်းသွားပါသဖြင့် အမွေခံသားအဖြစ်မှ စွန့်ပစ်ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သမျှ တစ်စုံတစ်ရာ တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးပို-ဒေါ်အေးကြွယ်**

## ဒေါ်တင်လှ(ဘ)ဦးအေးမောင် ၁၂/မဂဒ(နိုင်)၀၅၅၂၄၆မှ ၄-၁၂-၂၀၁၇ ရက် မြန်မာ့အလင်းသတင်းစာပါ အများသိစေရန် ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)စံပြရိပ်ကွက်၊ မြေကွက်အမှတ် ၂၈၇၊ အိမ်အမှတ် ၁၀၈၊ မြေအကျယ်အဝန်း (၄၂ပေ×၃၉ပေ)ရှိ မြေကွက်မှာ ယခင်က မင်္ဂလာဒုံမြို့နယ်၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး၊ တပ်မြေယာယီလက်ဝယ်ထားပိုင်ခွင့်လက်မှတ်ဖြင့် ဒေါ်တင်လှ၏ ခင်ပွန်း ဦးဝင်းနောင် အမည်ပေါက်မြေကွက်ဖြစ်ခဲ့သော်လည်း အဆိုပါမြေကွက်အား ၁-၂-၂၀၁၂ ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်တင်လှထံမှ ဒေါ်လဲ့လဲ့မြင့်က ဝယ်ယူခဲ့ကြောင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများပြသ၍ မြေတစ်စိတ်တစ်ပိုင်းအားရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်မဒေါ်တိုးတိုးလှိုင်က အဆိုပါမြေကွက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အလျား ၁၇ပေ၊ အနံ ၃၉ပေရှိ မြေကွက်အား ၁၆-၅-၂၀၁၇ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် သက်သေများရှေ့တွင် ငွေအကျေပေးချေဝယ်ယူခဲ့ပြီးဖြစ်သောကြောင့် ဒေါ်တင်လှ၏ ကြေညာချက်တွင်ပါရှိသော အကြောင်းအရာများမှာ မှန်ကန်ခြင်းမရှိပါသဖြင့် ဤရှင်းလင်းကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ၄-၁၂-၂၀၁၇ ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ ဒေါ်တင်လှ၏ အများသိစေရန် ကြေညာခြင်းအား ရုပ်သိမ်းပေးပါရန်နှင့် ပြန်လည်ရုပ်သိမ်းခြင်းမပြုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တိုးတိုးလှိုင်(ဘ)ဦးစောမြင့် ၁၂/မဂဒ(နိုင်)၀၀၂၃၈၁**
**ညောင်ဦးလေဆိပ်၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၄၂၂၇၁၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဖလမ်းခရိုင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မျက်ကွယ်ကွေ့လမ်းတာချဲ့ခြင်းလုပ်ငန်း၊ Guard Rail တပ်ဆင်ခြင်းလုပ်ငန်း၊ ရိုပ်သာ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် လမ်း/တံတား လုပ်ငန်းများအတွက် အောက်ပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၁။ ဘိလပ်မြေ ၂။ သံချောင်းရှယ်စုံ

၂။ လုပ်ငန်းတင်ဒါအတွက် အသေးစိတ်စာရင်းနှင့်တည်ဆောက်ရေးသုံးပစ္စည်းများ၏ အသေးစိတ်စာရင်းများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့၌ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ (ရုံးဖုန်း-၀၇၀-၄၀၀၅၈)

၃။ တင်ဒါလျှောက်လွှာပုံစံများအား လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့တွင် ၁၆-၁၂-၂၀၁၇ရက်မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပိတ်မည့်ရက်** | - | ၂၇-၁၂-၂၀၁၇ရက် |
| **တင်ဒါရွေးချယ်မည့်ရက်** | - | ၂၉-၁၂-၂၀၁၇ရက် |
| **တင်ဒါရွေးချယ်မည့်နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့ |

## (၂)လပြည့်လွမ်းဆွတ်သတိရခြင်း

ကျေးဇူးရှင် ဖခင်ကြီး ဦးသန်းစိန် ကွယ်လွန်သွားသည်မှာ ၁၃-၁၂-၂၀၁၇ရက်တွင် (၂)လပြည့် သွားပြီဖြစ်သော်လည်း ကျန်ရစ်သူမိသားစုမှာ တစ်နေ့မှ မေ့မရဘဲ လွမ်းဆွတ်သတိရ အောက်မေ့နေကြသည်။ ဖခင်ကြီး ဦးသန်းစိန်ကို ရည်စူး၍ လှူဒါန်းသမျှကုသိုလ် အဝဝကိုလည်း ဖခင်ကြီး ရောက်ရာအရပ်မှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**
**ဦးချစ်ခိုင်(အောင်သိဒ္ဓိ သက်န်းတိုက်(ခေတ္တ-ကိုရီးယား)**
**-ဒေါ်အေးအေးမူ(သမီးငယ်)**
**မောင်လင်းသန့်အောင်(မြေး)**
**မဇီဇဝါချစ်ခိုင်(မြေး)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ မြေညီထပ်၊ ဆိုင်အမှတ် ၄၅၀သည် ကျွန်တော်၏အဒေါ် ဒေါ်ဝင်းစိန်အမည်ဖြင့် ချထားပေးသောဆိုင်ခန်း ဖြစ်ပါသည်။ ဒေါ်ဝင်းစိန်သည် ၂၃-၈-၂၀၀၅ရက်တွင် ကွယ်လွန်ခဲ့ပါသဖြင့် အထက်ပါ မင်္ဂလာဈေး မြေညီထပ်ဆိုင်အမှတ် ၄၅၀အား မိသားစုဝင်တူဖြစ်သူ ဦးနိုင်ဦး အမည်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဈေးတာဝန်ခံရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြေညာအပ်ပါသည်။

**ဦးနိုင်ဦး ၁၂/မဂတ(နိုင်)၀၁၇၇၆၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၈၀၅၇၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**တွဲဘက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဟ/၉၆၆၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**တွဲဘက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/7903, Mitsubishi Mini Cub U61T,P.L(4x2)R ယာဉ်လက်ဝယ်ရှိသူ KHAING ZIN PHYO Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/8625, Hyundai Porter II,p/u(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူဝင်း ၁၂/မဂဒ(နိုင်)၁၀၁၄၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်တင်အေး၁၀/မလမ(နိုင်)၂၄၄၈၀၂၏ (Passport-No)မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့ကျောင်းစုရပ်ကွက်၊ ဓမ္မာရုံလမ်းသစ်တန်းလမ်းနေ ဦးစောမိုးလွင် ၇/သဝတ(နိုင်)၀၈၁၉၆၂ နှင့် ဒေါ်မာလာဝင်း ၇/သဝတ(နိုင်) ၀၈၁၉၆၆ တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးစောမိုးလွင်၊ ဒေါ်မာလာဝင်းတို့၏သား မောင်ရန်အောင်မောင်မောင် ၇/သဝတ(နိုင်)၁၄၇၈၈၆သည် မိခင်၊ဖခင်တို့၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်မှန်သမျှတို့ကို လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဝင်း** | **ဒေါ်ငွေးသန္တာဝင်း** |
| **B.A(Law),LL.B** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(၃၄၄၇)** | **အထက်တန်းရှေ့နေ(၃၄၄၇)** |
| **အမှတ် ၁၂၅၊** | **ဓမ္မာရုံလမ်းသစ်တန်းလမ်း** |
| **အရှေ့လက်ပံခုန်ရပ်ကွက်** | **ကျောင်းစုရပ်ကွက်၊** |
| **သုံးဆယ်မြို့၊ သာယာဝတီခရိုင်** | **သာယာဝတီမြို့နယ်** |
| **ပဲခူးတိုင်းဒေသကြီး** | |

## လားရှိုးတက္ကသိုလ် ဒသမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ လားရှိုးတက္ကသိုလ်က ကျင်းပခဲ့သည့် ၂၀၁၆-၂၀၁၇ပညာသင်နှစ်(ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများ အတွက် လားရှိုးတက္ကသိုလ် ဒသမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအတိုင်းအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်-

**အစမ်းလေ့ကျင့်ရက်**

**၂-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၀နာရီ (ပထမပိုင်း+ဒုတိယပိုင်း)**
(၁) ဝိဇ္ဇာဘွဲ့/ဝိဇ္ဇာဂုဏ်ထူးဘွဲ့/မဟာဝိဇ္ဇာဘွဲ့(မြန်မာစာ+ပထဝီဝင်)
(၂) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ)
(၃) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့(ရူပဗေဒ+ဘူမိဗေဒ)

**၂-၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီ (တတိယပိုင်း+စတုတ္ထပိုင်း)**
(၁) ဝိဇ္ဇာဘွဲ့(သမိုင်း)
(၂) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့(သင်္ချာ+ရက္ခဗေဒ)
(၃) ဝိဇ္ဇာဘွဲ့/ဝိဇ္ဇာဂုဏ်ထူးဘွဲ့/မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ+ဒဿနိကဗေဒ)
(၄) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့(သတ္တဗေဒ)

**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်**

**၃-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀နာရီ**
(၁) ဝိဇ္ဇာဘွဲ့/ဝိဇ္ဇာဂုဏ်ထူးဘွဲ့/မဟာဝိဇ္ဇာဘွဲ့(မြန်မာစာ+ပထဝီဝင်)
(၂) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ)

**မွန်းလွဲ ၂နာရီ**
(၁) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့(ရူပဗေဒ+ဘူမိဗေဒ)

**၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ**
(၁) ဝိဇ္ဇာဘွဲ့(သမိုင်း)
(၂) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့(သင်္ချာ+ရက္ခဗေဒ)

**မွန်းလွဲ ၂နာရီ**
(၁) ဝိဇ္ဇာဘွဲ့/ဝိဇ္ဇာဂုဏ်ထူးဘွဲ့/မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ+ဒဿနိကဗေဒ)
(၂) သိပ္ပံဘွဲ့/သိပ္ပံဂုဏ်ထူးဘွဲ့/မဟာသိပ္ပံဘွဲ့(သတ္တဗေဒ)

လျှောက်လွှာတင်သွင်းရမည့်ရက်- ၁၄-၁၂-၂၀၁၇ရက် မှ ၁၂-၁-၂၀၁၈ရက်အထိ

**ဘွဲ့နှင်းသဘင်ကြေး**- တက်ရောက်ဘွဲ့ ၁၅၀၀-ကျပ်တစ်ထောင့်ငါးရာတိတိ
- အဝေးရောက်ဘွဲ့ ၁၀၀၀-ကျပ်တစ်ထောင်တိတိ

(ယခင်ဘွဲ့နှင်းသဘင်များတွင် လျှောက်ထားခဲ့ခြင်း မရှိသေးသူများအနေဖြင့် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။)

၂။ လျှောက်လွှာတင်သွင်းရာတွင် ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ယူမည် တိကျစွာဖော်ပြရမည့်အပြင် တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော ၂လက်မ၊ ၁လက်မခွဲအရွယ် ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့နှင့် ပူးတွဲလျက်လျှောက်ထားရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်ထားတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါကလားရှိုးတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့သဘင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်-ဖုန်း-၀၈၂-၂၃၃၇၃၊ ၀၈၂-၂၃၉၅၂

**(လှမိုးအောင်)**
**မော်ကွန်းထိန်း၊ လားရှိုးတက္ကသိုလ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ တံတိုင်းဒါယိကာမကြီး

### ဒေါ်နု
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ တိုက် ၄၊ အခန်း ၂၄နေ (ဦးကြွယ)၏ဇနီး၊ (ဒေါ်တင်တင်ဦး)၊ ဒေါ်သန်းငွေး၊ (ဦးဇော်ဝင်း)-ဒေါ်ခင်သန်းအေး၊ ဦးဖိုးထောင်-ဒေါ်စန်းစန်းရီ၊ (ဦးကျော်ဝင်း)၊ ဒေါ်လှိုင်လှိုင်တင်၊ ဒေါ်ခင်ထွေးရီတို့၏မိခင်၊ မြေးလေးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ရက် (စနေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး

### ဒေါ်နီနီ
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၇၆၂နေ (ဦးဖူးညို-ဒေါ်ငွေရီ)တို့၏သမီး၊ (ဦးဘသက်-ဒေါ်ကီကီ)တို့၏ချွေးမ၊ (ဗိုလ်ကြီးလှဘော်)၏ဇနီး၊ (ဒေါ်ခင်ခင်သန်း)၊ ဒေါ်ခင်ခင်နု(ခ) Margarete Hla Baw(ILO)(ငြိမ်း)၊ ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)-ဒုဗိုလ်မှူးကြီးဒေါ်ခင်စန်းစန်း(ငြိမ်း)၊ ဦးမောင်မောင်စိုး(သစ်တောဦးစီး-ငြိမ်း)-ဒေါ်ငွေးငွေးရီ(အမက-၂၈၊ တာမွေ)၊ ဒေါ်သန်းသန်းဝင်း(အလက-၄၊ သဃ်္ဃန်းကျွန်း)၊ ဒေါ်သော်တာလှဘော်၊ ဗိုလ်မှူးကြီး ခင်ဇော်-ဒေါ်လဲ့လဲ့တို့၏မိခင်၊ မြေး၁၃ယောက်၊ မြစ်၁၃ယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်မသိန်းစိန် (စစ်တွေ)
### အသက်(၈၉)နှစ်

မြောက်ဦးမြို့နယ်၊ မြောင်းဘွေကျေးရွာနေ (ဦးချက်ဖား-ဒေါ်စောယဉ်)တို့၏သမီး၊ (ဦးအောင်ကျော်စိန်)ဌာနခွဲစာရေးကြီး၊ ငြိမ်း၊ အကျဉ်းဦးစီးဌာန(စစ်တွေ)၏ဇနီး၊ ဒေါ်ခင်ခင်နွဲ့(အထပြ၊ အထက-၁၊ စစ်တွေ၊ ငြိမ်း)၊ ဦးစန်းဝင်း- ဒေါ်မြမြသန်း၊ ဒေါ်သဇင်နွယ်(လက်ထောက်ကြီးကြပ်၊ စစ်တွေမြို့နယ် ပညာရေးမှူးရုံး)၊ ဦးချစ်ကိုကို(C/E, Woqod Marine)-ဒေါ်အေးအေးခိုင် (ကထိက၊ IMCEITS သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာန)တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘောင်ရှင်သည် ၁၁-၁၂-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် တိုက်၃၊ အခန်း၃၀၅၊ ၁၅၄လမ်း၊ တာမွေကြီး (က+ခ) ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အားပေးချီးမြှင့်သည်။

ပြပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဦးသိန်းဆွေ၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မဏိရတနာကျောက်စိမ်းခန်းမ၌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နှင့်အဖွဲ့ဝင်များအား ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရောင်းချမည့် အခြေအနေများကို Video Clip ဖြင့် ပြသသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❇



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ ကျောက်စိမ်းအတွဲများကို ကြည့်ရှုစဉ်။ သတင်းစဉ်

# လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ စာပေညီလာခံ ၂၀၁၇ ဖွင့်ပွဲကျင်းပ

## စာပေသမားများဟာ အသိပညာဗဟုသုတများနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြကူညီနိုင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးဦးတို့က စာပေညီလာခံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်




**ရန်ကုန် ဒီဇင်ဘာ ၁၂**

'လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ' ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် စာပေညီလာခံ ၂၀၁၇ ဖွင့်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့တော် ခန်းမရှေ့ စင်မြင့်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ စာပေညီလာခံ ၂၀၁၇

*စာမျက်နှာ ၃ ကော်လံ ၁* ❖



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၃၃ ရက်၊ ဗုဒ္ဓဟူးနေ့




# မြို့တော်ရန်ကုန် ၏ နှစ်သစ်ကူးအကြိုမြင်ကွင်းများ

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း

**ငွေနှင်းမှုန်တို့နှင့် ဝေးကွာနေသော မြို့တော်ရန်ကုန်က ဆောင်းတွင်းကာလ ရောက်လာသည့်တိုင် အအေးဓာတ်က လွန်လွန်ကဲကဲမရှိလှပေ။ ညဥ့်နက်ပိုင်းရောက်မှသာ အအေးဓာတ်က အနည်းငယ် ပိုလေ့ရှိသည်။ တိုက်တာအဆောက်အအုံများကြားရှိ တစ်ပင်စ၊ နှစ်ပင်စသာရှိသော သစ်ပင်ကြီးကြီး ငယ်ငယ်တို့က ရန်ကုန်သူ ရန်ကုန်သားတို့အတွက် နှင်းပွင့်နှင်းမှုန်တို့ကို ဆွဲဆောင်နိုင်စွမ်း မရှိတော့ချေ။ မုန်တိုင်းအရှိန်ကြောင့် ရှာသွန်းသော အခါလွန်မိုးကလည်း ရန်ကုန်မြို့ကို နှုတ်ဆက်နေသလိုပင်။**

ဆောင်းရာသီ ဒီဇင်ဘာလအတွင်း ဝင်ရောက်လာသည်နှင့် နှစ်တစ်နှစ်ကို နှုတ်ဆက်ရမည်ဟူသောအသိက ရန်ကုန်နေပြည်သူတို့၏ အတွေးထဲသို့ ဝင်ရောက်လာလေ့ရှိသည်။ ကရင်လူမျိုးများအတွက် ကရင်နှစ်သစ်ကူးနေ့၊ ခရစ်ယာန်ဘာသာဝင်များအတွက် ခရစ္စမတ်နေ့များကလည်း ဒီဇင်ဘာလအတွင်း ရုံးပိတ်ရက်များအဖြစ် စောင့်ကြိုလျက်ရှိသည်။ ယခု ၂၀၁၇ ခုနှစ်သည် မြန်မာနိုင်ငံအတွင်းရှိ ခရစ်ယာန်ဘာသာဝင်များအတွက် ထူးခြားသော နှစ်တစ်နှစ်ဟုလည်း ဆိုနိုင်သည်။ တစ်ကြိမ်တစ်ခါမျှ လာရောက်ဖူးခြင်းမရှိသော ပုပ်ရဟန်းမင်းကြီးသည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့်အတွက် ခရစ်ယာန်ဘာသာဝင်များက သောင်းသောင်းဖြဖြ ခရီးဦး ကြိုဆိုခဲ့ကြသည်။ လူမျိုးရေး၊ ဘာသာရေးအထိမ်းအမှတ်နေ့များအပြင် နှစ်သစ်ကူးပြောင်းမည့် ညတစ်ညကလည်း ဒီဇင်ဘာလ၏ နောက်ဆုံးရက်တွင် စောင့်ကြိုလျက်ရှိသည်။

မြို့တော်ရန်ကုန်၏ လမ်းအချို့တွင် ခရစ်ယာန်ဘာသာဝင်တို့၏ ဆုတောင်းဓမ္မတေးသံများကို မကြာမီ စတင်ကြားရတော့မည်ဖြစ်သည်။ ခရစ္စမတ်နေ့နှင့် နှစ်သစ်ကူးနေ့များ နီးကပ်လာသည်နှင့် ရန်ကုန်မြို့သည် ပို၍ လှုပ်ရှားအသက်ဝင်လာသည်။ လမ်းများတွင် ရောင်စုံမီးများထွန်းညှိလာခြင်း၊ ခရစ္စမတ်သစ်ပင်များ စိုက်ထူလာခြင်းတို့က နှစ်တစ်နှစ်ကုန်ဆုံးတော့မည့် အချိန်ကာလကို အသိပေးနေသလိုပင် ဖြစ်သည်။ ယခုနှစ်တွင် မြို့တော်ရန်ကုန်၏ နှစ်သစ်ကူးအကြို မီးအလှထွန်းညှိခြင်းကို ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဗိုလ်ချုပ်ဈေးအနီးတွင် စတင် မြင်တွေ့ရပြီဖြစ်သည်။ Merry Chrismas, Happy New Year 2018 ဟူသော မီးအလှစာတန်းကြီးမှာ ဗိုလ်ချုပ်ဈေး လူကူးခုံးတံတား၏အထက်တွင် နေရာယူထားသည်။ မကြာသေးမီ လပိုင်းအတွင်းက ဖွင့်လှစ်ခဲ့သော Junction City မှာလည်း အတွင်း၊ အပြင် ခရစ္စမတ်နှင့် နှစ်သစ်ကူးအတွက် မီးရောင်စုံတို့ဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရသည်။

ရန်ကုန်မြို့လယ်ကောင်ရှိ Junction City တွင် ခရစ္စမတ်နှင့် နှစ်သစ်ကူး တို့အတွက် အကြိုပြင်ဆင်ထားမှုများအကြောင်းကို "ကျွန်မတို့ဆီမှာ ခရစ္စမတ်နဲ့ ပတ်သက်ပြီး စင်တာထဲမှာဆိုရင် Christmas Tree အကြီးကြီးလည်း ဆင်ထားပါတယ်။ နောက်ပြီး Level-1 ကနေLevel -4 အထိကို ခရစ္စမတ်နဲ့ဆိုင်တဲ့ Decoration လေးတွေကို တစ်ခုစီဆင်ထားပါတယ်။ Level-1 ကတော့ Christmas Tree ပေါ့နော်။ Level-2 မှာကျတော့ စနိုးလေးတွေကျနေတဲ့ ကောင်မလေးရုပ်လေးပေါ့၊ Level-4 မှာကျတော့ Christmas Tree နဲ့ သမင်ဒီဇိုင်းကို မီးလေးတွေနဲ့လှအောင် ပြင်ဆင်ထားပါတယ်၊ ပြီးတော့ ဗိုလ်ချုပ်ဈေးရှေ့ ဗိုလ်ချုပ်လမ်းမပေါ်မှာဆိုရင် မီးအလင်းလေးတွေ ဒီဇိုင်းစုံလေးတွေပေါ့။ မီးအလင်းရောင် လှလှပပလေးတွေ စီစဉ်ထားပါတယ်၊ ဒီမီးအလှတွေကို လွန်ခဲ့တဲ့ တစ်ပတ်လောက်ကစပြီး စီစဉ်ထားတာပါ"ဟု ဈေးကွက်ဌာနမှ မခိုင်ဝါအောင်က ပြောသည်။

ထို့ပြင် ရန်ကုန်မြို့တော်ရှိ ဟိုတယ်ကြီးများ၊ ဈေးဝယ် စင်တာများသာမက ဆိုင်အချို့တွင်လည်း နှစ်သစ်ကူးအကြို ပြင်ဆင်မှုများကို တွေ့လာရပြီဖြစ်သည်။ ခရစ္စမတ်အမှတ်အသားဖြစ်သည့် ဦးထုပ်နီကလေးများကို ဆောင်းကာ အရောင်းမြှင့်တင်မှုများကိုလည်း ဆိုင်အချို့တွင် တွေ့မြင်လာရသည်။ မြို့တော်ရန်ကုန်ရှိ နှစ်သစ်ကူးမီးအလှကိုကြည့်ရင်း အခြေခံပညာ ကျောင်းသား ကျောင်းသူလေးများကလည်း အတန်းတင်စာမေးပွဲမတိုင်မီ နောက်ဆုံးလပတ်စာမေးပွဲ ဖြေဆိုရက်ကို လက်ချိုးရေတွက်ကာ ဟိုဟိုဒီဒီသွားလာရန် မိဘများကို ပူဆာတတ်သောအချိန်ဖြစ်သည်။ လူနေသိပ်သည်းသော မြို့ပြအရိပ်ကို ညည်းငွေ့လာသော ရန်ကုန်သားတို့ကလည်း မိုးအတိတ်တွင် နယ်အရပ်သို့ ခရီးဆန့်လိုကြသည်။

ရန်ကုန်မြို့၏ ညဥ့်ဦးယံအချိန် လမ်းမများပေါ်တွင် ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင်တို့သို့ ဦးတည်သွားမည့် ခရီးသွား ကားကြီးများကိုလည်း တစ်စီးပြီးတစ်စီး တွေ့လာရပြီဖြစ်သည်။ပုဂံ-ညောင်ဦး-ပုပ္ပားခရီးစဉ်ကို မေးမြန်းစုံစမ်းသူများလည်း ကားလက်မှတ်အရောင်းဌာနများတွင် ခပ်စိတ်စိတ် တွေ့လာရသည်။ တစ်ပိုင်တစ်နိုင် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများကလည်း ခရီးစဉ်သစ်များကို လူမှုကွန်ရက်စာမျက်နှာများတွင် ထည့်သွင်းကြော်ငြာလာကြသည်။ မော်လမြိုင်၊ ထားဝယ်ခရီးတို့ကလည်း

**အချပ်ပို(ခ)သို့**

# ရန်ကုန်မြို့ပြ ခရီးသွားနှင့် မြို့ပတ်ရထား



**လမ်း**မတော်ဘူတာတွင် မြို့ပတ်ရထားစောင့်နေသည့် ခရီးသည်အတော်များနေပြီး ရထားကမလာသေး၊ ရန်ကုန်ဘူတာကြီးမှ ထွက်လာမည့် ရထားကို စီးပြီး အိမ်ပြန်ရန် စိတ်ကူးဖြင့် လမ်းမတော်ဘူတာဆီသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ လမ်းမတော် ဘူတာရောက်မှ မြို့ပတ်ရထားမစီးဖြစ်ခဲ့သည်မှာ တစ်နှစ်ခန့်ရှိရော့မည်ဟု အတွေးဝင်မိသည်။ ကားမှတ်တိုင်နှင့်နီးပြီး ရထားဘူတာနှင့် အလှမ်းဝေး၍လည်း မြို့ပတ် ရထားကို မစီးဖြစ်ခဲ့ခြင်းဖြစ်သည်။ ယခုရထားအလာကို စောင့်ရင်း လမ်းမတော် ဘူတာကို လှေ့လာကြည့်လိုက်လျှင် ထူးထူးခြားခြား သစ်သစ်လွင်လွင်ဖြစ်နေသည်ကို သတိပြုမိလိုက်သည်။

မြို့ပတ်ရထားစီးခရီးသည်များ အဆင်ပြေရန်နှင့် ရန်ကုန်မြို့ပတ်ရထားဘူတာများကို အဆင့်မြှင့်တင်မှု၊ အသစ်တည်ဆောက်မှုများ ပြုလုပ်နေသည်ဟု သတင်းကြားသိထားသော်လည်း ဘူတာများသို့ မရောက်ဖြစ်၍ မျက်မြင်မတွေ့ခဲ့ရ။ ယခုမှ ကိုယ်တိုင်တွေ့ရှိခြင်းဖြစ်သည်။ ရန်ကုန်မြို့ပတ်ရထားဘူတာရုံပေါင်း ၃၈ ဘူတာနှင့် ဆင်ခြေဖုံးရှိ ဘူတာ ၁၇ ဘူတာ ရှိနေရာ ရထားကိုသာ နေ့စဉ်အားထားစီးနေရသည့် ရန်ကုန်မြို့နေပြည်သူများအတွက် ဘူတာရုံ၏ အခင်းအကျင်း၊ ဝန်ဆောင်မှုပေးနိုင်မှုများက အားနည်းချက်များရှိနေခဲ့သည်။

ရန်ကုန်မြို့ပတ်ရထားစီးခရီးသည်များ ဘူတာမှ ရထားပေါ်တက်ရောက်ရာတွင် အဆင်ပြေစေရန် ဘူတာစင်္ကြံများကို အဆင့်မြှင့်တင်ပြုပြင်မှုများပြုလုပ်နေရာ ဘူတာအချို့ပြီးစီးနေပြီကို တွေ့မြင်ရသည်။ ရန်ကုန်မြို့ပတ်ရထားများနှင့် ဘူတာ စင်္ကြံအနေအထားမှာ ခရီးသည်များအတွက် အဆင်မပြေမှုများရှိနေရာ ယခုအခါ ရထားအဆင်းအတက် အဆင်ပြေစေရန် မြန်မာ့မီးရထားက စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

ယခင်က ကိုယ်တိုင်ရထားစီးသည့်အခါ အဆင်းအတက်များတွင် ရထားတွဲရှိ ခရီးသည်အတက်အဆင်းပြုလုပ်ရာ တံခါးပေါက်မှာ လှေကားနှစ်ထစ်ခန့် တက်ရောက်မှသာ ရထားပေါ်ရောက်ရှိနိုင်လေသည်။ ဘူတာစင်္ကြံပလက်ဖောင်းနှင့် ရထားတွဲပေါ်တက်ရန် လှေကားထစ်က သိပ်အဆင်မပြေလှ။ အထူးဂရုစိုက်ပြီး တွဲပေါ်တက်ရသည်။ သို့မဟုတ်ပါက မတော်တဆတစ်ခုခု ဖြစ်သွားနိုင်လေသည်။

ယခု ဂျပန်နှင့် စာချုပ်ချုပ်ဆို ဝယ်ယူမည့် ရထားတွဲများနှင့် လက်ရှိ ပြေးဆွဲနေသော RBE ရထား တွဲပေါက်အဆင်း အတက်က မြို့ပတ်ဘူတာများရှိ စင်္ကြံပလက်ဖောင်းများနှင့် အဆင်မပြေဖြစ်နေရာ ပြန်လည် ပြင်ဆင်မှုများ ပြုလုပ်နေခြင်း ဖြစ်သည်။ ရထားစီးခရီးသည် များအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးရန် မြို့ပတ်ဘူတာရုံ များကိုလည်း ပြင်ဆင်နေရာ ဘူတာအချို့ပြီးစီးနေပြီဖြစ်သည်ကို တွေ့ရသည်။

**ရန်ကုန်မြို့ပြလူဦးရေက တဖြည်းဖြည်း တိုးပွားလာသည်ဖြစ်ရာ ဘတ်စ်ကားနှင့် မြို့ပတ်ရထားကို အများဆုံးစီးနင်းသွားလာကြသဖြင့် နေ့စဉ်သွားလာနေကြသည့် ပြည်သူများ အဆင်ပြေစေရန်အတွက် ရန်ကုန်မြို့ပတ်ရထားကို ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ရေး တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေ**

ရန်ကုန်မြို့တွင်း ဘတ်စ်ကားများဖြင့် ခရီးသွားခြင်းမှာ တဖြည်းဖြည်း အဆင်ပြေလာမှုများ ရှိလာပြီဖြစ်သော်လည်း ကားလမ်းပိတ်ဆို့မှု၊ ယာဉ်ကြောကျပ်တည်းမှု၊ စည်းကမ်းမဲ့မောင်းနှင်မှုများကြောင့် အချိန်ကြာမြင့်မှုများရှိနေဆဲဖြစ်သည်။ YBS စနစ်မှာ ယခင်ကထက် ပြည်သူများယုံကြည် အားကိုးမှုရှိလာပြီမှာ လက်ခံရမည်ဖြစ်သော်လည်း ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက် ကြုံတွေ့နေရဆဲဖြစ်သည်။

ထိုဒုက္ခများကို ရှောင်လွှဲရန် ရထားစီးသူများ များပြားလာသည်ဖြစ်ရာ ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှု စနစ်ကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

မြို့ပတ်ရထားခရီးစဉ်သည် တစ်နေ့လျှင် မြို့ပတ်ရထားအခေါက်ရေ ၂၀၅ ကြိမ်ရှိရာ ခရီးသည်များအတွက် အချိန်ကုန် သက်သာစေရန်လည်း မြန်မာ့မီးရထားနှင့် JICA တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းသည် စုစုပေါင်းအရှည် ၂၉ မိုင်ခွဲရှိရာ ရထားပြေးဆွဲချိန်မှာ တစ်ပတ်လျှင် ၂ နာရီနှင့် မိနစ် ၅၀ ခန့် ကြာလေသည်။ မြို့ပတ်ရထားကို အားကိုးပြီး လိုက်ပါစီးနင်းသူ ခရီးသည်များအတွက် မြို့ပတ်ရထားစီးချိန် လျော့ကျစေရန် ရထားသံလမ်းများကိုလည်း အဆင့်မြှင့်တင်မှုပြုလုပ်နေကြောင်း သိရသည်။ မြို့ပတ်ရထားသံလမ်းများ အဆင့်မြှင့်တင်မှု ပြုလုပ်ပြီးပါက မြို့ပတ်ရထား မောင်းနှင်ချိန်မှာ မူလကထက် တစ်နာရီခန့် လျော့ကျသွားနိုင်မည်ဖြစ်သည်။

မြို့ပတ်ရထားမောင်းနှင်ချိန် တစ်နာရီလျော့နည်းသွားသဖြင့် ရထားစီးခရီးသည်များအတွက် အချိန်တစ်နာရီ သက်သာသွားမည်ဖြစ်ရာ လိုရာခရီးကို မြန်မြန်ရောက်ရှိနိုင်တော့ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဘူတာရုံများအသစ်ပြန်လည်တည်ဆောက်ခြင်းများလည်း ပြုလုပ်ရာ လောလောဆယ်တွင် အလုံ၊ လမ်းမတော်၊ ဟံသာဝတီ၊ ရှမ်းလမ်း၊ ပန်းလှိုင် ဘူတာများကို အသစ်ပြန်လည်တည်ဆောက်ပြီးနေပြီဖြစ်ကြောင်း သိရသည်။ တစ်ဆက်တည်းမှာပင် ဘူတာရုံပလက်ဖောင်းစင်္ကြံများကိုလည်း ရထားတွဲများနှင့် အံဝင်ခွင်ကျဖြစ်အောင် ပြုပြင်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့ပတ်ဘူတာရုံများတွင် မြို့ပတ်ရထားစီးရန် စတင်ရောက်ရှိချိန်၊ နားနေချိန်၊ ရထားတွဲပေါ်တက်ချိန်နှင့် ရထားစီးနင်းချိန်တို့တွင် ခရီးသည်များအတွက် ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ရန် စီစဉ်နေခြင်းဖြစ်ရာ ၂၀၁၈ ခုနှစ်အတွင်း အဆင့်မြှင့်တင်ထားသည့် မြို့ပတ်ဘူတာရုံ အများအပြား ထွက်ပေါ်လာတော့မည်ဖြစ်သည်။

ရန်ကုန်မြို့ပြလူဦးရေက တဖြည်းဖြည်း တိုးပွားလာသည်ဖြစ်ရာ ဘတ်စ်ကားနှင့် မြို့ပတ်ရထားကို အများဆုံးစီးနင်းသွားလာကြသဖြင့် နေ့စဉ်သွားလာနေကြသည့် ပြည်သူများ အဆင်ပြေစေရန်အတွက် ရန်ကုန်မြို့ပတ်ရထားကို ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ရေး တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခင်က မြို့ပတ်ဘူတာအများစုတွင် ခရီးသည်များအတွက် ထိုင်ခုံပင်လုံလုံလောက်လောက်မရှိခဲ့။ ဘူတာရုံများ၏ ဥပဓိရုပ်များလည်း ကောင်းမွန်ခြင်းမမြင်ရ။ မြို့ပတ်ရထားများ ဝင်ချိန်၊ ထွက်ချိန်လည်း မသေချာ မတိကျခဲ့။ ယခုအချိန်တွင် ဘူတာရုံများ အဆင့်မြှင့်တင်မှုပြုလုပ်နေပြီဖြစ်ရာ ရထားစီးခရီးသည်များအတွက် သက်သောင့်သက်သာထိုင်ကာ ရထားစောင့်ပြီး စီးနိုင်အောင် စီစဉ်နေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မြို့ပတ်ဘူတာအချို့သာ အဆင့်မြှင့်တင်မှုပြုလုပ်ပြီးသော်လည်း စီမံကိန်းအရ မြို့ပတ်ဘူတာရုံများကို ဆက်လက်အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိသည်။ မြို့ပတ်ဘူတာရုံများလည်း ရထားစီးခရီးသည်များအတွက် သက်သက်သာသာစောင့်ဆိုင်းပြီး ရထားစီးနိုင်ရန် စီစဉ်နေခြင်းဖြစ်ရာ မကြာမီ မြို့ပတ်ဘူတာရုံသစ်များ ထွက်ပေါ်လာတော့မည်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံအများအပြားတွင် မြို့ပတ်ရထား၊ မြေအောက်ရထား ပြေးဆွဲမှုများက အရှိန်အဟုန်ဖြင့် အောင်မြင်လျက်ရှိပြီး ရထားစီးခရီးသည်များအတွက် ယုံကြည်မှုအခိုင်အမာ ရရှိထားသည့် အနေအထား ရောက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားအများစု ဝင်ရောက်၊ ထွက်ခွာရာ မြို့လည်းဖြစ်သည်။ လူနေထိုင်မှုတွင်လည်း မြန်မာနိုင်ငံ၌ အများဆုံးဖြစ်ရာ မြို့ပတ်ရထားပြေးဆွဲမှုစနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်အောင် ကြိုးစားနေခြင်းဖြစ်သည်။

လမ်းမတော်ဘူတာရုံ ပြင်ဆင်တည်ဆောက်ထားမှုကို ကြည့်ရှုရင်း ရန်ကုန်မြို့ပတ်ရထားအကြောင်း အတွေးလွန်သွားရာမှ လမ်းမတော်ဘူတာသို့ မြို့ပတ်ရထား ဝင်ရောက်ဆိုက်ကပ်တော့မှ အတွေးပြတ်သွားသည်။ အဆင်း၊ အတက် လူများဖြင့် တစ်ခဏတာ ရှုပ်ထွေးသွားပြီးနောက် ရထားထွက်သွားရာ ရထားတွဲပေါ်တွင် ခရီးသည်က အပြည့်။ ရန်ကုန်မြို့ပတ်ရထားစီးနင်းမှုအပေါ် နေ့စဉ် ခရီးသွားပြည်သူများ၏ ယုံကြည်အားထားမှုရရှိစေရန် ဆက်လက်အားထုတ်နေရဦးမည်ဖြစ်သည်။ ။

**သတင်း-ဝေယံဦး၊ ဓာတ်ပုံ-ကေဇင်**

**မြို့တော်ရန်ကုန်၏ နှစ်သစ်ကူးအကြိုမြင်ကွင်းများမှ**

အသက်အရွယ်ရလာသော ရန်ကုန်သားကြီးများ၏ ရွေးချယ်စရာခရီးစဉ်တစ်ခုဖြစ်လာသည်။ မြို့ပြရန်ကုန် ဆူညံသံများနှင့် ဝေးရာသို့ ခေတ္တပြေးလိုသော ရန်ကုန်သူတို့က မြေရနံ့သင်းသင်းရှိရာ မြို့ပြင်ခရီးကို နှစ်သက်ကြသည်။

ဆယ်ကျော်သက်အရွယ် လူငယ်လူရွယ်များကလည်း နှစ်သစ်ကူးညကို တေးဂီတသံတို့ဖြင့် အော်ဟစ်ကခုန် ဖြတ်သန်းလိုကြသည့်အတွက် တေးဂီတဖျော်ဖြေရေးစင်မြင့်ရှိရာ အရပ်ကို နားစွင့်နေကြသည်။ အင်းလျားကန်ပေါင်နှင့် ကန်တော်ကြီးပတ်လည်တွင် ဆောင်းလေညင်းအရသာကိုခံစားရင်း နှစ်သစ်ကူးညကို ဖြတ်သန်းရန် ရန်ကုန်မိသားစုများက တိုင်ပင်နေကြသည်။ မြို့ပြလုံခြုံရေးကို တာဝန်ယူထားသော အဖွဲ့များက ယခုနှစ်အတွင်း အများသူငါသွား လမ်းမများတွင် အရက်သေစာသောက်စားမှုများကို အရေးယူမှုများ ရှိနေသည့်အတွက် အချို့က အိမ်ပြင်ထွက်ရန်ထက် အိမ်တွင်းခြံဝိုင်းမှာသာ ကြိတ်ဝိုင်းလုပ်ရင်း နှစ်သစ်ကူးညကို ကျော်ဖြတ်ရန်တာစူနေကြသည်။ မြို့တော်ရန်ကုန်ရှိ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများကလည်း နှစ်သစ်ကူးအစားအသောက်များကို သူ့ထက်ငါ ကောင်းမွန်အောင် စီစဉ်ထားကြပြီး အထူးအစီအစဉ်များဖြင့် ဝန်ဆောင်မှုများပေးရန် ပြင်ဆင်လျက်ရှိသည်။ ဈေးဝယ်စင်တာများ၊ လူ့အသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များကလည်း နှစ်သစ်ကူး အထူးလျှော့ဈေးဖြင့် ဈေးဝယ်သူတို့ကို ဆွဲဆောင်လျက်ရှိသည်။

အေးမြသောဆောင်းလေညင်းနှင့်အတူ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၏ နောက်ဆုံးရက်များသည်လည်း တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးလာလျက်ရှိသည်။ ရန်ကုန်မြို့ပြနေပြည်သူတို့ကလည်း နှစ်သစ်တစ်နှစ်ကို စိတ်အားထက်သန်စွာ စောင့်မျှော်နေကြသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရန် အလုပ်လုပ်နိုင်စွမ်းအားနှင့် အချိန်သည် အလွန်အရေးကြီးပေသည်။ မည်မျှအလုပ်ကြိုးစားသည်ဖြစ်စေ အောင်မြင်မှုရရန် အချိန်ကို စောင့်စားရပေသည်။ ၂၀၁၇ ခုနှစ်အတွင်း မိမိတို့ လုပ်ကိုင်ခဲ့သော အလုပ်အကိုင်များမှ အခွင့်အလမ်းကောင်းများသည် ၂၀၁၈ ခုနှစ်အတွင်း ပေါ်ထွက်လာမည်ဟု မျှော်လင့်ရင်း နှစ်သစ်ကို စိတ်အားထက်သန်စွာ စောင့်ကြိုနေကြသည်။

ထို့ပြင်နှစ်သစ်ကို တရားသဘင်ဖြင့်ကူးပြောင်းရန်ပြင်ဆင်မှုများလည်းရှိနေသည်။ ရန်ကုန်သူ ရန်ကုန်သားတို့အနေဖြင့် မင်္ဂလာရှိသော နှစ်သစ်တစ်ခု၏ ပထမဆုံးနေ့ရက်များကို ရင်ခုန် စိတ်လှုပ်ရှားစွာဖြင့် စောင့်ကြိုလျက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း . . .။



# အမှိုက်ထဲက အတွေးတစ်စ

မောင်မောင်ထွေး



ရန်ကုန်မြို့ပြ ညမြင်ကွင်း



ရန်ကုန် ရဲ့ ယာဉ်ကြောပိတ်ဆို့မှုကို အန်တုဖို့ YBS ကို ရှောင်၊ ရထားလက်မှတ်ကိုဆောင်ရင်း မြို့ပတ်ရထားဘူတာဘက် ကျွန်တော် ခြေဦးလှည့်ဖြစ်တာ ကာလအတန်ကြာပြီပေါ့။

အိုမင်းရင့်ရော်လာတဲ့ ဆင်ခြေဖုံးက မြို့ပတ်ရထားဘူတာလေးတွေနဲ့ ရထားထွက်ချိန်ကို လက်မှတ်အရောင်း ကောင်တာရှေ့က ကတ်ထူပြားလေးပေါ်မှာ ဆော့ပင်ဘောပင်လေးနဲ့ရေးပြီး ထောင်ထားတဲ့ မြင်ကွင်းလေးတွေက ကျွန်တော်တို့ စာသမား၊ ကဗျာသမားများအဖို့ အနုပညာသိပ်မြောက်နေတာပေါ့။

ရန်ကုန်က အခြေခံလူတန်းစား အများစုအတွက်လည်း မြို့ပတ်ရထားဟာ ယခုတိုင် အားထားစရာ ဖြစ်နေဆဲပါ။ ထို့ကြောင့် ဘူတာမှာရထားစောင့်ရင်း သူတို့ရဲ့နိစ္စဓူဝလူမှုဘဝလေးတွေကို တစေ့တစောင်း လေ့လာအကဲခတ်ကြည့်ရတာလည်း စိတ်ဝင်စားစရာပါ။

အမယ်.. ကြံပေါ်တဲ့ရာသီမို့လား မသိဘူး၊ ခရီးသည်အများစုရဲ့လက်ထဲမှာ ကြံချောင်းတွေ ကိုယ်စီနဲ့ပါလား၊ တိုက်ပုံနဲ့လူကြီးလက်ထဲမှာလည်း ကြံ၊ ဘောင်းဘီရှည်နဲ့ မမလက်ထဲမှာလည်း ကြံ၊ နွမ်းနွမ်းပါးပါး လူလတ်ပိုင်းတစ်ဦးရဲ့ လက်ထဲမှာလည်း ကြံ၊ အားလုံး ကြံရည်ဖန်ရည်ကောင်းလာအောင် ကြံစုပ်နေကြတာလား မသိဘူးရယ်လို့တောင် ကြံဖန်တွေးချင်စရာ။

သူတို့စားပြီးသား ကြံဖတ်လေးတွေကို ရထားလမ်းပေါ် ထွေးထွေးပြီး ပစ်ချနေကြတာကလည်း ခရေပင်ထက် ခရေပန်းလေးတွေ ကြွေကျမြေခနေသလို အလွမ်းတစ်ပွင့် ပန်းတစ်ပွင့်ပေါ့။

ရန်ကုန်မှာ ဒီမြင်ကွင်းတွေက အဆန်းမဟုတ်တော့လို့ သို့ကလို ကဗျာဆန်ဆန်အကောင်းမြင်စိတ်နဲ့ပဲ ခံစားကြည့်ရှုရတာ ကောင်းပါတယ်ဗျာ။

စာဖတ်သူက သုတေသနဆန်ဆန် ရှုမြင်သုံးသပ်ကြည့်ချင်တယ်တဲ့လား။ ဟုတ်ကဲ့၊ ရန်ကုန်မှာ သို့ကလို အမှိုက်ကို စည်းကမ်းမဲ့တွေ့ကရာ ပစ်တတ်တဲ့ အသက်အပိုင်းအခြားကို ကြည့်ရင် ကလေးထက် လူကြီးက ပိုများတာပေါ့၊ သုံးဆယ်တန်း၊ လေးငါးဆယ်တန်းတွေပေါ့။

လမ်းပေါ်ကို ကွမ်းတံတွေးတွေ ပျစ်ခနဲထွေးတတ်တာလည်း လူလတ်ပိုင်း ကားသမားအများစုပေါ့။ ဟိုမှာ... ဟိုမှာ ဟွန်ဒါဖစ်ကိုယ်ပိုင်ကားပေါ်က လူ၊ မီးပွိုင့်မိတုန်း ကားတံခါးကို ဖွင့်ပြီး ကားလမ်းပေါ်ကို ကွမ်းတံတွေးတွေ ပျစ်ခနဲထွေးနေပြီ။

စာဖတ်သူမိတ်ဆွေ၊ ဒါရန်ကုန်လေ။ ခင်ဗျားသွား ကန့်ကွက်ရင် "ဒါ ကျွန်တော်တို့မြို့ ကျွန်တော်တို့ ဒီလိုပဲ တစ်သက်လုံး နေခဲ့တာလေ"လို့ သူတို့က ပြန်ပြောကြမှာပါ။

ဘုတ်... ဘုတ်... ဒါကတော့ ကျွန်တော်နေတဲ့ ကန်ထရိုက်တိုက်အပေါ်ထပ်ကနေ ကျွန်တော်တို့ မြေညီထပ်တိုက်နှစ်လုံး ကြားကို ညစဉ်နီးပါး လစ်ရင်လစ်သလို အမှိုက်တွေပစ်ပစ်ချတာလေ၊ ခေတ်တိုင် သုံးလေးတိုင် အကွာအဝေးရှိတဲ့ လမ်းထိပ်က အမှိုက်ပုံးထဲသွားပစ်ရမှာကို မောလို့ထင်ပါရဲ့၊ ဒါကြောင့် ကျွန်တော်တို့ကတော့ အမှိုက်ကစ ပြာသာဒ်မီးလောင်ဖြစ်မှာစိုးလို့ မပြောပါဘူး။

မဟာပထဝီမြေကြီးက သူ့အပေါ်ကို နှပ်တွေ၊ တံတွေး အညစ်အကြေးတွေ စွန့်ပစ်လို့စိတ်မဆိုးရှာဘူးဆိုတဲ့ ထုံးနှလုံးမူလို့ ခန္တီစ သည်းခံကြောင်းပါဗျာ။

သို့သော်ငြား နောက်ပိုင်းမှာ သူတို့ကလေးတွေကပါ လူကြီးတွေရဲ့ သွန်သင်ဆုံးမ လမ်းပြမှုကို တစ်သဝေမတိမ်း လိုက်နာကျင့်သုံးပြီး အိမ်ရှေ့ပါမချန် အမှိုက်တွေပစ်ချပြန်တော့ အနာဂတ် မြန်မာ့လူ့အသိုက်အဝန်းအတွက် စိတ်ပူစရာဖြစ်ရတာပေါ့။

ကျွန်တော်တို့ လူ့အသိုက်အဝန်းက လောကသားတွေဟာ ရောဂါကပ်ဘေးဆိုးကြီးတွေ ကူးစက်ခံရမှာကို ကြောက်လန့်ကြပေမယ့် ဘိုးစဉ်ဘောင်ဆက် ရှေးရှေးက မကောင်းတဲ့အပြုအမူ အကျင့်ဓလေ့စရိုက်တွေ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ကူးစက်ခံနေကြရတာ ပစ္စက္ခအထိ သတိမပြုမိကြသေးပါဘူး။

ဆိုခဲ့ပါ ဓလေ့စရိုက်ဆိုး ကူးစက်ရောဂါကိုတော့ ပုဗ္ဗာစရိယ မိနဲ့ဖကနေ အခြေခံပညာကျောင်းများက အာစရိယအဆုံး သွန်သင်ဆုံးမ ကုစားသွားရမှာဖြစ်ကြောင်းပါ။ သက်ဆိုင်ရာ အဖွဲ့အစည်းတွေကလည်း ဟောင်ကောင်မြို့မှာလို ဒီဇိုင်းအမျိုးမျိုးနဲ့ ပုံဖော်ထားတဲ့အမှိုက်ပုံးတွေ ဝါးတစ်ရိုက်အကွာအဝေးမှာ တစ်ခုမကထားပေးထားသလို စင်ကာပူမှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူတွေကို ပြင်းထန်တဲ့ဒဏ်ငွေတွေ ရိုက်သလို ကုစားပေးသွားရမှာပါ။

မှတ်မိပါသေးတယ်။ မီဒီယာသင်တန်းတစ်ခုမှာ ကျွန်တော်တို့ရဲ့ သင်တန်းဆရာတစ်ဦးက ဥပဒေရေးရာဘာသာရပ် ပို့ချနေရင်း စင်ကာပူမှာ ကြုံခဲ့ရတဲ့သူ့အတွေ့အကြုံ ဖြစ်ရပ်တစ်ခုကို သင်ခန်းစာအဖြစ် ပြောပြခဲ့ဖူးတယ်။

စင်ကာပူမှာနေထိုင်တဲ့ သူ့မိတ်ဆွေအိမ်သွားလည်စဉ် ဂိမ်းကစားနည်း ဗီဒီယိုအခွေအသစ်တွေလို့ ဆရာက သူ့မိတ်ဆွေကို ခွင့်တောင်းပြီး ကူးလိုက်တယ်။ ဒါ့အပြင် မူလပိုင်ရှင်က သူ့မိတ်ဆွေရဲ့ သမီးဖြစ်လို့ ကျောင်းကပြန်လာမှ ထပ်ဆင့်ခွင့်တောင်းခဲ့တယ်လို့ ဆိုပါတယ်။

သို့ပေမယ့် မိတ်ဆွေရဲ့သမီး မူလတန်းကျောင်းသူလေးက "ပိုင်ရှင်မသိဘဲ ဒီလိုကူးယူတာ ခိုးတာပဲလို့" စောဒကတက်စွပ်စွဲပါတော့တယ်၊ သူ့မိဘတွေက ရယ်မောကြပေမယ့် ဆရာက "ခိုးတာမဟုတ်ပါဘူး၊ သမီးအဖေကိုခွင့်တောင်းပြီးမှ ကူးတာပါ"ဟု ဆိုပြန်လည်း "လိုချင်ရင် ဒီလိုကူးမယူရဘူး၊ သူဝယ်တဲ့ဆိုင် လိုက်ပြမယ်၊ အဲဒီမှာ ဝယ်ပါ"လို့ ဆိုပါတယ်။

ဆရာ့ရဲ့ ဆိုလိုရင်းကတော့ သူတို့နိုင်ငံမှာ ကလေးတွေက အစ copyright ဆိုတဲ့မူပိုင်ခွင့်ကို သိရှိလေးစားလိုက်နာကြတယ် ဆိုလိုရင်းပါပဲ။

ဒါ့ကြောင့် ကျွန်တော်တို့ကလေးတွေကိုလည်း ဆိုခဲ့ပါ အကျင့်ဓလေ့စရိုက်ကောင်းတွေ ငယ်စဉ်ကတည်းက ဖြစ်တည်ကိန်းဝပ်လာစေအောင် လေ့ကျင့် ပျိုးထောင်ပေးကြရမှာ ဖြစ်ကြောင်းပါ။

မြန်မာ့လူ့ဘောင်အနာဂတ်အတွက် အားတက်စရာ တစ်ခုကတော့ ယခုရက်ပိုင်းအတွင်း နေပြည်တော်မှာ ကျင်းပခဲ့တဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)မှာ "ပညာသင်ကြားခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ တာဝန်ယူပြီး တာဝန်ခံဆောင်ရွက်တတ်တဲ့ အလေ့အကျင့်၊ ဆက်စပ်စဉ်းစားတွေးခေါ်တီထွင်ကြံဆတတ်တဲ့ အရည်အချင်း၊ အသင်းအဖွဲ့နဲ့အတူ ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်ဓာတ်တွေနဲ့ လူသားကောင်းများ ပြုစုပျိုးထောင်နိုင်ဖို့ဖြစ်ပါတယ်" စသဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ကြားသွားခဲ့တဲ့ မိန့်ခွန်းပါ လမ်းညွှန်ချက်တွေပဲဖြစ်ပါတယ်။

သို့ဆိုလျှင် ကျွန်တော်ထင်ပါတယ်။ လာမယ့် ငါးနှစ်ကျော်၊ ဆယ်နှစ်ခန့်မှာ ဆိုခဲ့ပါအတိုင်း ပြုစုပျိုးထောင်မှုနဲ့အတူ ပေါ်ထွက်လာမယ့် ကလေးတွေက ကျွန်တော်အပါအဝင် ရှေ့ကမျိုးဆက်ဟောင်းကြီးတွေ အမှိုက်ကို စည်းကမ်းမဲ့ တွေ့ကရာ ပစ်နေကြတာမြင်ရင် "အမှိုက်ကို လမ်းပေါ်မပစ်ရဘူး၊ အမှိုက်ပုံးထဲ ထည့်ပေါ့" ဆိုတဲ့ သက်ငယ်စကားသက်ကြီးကြားရလေမလားလို့ ထင်မြင်ယူဆမိကြောင်းပါဗျာ။ ။

# ရန်ကုန်ဒီဇင်ဘာနံနက်ခင်းနှင့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးမြင်ကွင်းများ

နိုဝင်ဘာလအတွင်းက တိုင်းဒေသကြီးအချို့နှင့် ပြည်နယ်အချို့တွင် အအေးဓာတ်များ သိသိသာသာပိုကဲလာ၍ ဆောင်းဝင်ပြီဟု ဆိုကြသော်လည်း ရန်ကုန်တိုင်းဒေသကြီး၌မူ အပူဓာတ်မကုန်နိုင်သေးပေ၊ နံနက်လင်းသည်နှင့် အပူဓာတ်အငွေ့အသက်များကို ခံစားနေခဲ့ကြရသည်။

သို့သော် ဒီဇင်ဘာ ပထမပတ်အတွင်းမှ အပူဓာတ်စတင်ကာ ဆောင်းအငွေ့အသက်လေးများကို ရန်ကုန်သူ၊ ရန်ကုန်သားများ တွေ့ထိခံစားလာကြရပြီကို သတိထားမိလာသည်။ ကိုယ်လက်လှုပ်ရှားအားကစားသူများကို ယခင်ကထက် ပိုမိုများပြားစွာ တွေ့မြင်လာရသည်။

ရန်ကုန်မြို့တွင် ရှည်လျားသည့် တစ်ခုတည်းသာရှိသော ကမ်းနားလမ်းပန်းခြံကို မကြာမီက တည်ဆောက်ပေးခဲ့သည်။ ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်ကမ်းနံဘေးမှ ဆိပ်ကမ်းသာပန်းခြံ(၂)ဖြစ်သည်။ ပန်းခြံအတွင်း၌ မြစ်ပြင်ကိုဖြတ်သန်းတိုက်ခတ်လာသော ဆောင်းလေတစ်ချက်အဝှေ့တွင် ချမ်းစိမ့်စိမ့်ဖြင့် အအေးကြိုက်သူတို့အတွက် ကောင်းမွန်သော ရာသီဥတုအနေအထားဖြစ်သည်။

အထူးသဖြင့် လှိုင်မြစ်ကမ်းအနီးနှင့် ကျယ်ဝန်းသောလွင်ပြင်၊ ပန်းခြံကျယ်များတွင် ဆောင်းနှင်းငွေ့လေးများကို မပီဝိုးတဝါးတွေ့မြင်လာရပြီဖြစ်သည်။

ကျန်းမာရေးအတွက် ဆေးတစ်ခွက်ဖြစ်သည့် ကိုယ်လက်လှုပ်ရှားအားကစားကြသူများကို တစ်ဦးချင်း၊ တစ်မိသားစု ချင်း၊ အဖွဲ့လိုက်ဖြင့် များပြားစွာ မြင်တွေ့နေရသည်မှာ မြို့နေလူအများ ကျန်းမာရေးအပေါ် ပိုမိုဂရုပြုလာကြသည်ဟု ဆိုရမည်ဖြစ်သည်။

လူတစ်ဦးအတွက် ကျန်းမာရေးသည် မည်သည့်အရာနှင့်မျှ မလဲနိုင်သောလာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ကျန်းမာရေးချို့ယွင်းလာပါက ၎င်းနှင့်ဆက်နွှယ်သော ခန္ဓာတစ်ခုခုသည်လည်း အကျိုးဆက်အဖြစ် နာကျင်ကိုက်ခဲ့ခြင်း ဝေဒနာကိုခံစားရသည်မှာ ကိုယ်တွေ့ဖြစ်သည်။

ထို့ကြောင့် ကျန်းမာရေးအတွက် ရောဂါဖြစ်မှ ကုသခြင်းထက် မဖြစ်မီက ကြိုတင်ကာကွယ်ခြင်းသည် အစစအရာရာ ပိုပြီး ကောင်းမွန်သည်ဟု ဆရာဝန်ကြီးများက ဆိုသည်။

ကျန်းမာရေးအတွက် ငွေကုန်ကြေးကျမရှိသော လမ်းလျှောက်ခြင်းကို ပို၍အလေးထား အားပေးခဲ့ကြသည်။ လမ်းလျှောက်ခြင်း၏ အကျိုးအာနိသင်ကို အမျိုးမျိုးအထွေထွေ ဟောပြောကြ၊ ရေးသားကြ၊ တီဗွီဖန်သားပြင်မှ ပညာပေးကဏ္ဍများဖြင့် စုံလင်စွာပြသခဲ့ကြသည်။

သို့သော်လည်း ရန်ကုန်သူ ရန်ကုန်သားများအဖို့ နေရာသည် အလွန်ကျဉ်းမြောင်းလှသည်။ များပြားလှစွာသော ကားများကြောင့် လမ်းလျှောက်ရသည်မှာ နောက်ကျောမလုံသကဲ့သို့ ရှေ့တူရူမှ အရှိန်ပြင်းစွာမောင်းနှင်လာသော ယာဉ်များကိုလည်း များစွာသတိထားရသော မြို့ကြီးဖြစ်သည်။

ယခုနောက်ပိုင်း ပန်းခြံများကို ဝင်ကြေးအခမဲ့အဖြစ် သတ်မှတ်လိုက်ခြင်းက မြို့တော်စည်ပင်သာယာရေးကော်မတီကို ကျေးဇူးတင်ရမည်ဖြစ်သည်။ ပန်းခြံအတွင်း လျှောက်လမ်းတစ်လျှောက် ဖြည်းဖြည်းမှန်မှန် အပြေးလေ့ကျင့်နိုင်သကဲ့သို့

*အချုပ်ပို(ဃ)သို့*



တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-တင်မောင်ဦး(အလုံ)



တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်



မင်းသော်

# ဈေးလျှော့လာသည့် ကားများသာ အရောင်းအဝယ်ပုံမှန်ဖြစ်နေသော ရန်ကုန်ကားဈေးကွက်

ဒီဇင်ဘာလဆန်းမှစတင်၍ ဈေးလျှော့လာသည့် မော်တော်ကားအများစု အရောင်းအဝယ်ဖြစ်လျက်ရှိသည်ကို မြင်တွေ့ရသည်။ မော်တော်ယာဉ်လက်ဝယ်ထားရှိသူ အများစုသည် ဈေးနှုန်းမြင့်မားခြင်းကြောင့် ပုံမှန်ပေါက်ဈေးထက် လျှော့ချရောင်းဝယ်ရန် တင်းခံနေကြသော်လည်း ယခုလဆန်းပိုင်းမှစတင်ပြီး ဝယ်သူစိတ်ကြိုက် လျှော့ဈေးများဖြင့် စတင်ရောင်းဝယ်နေကြသဖြင့် ရန်ကုန်မော်တော်ကားအရောင်းအဝယ် ဈေးကွက်မှာ ပြန်လည်အားကောင်းစပြုနေကြောင်း သိရသည်။

အများစုသည် ငွေလုံးငွေရင်းများသည့် ကားဝယ်ယူရောင်းချသည့် လုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြပြီး လက်ထဲတွင် တက်ဈေးဖြင့် ဝယ်ယူထားသည့် မော်တော်ကားများအား အမြတ်အစွန်းမရှိသလောက် အခြေအနေကြောင့် အရောင်းအဝယ်မှာ အောက်တိုဘာလနှင့် နိုဝင်ဘာလနှစ်လလုံးတွင် အားအတော် နည်းလာခဲ့သည်။ ယခုနှစ်ကုန်လာမည့်နှစ်ဆန်းမှ စတင်ကာ မူဝါဒအသစ်ဖြင့် ဘယ်မောင်း မော်တော်ကားများကိုသာ တင်သွင်းကြရတော့မည်ဖြစ်ရာ ယင်းအခြေအနေတွင် သုံးစွဲသူအကြိုက်ကို မှန်းဆရန် ခက်ခဲခြင်းကြောင့် မော်တော်ကားများ လက်ဝယ်ကိုင်ဆောင်ကာ ဈေးအမြင့်ဖြင့် စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

"ကားတွေကို ဆက်ပြီး ကိုင်ထားဖို့က တော်တော်ကို အရင်းအနှီးများလာတယ်။ အဝယ်က မရှိသလောက် ဖြစ်နေတယ်။ ဈေးကလည်း မကျဘူးဆိုတော့ ကျွန်တော်တို့မှာ လုပ်ရကိုင်ရတာ အခက်အခဲတွေ များလာတယ်။ ဒါကြောင့် နောက်ပိုင်းမှာ ငွေမအိပ်နိုင်တဲ့ ကုန်သည်အများစုက လက်ထဲမှာကိုင်ထားတဲ့ မော်တော်ကားတွေကို အမြတ်အစွန်းနည်းနည်းနဲ့ ထုတ်ကြတော့တယ်။ ဒီလို ထုတ်ကြတော့မှပဲ ကားဝိုင်းတွေထဲမှာ အရောင်းအဝယ် ပိုဖြစ်လာတယ်။ ပေါက်ဈေးအတိုင်းတော့ ရောင်းချရတာ ရှားပါတယ်။ အများစုက ပေါက်ဈေးထက် နိမ့်တဲ့ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတာမို့ ဒီရက်ပိုင်းဝန်းကျင်မှာ သင့်တော်တဲ့ဈေးနဲ့ ကားဝယ်မယ့်သူတွေ အဆင်ပြေပြေရရှိနိုင်တယ်"ဟု ကားလုပ်ငန်းလုပ်ကိုင်သူ ကိုကျော်ဇေယျာထွန်းက ပြောပြသည်။

ယခုရက်ပိုင်းအတွင်း ငွေကျပ် သိန်း ၂၀၀မှ သိန်း ၄၀၀အကြား မော်တော်ကားများ အရောင်းအဝယ် များလာပြီး ပွင့်လင်းရာသီဖြစ်၍ ခရီးလမ်းသာသည့်အပြင် ဈေးနှုန်းများလည်း လျှော့ချရောင်းချနေသည့် မော်တော်ကားများ ဈေးကွက်တွင် များလာသောကြောင့် နယ်ဝယ်လက်များလည်း ပိုမိုမြင်တွေ့ရကြောင်း သိရသည်။ ထို့အပြင် နယ်ကြိုက်ကားများဖြစ်သည့် နံပါတ်ဟောင်းများနှင့် အကြမ်းခံကိုယ်ထည်များလည်း အဝယ်များလာကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ နယ်ဝယ်လက် အများစုမှာလည်း ယခင်ကကဲ့သို့ ရန်ကုန်လိုင်စင် အမေးများခြင်းထက် နယ်လိုင်စင်များက ဈေးပိုသက်သာခြင်းကြောင့် နယ်လိုင်စင်များသီးသန့် ရွေးချယ်ဝယ်ယူလာသည်ကိုလည်း မြင်တွေ့ရသည်။

စလစ်ဈေးနှုန်းများတွင်လည်း အရောင်းအဝယ် ပြီးခဲ့သည့်လနှင့် နှိုင်းယှဉ်ပါက ၆၀ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းနေသည်ဟု ကားလောကကျွမ်းကျင်သူများထံမှ သိရသည်။ လက်ရှိစလစ်ဈေးကွက်တွင် စတိနံပါတ်များ အရောင်းအဝယ်မရှိသလောက်ဖြစ်ပြီး ဈေးနှုန်းမှာလည်း စွာသောကြောင့် အောက်နံပါတ်များနှင့် အကြမ်းခံကားများကို ရွေးချယ်ကြကြောင်းသိရသည်။ စလစ်ဈေးနှုန်းများသည် ပြီးခဲ့သည့် သီတင်းပတ်ကသက်တမ်း ၂၀ လူစီးစလစ်သည် ငွေကျပ် သိန်း ၁၃၀ ဝန်းကျင်ရှိရာမှ ယခုအပတ်တွင် ငွေကျပ် ၁၂၃ သိန်းဝန်းကျင်အထိ ကျဆင်းလာသည်ကို မြင်တွေ့ရသည်။ ထို့ကြောင့် စလစ်ဝယ်ယူလိုသူများအတွက် ယခုသီတင်းပတ်သည် သင့်တော်သည့် ဈေးဖြင့် ဝယ်ယူနိုင်ကြပြီး လာမည့် သီတင်းပတ်အတွင်း ငွေကျပ် သိန်း ၁၂၀ အောက်ရောက်လိမ့်မည်ဟု ကျွမ်းကျင်သူအချို့က ခန့်မှန်းကြသည်။

ဘယ်မောင်းမူဝါဒသစ်ကို လာမည့် ၂၀၁၈ ခုနှစ် မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒအဖြစ် သတ်မှတ်ထားသည်ဖြစ်ရာ ဂျပန် ညာမောင်းမော်တော်ကားဈေးကွက်မှာ ခန့်မှန်းရခက်နေဆဲ အနေအထားဖြစ်ကြောင်း ကျွမ်းကျင်သူများက ဆိုသည်။ ဂျပန်ညာမောင်းကားများ ဝယ်ယူချင်သည့် စားသုံးသူများအတွက် ဈေးနှုန်းများ အဆမတန်ပေးကာ ဝယ်ယူကြလိမ့်မည်ဟု ခန့်မှန်းကြသော်လည်း အချို့ကမူ ဘယ်မောင်းကားများကိုသာ ပိုမိုဝယ်ယူနိုင်ရန် ပြင်ဆင်ကြမည်ဟု သုံးသပ်ကြသည်။ သို့သော် ဘယ်မောင်း မော်တော်ကားများ တင်သွင်းကြသည့်အခါ မော်တော်ယာဉ် သတ်မှတ်ခုနှစ်ကြောင့် ကားဈေးနှုန်းများ ကျဆင်းရိပ်မရှိနိုင်ဘဲ ဘယ်မောင်းကားများ ဈေးနှုန်းမြင့်မားသည့်အလျောက် လက်ကျန် ညာမောင်းများလည်း ၂၀၁၈ခုနှစ် တစ်နှစ်တာလုံးအထိုက်အလျောက် ဈေးကွက်ရရှိနေဦးမည်ဖြစ်သည်။ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ မူဝါဒများအရလည်း အခွန်အခနှုန်းထား ပြင်ဆင်သတ်မှတ်ခြင်း မပြုသေးသည့်အတွက် သာမန်လူတန်းစားတို့ မော်တော်ကားပိုင်ဆိုင်နိုင်မည့် အရေးမှာ ပို၍ဝေးသွားနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

လက်ရှိအချိန်တွင် ငွေကျပ် သိန်း ၄၀၀ ဝန်းကျင်ဖြင့် မော်တော်ကားဝယ်ယူလိုသည့်သူအများစုမှာ ညာမောင်းကားများထက် အသစ်တင်သွင်းမည့် ဘယ်မောင်း ကားများကိုသာ စိတ်ဝင်စားလာကြပြီး ဖရီးပါမစ်ဖြင့် တင်သွင်းရန်အတွက် အားခဲနေကြသည်ကိုလည်း မြင်တွေ့ရသည်။ သို့သော် ငွေကျပ် သိန်း ၁၅၀မှ ၃၀၀ အကြား အသုံးပြုလိုသူအများစုအတွက်မူ ညာမောင်းကားများကိုသာ အားထားနေရဆဲ အခြေအနေပင်ဖြစ်သည်။ ရန်ကုန်လိုင်စင် မော်တော်ကားများ ပိုမိုအရောင်းအဝယ်ဖြစ်သော်လည်း အများစုမှာ စိတ်ကြိုက်ဝယ်စီးသူထက် အရောင်းအဝယ်သမားများ အချင်းချင်း လက်ပြောင်းယူခြင်းသာ များပြားကြောင်း သိရသည်။

တစ်ဦးချင်း ပါမစ်လျှောက်ထားခြင်းဖြင့် မော်တော် ကားတင်သွင်းမှုကို ဒီဇင်ဘာ ၁၅ ရက်အထိ သတ်မှတ်ထားသော်လည်း စလစ်ဈေးများမှာ ယခုအချိန်အထိ ပြန်လည်တိုးတက်မလာဘဲ ငြိမ်သက်သွားခြင်းကြောင့် ပါမစ်လျှောက်ခွင့် ပိတ်ပြီးသည့် ဒီဇင်ဘာ ၁၅ ရက်ကျော်လွန်ပါက ပိုမိုကျဆင်းသွားဖွယ်ရှိသည်ဟုလည်း ဈေးကွက်အတွင်းမှ သိရှိရသည်။

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့်ဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2010 | ယာယီ | 4800cc | အပြင်ဈေး | ၁၉၅၀ |
| Honda CR-V | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၆၀၀ |
| Kluger | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၇၀ |
| Belta | 2012 | နယ် | 1300cc | အပြင်ဈေး | ၂၁၀ |
| Wish | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၃၆၀ |
| Alphard | 2005 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၄၈ |
| Swift | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၉ |
| Vitz | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၆ |
| Partner | 2010 | မန်း | 1500cc | အပြင်ဈေး | ၁၈၅ |
| Honda Fit | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၂၈ |

* ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။



***အချပ်ပို(ဂ)မှ***

ပန်းခြံ မြက်ခင်းပြင်ဝယ် ကိုယ်လက်လှုပ်ရှားအားကစားများ ကိုလည်း စိတ်လက်ပေါ့ပါးစွာ ပြုလုပ်လာနိုင်ကြပြီ ဖြစ်သည်။

ထို့ကြောင့် ပန်းခြံကြီးများတွင် ကိုယ်လက်လှုပ်ရှားအားကစားပစ္စည်းမျိုးစုံကို ထည့်ပေးထားခြင်းဖြစ်ရာ မြို့နေပြည်သူများ၏ ကျန်းမာရေးကဏ္ဍကို တစ်ထောင့်တစ်နေရာမှ အားဖြည့်ပံ့ပိုးပေးနေခြင်းဟု အသိအမှတ်ပြုရမည်ဖြစ်သည်။

ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံသည်ကျယ်ဝန်းသည်နှင့်အမျှ တိုက်ပေါ်နေပြည်သူများအတွက် နံနက်ခင်းကျန်းမာရေးလှုပ်ရှားရာ လေကောင်းလေသန့် ရရှိစေရာ ဥယျာဉ်ကြီးဖြစ်သည်။ လူမျိုးစုံ၊ ဘာသာစုံ၊ ဖြူနီဝါပြာစိမ်း စသည့် အားကစားဝတ်စုံများဖြင့် အဖွဲ့လိုက် သံစဉ်အတိုင်း နွဲ့နွဲ့နှောင်းနှောင်း ကကွက်ဖော်လှုပ်ရှားနေသည့် မြင်ကွင်းကလည်း ဘေးမှရပ်ကြည့်သူတစ်ဦး အနေဖြင့် မိမိကိုယ်တိုင်ပါဝင် လှုပ်ရှားချင်သည့် စိတ်ကို ဖြစ်ပေါ်စေခဲ့သည်။

ပြည်လမ်းဘက်အခြမ်း ပြည်သူ့ဥယျာဉ်ရှေ့၌ နံနက် အရုဏ်တက်ကပင် ကျန်းမာရေးလိုက်စားသူများ၏ ပုံရိပ်ကို ရွှေတိဂုံစေတီတော်သို့ ပူဇော်ထားသော မီးရောင်မှဖြာကျနေသည့် အလင်းကြောင့် မြင်တွေ့နိုင်မည် ဖြစ်သည်။

မင်္ဂလာရှိသော နံနက်ခင်းမှာပင် ဆံတော်ရှင် ရွှေတိဂုံစေတီတော်အား ဖူးမြော်၍ စိတ်ကြည်လင်ရွှင်လန်းစွာ ကိုယ်လက် လှုပ်ရှားနေသူများ၏ မြင်ကွင်းကလည်း ကုသိုလ်တရားနှင့် ယှဉ်၍ရသော ကျန်းမာရေးလာဘ်ကြီး တစ်ခုပင်ဖြစ်သည်။

ထို့အတူ ပန်းခြံတစ်ခု၏ ရုပ်အင်္ဂါရပ်နှင့်အညီ ပြန်လည်ပြုပြင် တည်ဆောက်ပေးခဲ့သော သခင်မြပန်းခြံအတွင်း၌ နံနက်ခင်း အလင်းခါတ်ဖြင့် လှုပ်လှုပ်ရှားရှား အားကစား တစ်ရပ်စီဖြင့် မြင်တွေ့နိုင်သည့်နည်းတူ အခြားအခြားသော ပန်းခြံအသီးသီး၌လည်း ဒီဇင်ဘာနံနက်ခင်းနှင့် ကိုယ်လက် လှုပ်ရှားကျန်းမာရေးမြင်ကွင်းများကို အသီးသီးမြင်တွေ့နိုင်ရန် "စောစောအိပ်လို့ စောစောထလို့ စောစော လမ်းလျှောက်ကြပါစို့" ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။